ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေသည်။

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ (6-2-2013) (၇၃၈၈)

ထူးခြားသည့် ညအပူချိန်များ

၅-၂-၂၀၁၃

လွိုင်လင်	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၄ ဒီဂရီစင်တီဂရိတ်
ဟားခါး	၄ ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ စီးပွားရေးဖက်ဒရေးရှင်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီခွဲတွင် ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် KEIDENREN (Japan Business Federation)ဥက္ကဋ္ဌ Mr. Hiromasa YONEKURA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းသုံး မြွေစက်ရုပ်များကို အိန္ဒိယသိပ္ပံပညာရှင်များ တီထွင်

နယူးဒေလီ ဖေဖော်ဝါရီ ၅

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်မည့် မြွေစက်ရုပ်များကို အိန္ဒိယသိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ထားပြီဖြစ်သည်။

မြေငလျင်လှုပ်မှုကြောင့် ပြိုကျခဲ့ရသော အဆောက်အအုံပျက်များအတွင်း မြွေစက်ရုပ်များ သွားလာကာ ပိတ်မိနေသူများရှိနေသော နေရာများကို ကယ်ဆယ်ရေး ဝန်ထမ်းများအား ညွှန်ပြပေးနိုင်မည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားကြသည်။

အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အောက်ရှိ စက်ရုပ်နည်းပညာဌာနမှ သိပ္ပံပညာရှင်များသည်

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻

ဘာသာပြန် သတင်းလုလင်



သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော မြွေစက်ရုပ်ကို တွေ့ရစဉ်။

သာသနာရေးဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၄/၂၀၁၃)

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဆန်းဆင့်အား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၅/၂၀၁၃)

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁၂)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးသန်းထွန်းအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၆/၂၀၁၃)

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးအောင်ထူး	စွမ်းအင်ဝန်ကြီးဌာန
(၂) ဦးသန်းထွန်းအောင်	သတ္တုတွင်းဝန်ကြီးဌာန
(၃) ဒေါ်ဝင်းမော်ထွန်း	အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
(၄) ဒေါက်တာဇော်မင်းအောင်	သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
(၅) ဒေါက်တာတင်ရွှေ	ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အေးမြသည့်ရာသီတွင် ရွှေရန့်ဒက်ကြေလိမ်းဆေးကို လိမ်းပေးခြင်းဖြင့် ထုံကျဉ်ကိုက်ခဲ၊ ညောင်းညာခြင်းကို သက်သာပျောက်ကင်းစေပါသည်။

ရွှေရန့် အကြောပြေ ဒက်ကြေလိမ်းဆေး

ဒက်ကြေလိမ်းဆေး၏ ထူးခြားချက်

ရွှေရန့်လိမ်းဆေးသည် စိတ်ကိုတက်ကြွလန်းဆန်းစေပြီး
ပရုတ်ဆီရနံ့နှင့်စိတ်အာရုံကိုကြည်လင်စေမည့် သင်းပျံ့သော
ရနံ့တို့ပါရှိသောကြောင့် ရနံ့နှစ်မျိုးကိုခံစားရမည့်လိမ်းဆေးဖြစ်ပါသည်။

ကြေးမုံစာတည်းရှေထောင့် ၆-၂-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

လယ်ယာစီးပွား ဒို့အားထား

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူတို့သည် ကျေးလက်တွင် နေထိုင်ကြပြီး အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်လုပ်ကိုင်ကြသည်။

အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံပြီးလျှင် မြေဧရိယာ ဒုတိယအကျယ်ဆုံးနိုင်ငံဖြစ်သည်။ ကျယ်ပြန့်သော မြေဧရိယာများတွင် စိုက်ပျိုးမြေများရှိသလို မြေလွတ်မြေရိုင်းများလည်း အမြောက်အမြားရှိသည်။

၁၈၃၀ ခုနှစ်က စိုက်ဧက ခြောက်သန်းရှိပြီးနောက် စပါးအထွက် တန်ချိန် လေးသိန်းခန့် ထွက်ရှိသည်။ ၁၉၃၆ ခုနှစ်တွင် စိုက်ဧက ၁၂ သန်းရှိလာပြီးနောက် စပါးအထွက် တန်ချိန် ၁ ဒသမ ၃ သန်းခန့်အထိ ထွက်ရှိလာသည်။ ၁၉၈၈ ခုနှစ်တွင် စိုက်ဧက ၂၃ သန်းကျော်ရှိရာမှ ယခုအခါတွင် စိုက်ဧက သန်း ၆၀ ခန့်ရှိပြီး လာမည့်ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ထွက်ပစ္စည်း တန်ချိန် ၁ ဒသမ ၂ သန်းအထိ တင်ပို့နိုင်အောင် မျှော်မှန်းထားသည်ဟု သိရှိရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ စပါးအထွက်သမိုင်းကို သုံးသပ်ကြည့်လျှင် စိုက်ဧကနည်းချိန်က အထွက်ပမာဏများသော်လည်း စိုက်ဧကများချိန်တွင် အထွက်ပမာဏမှာ ယခင်ထက်ကွာဟနေသေးသဖြင့် လုပ်နည်းလုပ်ဟန်ပြောင်းလဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ဧကနည်းစဉ်က အထွက်နှုန်းများရခြင်းအကြောင်းမှာ ထိုစဉ်က မြေဆီသြဇာကောင်းခြင်းနှင့် လုပ်သားအင်အား ဖြည့်တင်းပေးနိုင်မှုများခြင်းတို့ကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားများ ဝင်ရောက်နိုင်စေရန် ဆွဲဆောင်မှုအမျိုးမျိုးပြုလုပ်ခဲ့သည်။ ထိုစဉ်က ပြောင်းရွှေ့ဝင်ရောက်လာသည့် လုပ်သားများက သူရင်းငှားအဖြစ် တစ်နှစ်၊ နှစ်နှစ် လုပ်ကိုင်ကြပြီး ကိုယ်ပိုင်မြေယာများ ဝယ်ယူနိုင်သည့်အခြေအနေသို့ ရောက်ခဲ့သည်။

အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် သမဝါယမအသင်းများ၊ နိုင်ငံခြားဘဏ်များနှင့် ပုဂ္ဂလိက ငွေချေးသူများထံမှ ချေးယူနိုင်ကြသည်။ ထိုစဉ်က စိုက်ပျိုးရေးတိုးတက်မှု၏ အကျိုးဆက်တစ်ရပ်မှာ ကိုယ်ပိုင်မြေဖြင့် စိုက်ပျိုးသူ၊ မြေငှားစိုက်ပျိုးသူနှင့် လယ်သူရင်းငှားအများစုမှာ ကြွေးမြီတင်ရှိခြင်းသာ အဖတ်တင်ပြီး တစ်ဖက်တွင်မူ လယ်ယာပို့ကုန်များ တိုးတက်လာပေရာ လုပ်အားအမြတ်ထုတ်မှုနှင့် နိုင်ငံခြားသားအကျိုးဖြစ်ထွန်းမှုတို့ကို သမိုင်းသင်ခန်းစာ အဖြစ်ယူရမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ မြေသယံဇာတကြွယ်ဝပြီး ရာသီဥတုသင့်တင့်မျှတမှုရှိသော်လည်း စိုက်ပျိုးမြေကို ကောင်းစွာအသုံးမချနိုင်သဖြင့် အထွက်နှုန်းနည်းပါးနေခြင်းသာဖြစ်သည်။ စိုက်ပျိုးသူ မြန်မာတောင်သူများ၏ အလေ့အထမှာ စိုက်ပျိုးမြေတွင် မြေဆီလွှာ ကုန်ခမ်းသွားပါက မြေယာပြန်လည်ပြုခြင်းထက် ပြောင်းရွှေ့စိုက်ပျိုးသည့် ဓလေ့ရှိသဖြင့် အဟောသိကံဖြစ်ရ၏။ ယခုအခါ နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် လယ်ယာမြေဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ပြီဖြစ်ရာ အားသွန်ခွန်စိုက်ကြိုးပမ်းကြဖို့သာဖြစ်သည်။

စိုက်ပျိုးထုတ်ကုန် မြင့်မားစေရန် မြေလည်းရှိ၊ ရေလည်းရှိ၍ လုပ်လျှင် လုပ်သလောက် ရရှိနိုင်ပါသည်။ သို့သော် ကုန်ထုတ်လုပ်မှုစရိတ် မြင့်မားခြင်း၊ ထုတ်ကုန်တန်ဖိုးကျဆင်းခြင်းတို့ကြောင့် လယ်ယာမြေများကို ပစ်ပယ်ကြပြီး တွက်ချေမကိုက်၍ စပါးမစိုက်၊ စပါးမစိုက်၍ ထုတ်လုပ်မှုကျဆင်းရခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် လယ်ယာထွက်ကုန်တိုးတက်လာစေရန်အတွက် ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုအပေါ် နိုင်ငံတော်၏ ပံ့ပိုးပေးမှု၊ ခေတ်မီနည်းပညာ၊ ခေတ်မီပူးပေါင်းဆောင်ရွက်မှုများဖြင့် ပြန်လည်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

လယ်ယာထွက်ကုန် တွက်ချေမကိုက်သဖြင့် လယ်ယာမြေကို ပစ်ပယ်ခြင်းသည် လယ်မြေတန်ဖိုးကို ကျဆင်းစေပါသည်။ ယခုအခါ နိုင်ငံတော်က လယ်ယာမြေပိုင်ဆိုင်ခွင့်များ ပြုလုပ်ပေးလျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍတိုးချဲ့ရန် ဘဏ်ချေးငွေများကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

မိမိတို့၏ လယ်မြေများကိုပြုပြင်ပြီး လယ်ယာမြေတန်ဖိုးကို မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။လယ်ယာမြေများ မူလမြေတန်ဖိုးထက် မြင့်တက်ကာ မိမိတို့၏ လယ်ယာမြေကို မြတ်နိုးသောစိတ်များ တိုးပွားလာလျှင် လယ်ယာထွက်ကုန်များလည်း တိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ။

ဝမ်းတွင်းမြို့နယ်အတွင်း စက်ရက်ကန်းစင် ၁၀၀၀၀ ခန့်ဖြင့် တစ်နှစ်လျှင် အထည်ပေါင်း ၂၀ ဒသမ ၄ သန်းကျော် ထုတ်လုပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မန္တလေးတိုင်းဒေသကြီး စိမ်ကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ ဝမ်းတွင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဝမ်းတွင်းမြို့ မြို့နယ်ခန်းမ၌ကျင်းပသော စက်ရက်ကန်းလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ လယ်သမားများ၊ သမဝါယမအသင်းအမှုဆောင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဝမ်းတွင်းမြို့နယ်အတွင်း စက်ရက်ကန်းလုပ်ငန်းရှင် ၄၇၀ ကျော်၊ စက်ရက်ကန်းစင် ၁၀၀၀၀ ခန့်နှင့် လုပ်သားဦးရေ ၃၀၀၀၀ ကျော်တို့ဖြင့် ရက်ကန်းလုပ်ငန်းအား တစ်မြို့နယ်လုံးတွင် တစ်နှစ်ထုတ်လုပ်သည့် အထည်ပေါင်း ၂၀ ဒသမ ၄ သန်းကျော် ထုတ်လုပ်ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ ဝမ်းတွင်းမြို့နယ်ရှိ စက်ချုပ်လုပ်ငန်းနှင့် ရက်ကန်းလုပ်ငန်းများ ပိုမိုရှင်သန်ဖွံ့ဖြိုးရေးအတွက် အရင်းအနှီးလိုအပ်ချက်၊ ကုန်ကြမ်းလိုအပ်ချက်၊ ဈေးကွက်ကျယ်ပြန့်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားအင်အား လိုအပ်ချက်၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များအပေါ် ကာယကံရှင်များနှင့် တွေ့ဆုံ အဖြေရှာရန် ယခုကဲ့သို့ လာရောက်တွေ့ဆုံရခြင်း ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်နှင့် ရွှေဥရက်ကန်းလုပ်ငန်းရှင် ဦးသိန်းအောင်တို့က ငွေကြေးအရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်၊ လျှပ်စစ်စွမ်းအား ပြည့်ဝစွာ ရရှိနိုင်ရေး၊ ခေတ်မီစက်ကိရိယာများနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ လက်ရှိဈေးကွက်စီးပွားရေး အခြေအနေတို့ကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သမဝါယမဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းရှင်များ လိုအပ်လျက်ရှိသော ငွေကြေးအရင်းအနှီးများကို စက်ရက်ကန်းလုပ်ငန်းသမဝါယမ ဖွဲ့စည်းပြီးသည်နှင့် မူဘောင်နှင့်အညီ သမဝါယမဘဏ်မှ ငွေထုတ်ချေးပေးနိုင်အောင် ကူညီပေးမည်ဖြစ်ကြောင်း၊ အသေးစားချေးငွေအတွက်မူ လုပ်ငန်းရှင် တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ လောက်ကို သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသည့် Microfinance ဘောင်အတွင်းမှ ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ လယ်သမားများနှင့် မြို့ပြနေ အခြေခံ လူတန်းစားများအတွက်လည်း အသေးစားချေးငွေများ တိုးချဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ လုပ်ငန်းရှင်များအတွက် ကုန်ကြမ်းများ အလွယ်တကူ ဈေးမှန်၊ ပစ္စည်းမှန်ရရှိအောင် သမဝါယမဝန်ကြီးဌာန ပို့ကုန်သွင်းကုန် လုပ်ငန်းဌာနက ပူးပေါင်း ဆောင်ရွက်ပေးနိုင်ကြောင်းနှင့် ကုန်ချော ဈေးကွက်ကျယ်ပြန့်ရေးအတွက် သမဝါယမအသင်းများ ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားရှားပါးမှုအတွက် သမဝါယမဝန်ကြီးဌာန ရက်ကန်းကျောင်းများက သင်တန်းသားအရေအတွက် တိုးမြှင့်လေ့ကျင့်ပေးနိုင်အောင် စီစဉ်ဆောင်ရွက်နေကြောင်း၊ ထို့ပြင် စက်ရုံတစ်ခုချင်းအတွက် Mobile Training Team များ စေလွှတ်၍ ရက်တိုမွမ်းမံသင်တန်းများဖြင့် ဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ဝမ်းတွင်းမြို့နယ်သည် ပြည်တွင်းလိုအပ်သည့် ချည်ထည်များကို အဓိက ထုတ်လုပ်ပေးနေသည့် ကုန်ထုတ်နယ်မြေဖြစ်၍ အစဉ်အလာကောင်းအား ဆက်လက် ထိန်းသိမ်းနိုင်ရန်လိုကြောင်းနှင့် ယခုပြဋ္ဌာန်းပြီးသော FDI Law နှင့် ASEAN 2020 Vision အရ ၂၀၁၅ ခုတွင် အာဆီယံနိုင်ငံများ၏ ထုတ်ကုန်၊ အရင်းအနှီး၊ နည်းပညာစသည်တို့ကို လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုရတော့မည်ဖြစ်၍ မိမိတို့စက်မှုလုပ်ငန်းများ ခိုင်မာအောင်၊ ၎င်းတို့နှင့် ယှဉ်နိုင်အောင် ယခုကတည်းက ကြိုတင်ပြင်ဆင် တည်ဆောက်ထားကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း ယင်းကိစ္စ အလေးထားမှာကြားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့ ရက်ကန်းလုပ်ငန်းရှင် ဦးသန်းမြင့်၏ သိန်းရက်ကန်း အလုပ်ရုံ၌ ကျား၊ မလုံချည် အထည်မျိုးစုံ ထုတ်လုပ်နေမှု၊ ဆေးဆိုးပန်းရိုက် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး ပညာပေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၅

လယ်ယာသုံး စက်ကိရိယာများ အသုံးပြုမှု လက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီ ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပုတ္တာကျေးရွာအုပ်စု သစ်စုကျေးရွာ ကွင်းအမှတ် (၇၀၅) ဦးပိုင်(၂၇) တောင်သူ ဦးမြင့်ဆွေပိုင် လယ်ယာမြေ ၁၈ ဧက၌ ကျင်းပသည်။

လယ်ယာသုံး စက်ကိရိယာများ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေး၊ စက်ကြီးဖြင့် မဆောင်ရွက်နိုင်သော မြေများအား စက်ကလေးများဖြင့် လုပ်ငန်းခွင် ဆောင်ရွက်နိုင်ရေးများကို တောင်သူ ၁၅၀ ကျော်တို့အား အသိပညာပေး ဆွေးနွေးဟောပြောပြီး **(ဝဲပုံ)** စက်ကိရိယာအသုံးပြုပုံများ လက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

(၆၈၄)

UNIQUE STAR Travels & Tours . . .
(20Days/19Nights) April 9~28 (6,000,000)
(San Francisco, Los Angeles, Las Vegas, New York, Washington, Harrisburg, Corning, Niagara Fall) + Honolulu
April 9~22/9~26, 11~24/11~26 (4,500,000)
(France, Italy, Switzerland, Germany, Netherland, Belgium, Austria, Liechtenstein, Vatican) + United Kingdon
(Sydney, Blue Mountain, Mount Buller, Melbourne, Canberra) April 10~18 (3,400,000)
Every (Sat) (550,000) | Apr 12,13 (1,700,000)
Apr 11, 12 (800,000) | Apr 10,11 (1,400,000)
Apr 10,12,13 (1,200,000) | Apr 10,11,12,13 (1,300,000)
Apr 11, 13 (1,700,000) | All TG Apr 10,13 (2,000,000)
Apr 10,12 (1,700,000) | All TG Apr 9,10,13 (2,800,000)
(S). Asia Plaza. 391372. 391373. 708353. 705723. 09 514 8079. / 70/A. Kabaraye Pagoda Rd. Bahan. 09 7310 9133-44-55-66.

NM NEW MOTION Travels & Tours
Feb; 8, 22
Feb; 8, 22 | Feb; 22
Feb; 15, 22 | Feb; 22
527 922, 538 811, 09-731 48922, 09-731 48848

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံ KEIDENREN (Japan Business Federation)ဥက္ကဋ္ဌ Mr. Hiromasa YONEKURA ဦးဆောင်သောအဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်နှင့် အတွင်းရေးမှူး ဦးကြည်သာ၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဝင်းမြင့်၊ ဦးဝင်းဦး၊ ဦးဝင်းသန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mikio NUMATA လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာ၌ ဂျပန်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံ KEIDENREN (Japan Business Federation) ဥက္ကဋ္ဌအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးစီမံကိန်း စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၅

ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသသည် သဘာဝအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်တစ်ခု အဖြစ် သာမက တိုင်းရင်းသားရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများကြောင့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများတွင် အထင်ကရ ကျော်ကြားပြီး ခရီးသွားလုပ်ငန်းနေရာ ကောင်းတစ်ခုဖြစ်ကြောင်း၊ အင်းလေးကန် ရေရှည်တည်တံ့စေရေးနှင့် ပတ်ဝန်းကျင် အခြေအနေကောင်းများ တည်ထောင်သွားရန်အတွက် တာဝန်ပေးချက်အရ သစ်တောဦးစီးဌာန အနေဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် အင်းလေးအရှေ့ကြိုးဝိုင်းအတွင်း မြေဧရိယာ ၆၂၂ ဧကကို ဟိုတယ်ဇုန်အဖြစ် မြေနေရာတစ်ဆက်တစ်စပ်တည်းရရှိနိုင်ကြောင်း၊ မြေအသုံးချမှု ပဋိပက္ခများဖြစ်ပေါ်နိုင်မှုအနည်းဆုံးဖြစ်၍ အစီရင်ခံစာအရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့များဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ဦးရွက်ပြု၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကိုယ်တိုင် အကြိမ်ကြိမ်ကွင်းဆင်း၍ ဒေသခံပြည်သူများ ထိခိုက်နစ်နာမှု မရှိစေရေး အတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်း၊ ဒေသခံ

ဖြစ်ထွန်းလာစေရေး ဆောင်ရွက်လျက်ရှိရာတွင် သစ်တောဦးစီးဌာနသည် ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်၍ အင်းလေးကန် မိုင် ၂၀ ဝန်းကျင် သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး၊ အင်းလေးကန်စိမ်းလန်းစိုပြည်ရေး စီမံကိန်းများကို ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝတောထိန်းနယ်မြေများနှင့် သဘာဝနယ်မြေ (အင်းလေးကန်ဘေးမဲ့တော) စသည်ဖြင့် သစ်တောမြေများ စုဖွဲ့ကာ ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး ယနေ့ခေတ်ကာလအခြေအနေအရ အင်းလေးကန်ဒေသ၌ ဟိုတယ်များ လိုအပ်လာမှုအပေါ် ဟိုတယ်များကို နေရာအနှံ့ မဟုတ်ဘဲ၊ ဇုန်သဘောမျိုး ခွင့်ပြုဟိုတယ်လုပ်ငန်းရှင်များ အသင်းတို့နှင့်(၉-၈-၂၀၁၂)ရက်တွင် နေပြည်တော် သစ်တောဦးစီးဌာနရုံးချုပ်၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ အင်းလေးကန်ဟိုတယ်ဇုန် ဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကာ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အင်းလေးဒေသနေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အင်းလေးဒေသ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝ အမွေအနှစ်များကို လာရောက်လေ့လာသည့် ပြည်တွင်းပြည်ပ ဧည့်သည်များအား ဂုဏ်သိက္ခာရှိရှိဖြင့် ဧည့်ဝတ်ကျေပွန်ရန်အတွက် ဟိုတယ်လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်ရွယ်ချက်တောင်သူများ တောင်းဆိုသည့်အတိုင်း သီးနှံလျော်ကြေးများပေးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများထူထောင်ပေးခြင်းတို့ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်က ယနေ့နံနက် ၁၀ နာရီတွင် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်အင်းလေးဒေသဟိုတယ်ဇုန်ဖော်ထုတ်ရေးစီမံကိန်းနှင့် စပ်လျဉ်းသည့် သတင်းမီဒီယာများသို့ အသိပေးရှင်းလင်း ပွဲတွင် အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

(အပေါ်ပုံ) **(ကြေးမုံ)**

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ သတင်းမီဒီယာများနှင့် တွေ့ဆုံ မြန်မာနိုင်ငံအတွင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်မင်္ဂလာ ဟိုတယ်၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်တွင်းသတင်းမီဒီယာများမှ စာတည်းမှူးချုပ်များနှင့် သတင်းထောက်များ တက်ရောက်ကြပြီး နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ အာရှနှင့် ပစိဖိတ်ဒေသတာဝန်ခံ ညွှန်ကြားရေးမှူး Mr. Anoop Singh၊ Press Release တာဝန်ခံ Ms. Keiko Utsunomiya နှင့် အဖွဲ့ဝင်များလည်း တက်ရောက်ကြသည်။

ဖွေးဦးစွာ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ အာရှနှင့် ပစိဖိတ်ဒေသတာဝန်ခံ ညွှန်ကြားရေးမှူး Mr. Anoop Singh က နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အာရှနှင့်ပစိဖိတ်ဒေသတွင် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များနှင့် မြန်မာနိုင်ငံအတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ချိတ်ဆက်ပြီး ဘဏ္ဍာအခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ တိုးတက်ခေတ်မီရေး၊ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာများ ခေတ်မီတိုးတက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာပညာရှင်များ မွေးထုတ်ပေးရေး၊ ငွေကြေးဖောင်းပွမှု ထိန်းချုပ်ရေး၊ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားအခြေခံလိုအပ်ချက်များအား ကူညီထောက်ပံ့ပေးမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့်ပြည်တွင်းသတင်းမီဒီယာများမှ စာတည်းမှူးချုပ်များနှင့် သတင်းထောက်များ၏ မြန်မာနိုင်ငံအတွင်းဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်းသည့် မေးမြန်းမှုများကို နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



ကမ္ဘောဒီးယားဘုရင်ဟောင်း၏ အရိုးပြာများကို မဲခေါင်မြစ်အတွင်းသို့ မျှောရန် ဖောင်တော်ယာဉ်ဖြင့် သယ်ဆောင်လာစဉ်။

ကမ္ဘောဒီးယား ဘုရင်ဟောင်း၏ အရိုးပြာကို မဲခေါင်မြစ်အတွင်းသို့ မျှောသည့်အခမ်းအနား ကျင်းပ

ဖနောင်ပင် ဖေဖော်ဝါရီ ၅

ကမ္ဘောဒီးယားနိုင်ငံ၏ဘုရင်ဟောင်းနိုရိုဒွမ်သီဟာနု၏ ရုပ်ကလာပ်ကိုမီးသင်္ဂြိုဟ်ခဲ့ပြီးနောက် တစ်ရက်ကြာ ဖေဖော်ဝါရီ ၅ရက်က အရိုးပြာများကို မဲခေါင်မြစ်အတွင်းသို့မျှောသည့် အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့ရာ မြစ်ကမ်းပါး တစ်လျှောက်မှ ပြည်သူများက နောက်ဆုံးဂါရဝပြုကာ ကြည့်ရှုခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မဲခေါင်မြစ်၊ တုန်လီဆက်ရေအိုင်ကြီးနှင့် တန်လီဘက်ဆက်မြစ်တို့ဆုံရာနေရာသို့ ဖောင်တော်ယာဉ်ဖြင့် အရိုးပြာများကို အိတ်များဖြင့် ထည့်သွင်းယူဆောင်လာကာ ဘုရင့်မိသားစုဝင်များက မဲခေါင်မြစ်အတွင်းသို့ မျှောချခဲ့သည်။

မိဖုရားကြီး မိုနစ်နှင့် သားတော် လက်ရှိဘုရင် နိုရိုဒွမ် သီဟာမိုနီတို့သည် မီးသင်္ဂြိုဟ်မည့်နေရာမှ အရိုးများအား ကောက်ယူခဲ့ကြပုံကို အစောပိုင်းတွင် ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။

ဆေးကြော

မီးသင်္ဂြိုဟ်ပြီးနောက် အရိုးများကို အုန်းရည်နှင့် ဘာသာရေးအရအထွတ်အမြတ်ပြုသော တောင်တစ်လုံးမှ ရယူသည့် ရေတို့ကိုအသုံးပြုကာ ဆေးကြောခဲ့ကြောင်း၊ အရိုးများကို ဖေဖော်ဝါရီ ၇ရက်တွင် နန်းတော်သို့သယ်ဆောင်ကာ အရိုးအိုးဖြင့်ထားရှိမည်ဖြစ်ကြောင်း နန်းတွင်းအရာရှိတစ်ဦးက ပြောကြားသည်။ **ဆင်ဟွာ။**

မာလီသူပုန်စခန်းများကို ပြင်သစ်လေယာဉ်များတိုက်

ကီဒေါလ်(မာလီ) ဖေဖော်ဝါရီ ၅

သူပုန်တို့၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်ရန်ကြိုးစားသောအားဖြင့် မာလီနိုင်ငံမြောက်ပိုင်း နယ်စွန်နယ်ဖျားဒေသရှိ သူပုန်စစ်စခန်းများနှင့် သိုလှောင်ရုံများကို ပြင်သစ်စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဖေဖော်ဝါရီ ၄ရက်တွင် ပြောသည်။

သူပုန်များသည် ထောက်ပံ့ရေးပစ္စည်းများဆက်လက်မရရှိခဲ့လျှင် ကြာကြာရပ်တည်နိုင်မည် မဟုတ်ဟု ဝန်ကြီးလောရင့်ဖေဗီယပ်ခ်က ပြင်သစ်ရေဒီယိုသို့ ပြောကြားခဲ့သည်။

တောင်တန်းဒေသတွင် သူပုန်များပြန်လည်စုစည်းကြမည်ကို စိုးရိမ်ပူပန်မှုဖြစ်နေစဉ် ဂျက်လေယာဉ် အစင်း ၃၀ က တက်ဆာလစ်ပတ်ဝန်းကျင်တစ်ဝိုက်ကို **ဖေဖော်ဝါရီ ၃ရက်**တွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

လက်စားချေတိုက်ခိုက်မည်ကို ကြောက်လန့်သောကြောင့် မာလီမြောက်ပိုင်းတွင် ကုန်သည်အချို့ထွက်ပြေးကြသဖြင့် စားသောက်ကုန်နှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လျက်ရှိသည်ဟု ကူညီရေးအလုပ်သမားများက ပြောသည်။

အဆိုပါ လေကြောင်းမှတိုက်ခိုက်ခြင်းသည် သူပုန်တို့၏ စခန်းများနှင့် လောင်စာဆီ သိုလှောင်ရုံများကို ဖျက်ဆီးရန်ရည်ရွယ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ **ဘီဘီစီ။**

ဒေလီဓနသဟာယအားကစားပြိုင်ပွဲ တာဝန်ရှိသူများကို တရားစွဲပြီ

နယူးဒေလီ ဖေဖော်ဝါရီ ၅

အိန္ဒိယနိုင်ငံတရားရုံးတစ်ရုံးက ဒေလီဓနသဟာယ အားကစားပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌဟောင်း ဆူရပ်ကာလ်မာဒီနှင့် အခြားကိုးဦးကို **ဖေဖော်ဝါရီ ၄ရက်**တွင် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုလိုက်သည်။

လွန်ခဲ့သည့်နှစ်နှစ်ကျော်က အိန္ဒိယမြို့တော်၌ အားကစားပြိုင်ပွဲကျင်းပခဲ့ရာတွင် အလွဲသုံးစားမှုနှင့် ဘဏ္ဍာရေး မသမာမှုပြုလုပ်ခဲ့သည်ဟု သံသယရှိသည့်အတွက် ယင်းသို့တရားစွဲဆိုခြင်း ဖြစ်သည်။

ဆွစ်ကုမ္ပဏီတစ်ခုသို့ ကန်ထရိုက်လုပ်ငန်းတစ်ခုပေးအပ်ခဲ့သော ကိစ္စရပ်တွင် လျှို့ဝှက်ပူးပေါင်းကြံစည်မှုနှင့် အခြားရာဇဝတ်မှုများကျူးလွန်ခဲ့သည်ဟု ကာလ်မာဒီနှင့် ကိုးဦးကို စွပ်စွဲထားသည်။

ယင်းဆွစ်ကုမ္ပဏီသည် အားကစားပစ္စည်းများနှင့် ဝန်ဆောင်မှုများထောက်ပံ့ရာ၌ ဈေးနှုန်းများ အဆမတန်တင်ထားသဖြင့် အစိုးရကိုဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်ဟု အစိုးရရှေ့နေများက ပြောဆိုကြောင်း ကာလ်မာဒီ၏ ရှေ့နေ ဟီတက်ချ်ဂျိမ်းက ဝေါလ်စထရိဂျာနယ်သို့ ပြောကြားခဲ့သည်။

ကာလ်မာဒီနှင့် အပေါင်းပါများက အပြစ်မရှိကြောင်းငြင်းဆိုခဲ့ကြသည်ဟု ဂျိမ်းကပြောသည်။ အိန္ဒိယဗဟိုအစိုးရ၏ စုံစမ်းစစ်ဆေးရေးဗျူရိုဗဟိုက ထောက်လှမ်းဖော်ထုတ်ခဲ့သော ဤအမှုကို အထူးတရားရုံးဖွဲ့စည်း၍ ကြားနာခြင်းဖြစ်သည်။

စွပ်စွဲခံရသူခြောက်ဦးမှာ ဓနသဟာယ အားကစားပွဲကျင်းပရေးကော်မတီဝင်ဟောင်းများနှင့် ကျန်ပုဂ္ဂိုလ်များမှာ ဆွစ်ကုမ္ပဏီ၊ ဆောက်လုပ်ရေးကုမ္ပဏီနှစ်ခုတို့နှင့် ပတ်သက်သော ကမကထပြုသူများဖြစ်ကြသည်။ **ဘီဘီစီ။**

သူပုန်စခန်းများကို လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် ပြင်သစ်စစ်လေယာဉ်တစ်စင်း အင်ဒီဂျမီနာစခန်းသို့ ပြန်လည်ရောက်ရှိစဉ်။

ဂရိဘဏ္ဍာရေးဝန်ကြီးထံ ကျည်ဆန်တစ်တောင့်ပေးပို့

အေသင် ဖေဖော်ဝါရီ ၅

ဂရိဘဏ္ဍာရေးဝန်ကြီး ယန်နစ္စတောင်းနီးယမ်းသည်စာပို့တိုက်မှတစ်ဆင့်ပေးပို့သော စာအိတ်အတွင်းမှ ကျည်ဆန်တစ်တောင့်ကို လက်ခံရရှိခဲ့ကြောင်း သတင်းမီဒီယာများက ဖေဖော်ဝါရီ ၅ ရက်တွင် ဖော်ပြသည်။

ဂရိဘဏ္ဍာရေးဝန်ကြီး၏ ရုံးခန်းတွင် ၎င်း၏ လက်ထောက်များက စာအိတ်ကိုဖွင့်ဖောက်ရာမှ ကျည်ဆန်တစ်တောင့်ကိုတွေ့ခဲ့ရခြင်းဖြစ်ပြီး ၎င်းတို့က လုံခြုံရေး တပ်ဖွဲ့ဝင်များအား အကြောင်းကြားခဲ့သည်။ အဆိုပါ စာအိတ်တွင် ကျည်ဆန်နှင့်အတူ ခရီတန်ကျွန်းသားများ၏ တော်လှန်ရေးအဖွဲ့ဟု လက်မှတ်ရေးထိုးထားသည့် ခြိမ်းခြောက်စာတစ်စောင်လည်း ပါရှိကြောင်း မီဒီယာများက ဆိုသည်။

ခြိမ်းခြောက်

ဂရိပိုင်မြေကိုရောင်းရန်မဟုတ်ဟု အဆိုပါစာနှင့် ကျည်ဆန်ပေးပို့သူများက သတိပေးထားသည်။ ဂရိနိုင်ငံ၏ ကြွေးမြီအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် အစိုးရကခြိုးခြံချွေတာရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်တို့ကို ဆောင်ရွက်လျက်ရှိရာ မကျေနပ်သူများက ခြိမ်းခြောက်ခြင်းဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလကလည်း အာဏာရပါတီ၏ ရုံးချုပ်ကို ကလက်ရှ်နီကော့ဗ်အမျိုးအစားချေမှုန်းရေးရိုင်ဖယ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ၎င်းအပြင် ကုန်တိုက်ကြီးများ၊ နိုင်ငံရေးဆိုင်ရာအဆောက်အအုံများနှင့် သတင်းဌာနများကိုလည်း နိုင်ငံရေးလှုံ့ဆော်မှုအရ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ **ဆင်ဟွာ။**

မဟာမန္တလေး ရွှေမြို့တော်ကြီး၏ ဒိုင်းမွန်းပလာဇာ (၅)လွှာတွင် Mingalar Diamond Cineplex
နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ရုပ်ရှင်ရုံကြီးကို ဖွင့်လှစ်ပြသလိုက်ပါသည်။
Film / HD / 2D / 3D စက်သစ်ကြီးများတပ်ဆင်ပြီး အသစ်ဖွင့်လှစ်လိုက်သော
Mingalar Diamond Cineplex အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင်
Cinema-1, Cinema-2, Cinema-3 ပါဝင်ပြီး
မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်များကို ကြည်လင်ပြတ်သားသောပိတ်ကားပြင်၊
အရုပ်အသံကောင်းမွန်သော DIGITAL 3D CINEMA စက်သစ်ကြီးဖြင့်
ထူးခြားပြည့်စုံသောဝန်ဆောင်မှုများဖြင့် ရုပ်ရှင်ကြည့်ချစ်ပရိသတ်များ အပန်းဖြေကြည့်ရှုအားပေးနိုင်ရန်
စီစဉ်တင်ဆက်ပြသလိုက်ပါသည်။

Mingalar Diamond Cineplex
Ph: 09402765641 09402765642 09402765643

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ကျူးဘား၌ အရေပြားကင်ဆာဖြစ်ပွားမှုနှုန်း မြင့်တက်နေ

ထောင်ပေါင်းများစွာသော အရေပြားကင်ဆာရောဂါဖြစ်ပွားမှု ဖြစ်စဉ်သစ်များ ကျူးဘားနိုင်ငံ၌ ဖြစ်ပွားလျက်ရှိနေကြောင်း ဒေသကျန်းမာရေးဌာနတာဝန်ရှိသူများက ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ ကာရစ်ဘီယံကျွန်းစုနိုင်ငံတွင် နှစ်စဉ်အရေပြားကင်ဆာရောဂါဖြစ်ပွားမှုအသစ် ၅၀၀၀ ဝန်းကျင်ခန့်ဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းတို့က ဆိုသည်။ ယင်းသို့ အရေပြားကင်ဆာများဖြစ်ပွားနေရခြင်း၏ အဓိကအကြောင်းရင်းများမှာ ယင်းနိုင်ငံ၏ ပထဝီတည်နေရာအနေအထားနှင့် လူဦးရေမြင့်တက်လာမှုနှုန်းများကြောင့် ဖြစ်ကြောင်း၊ ထို့ပြင် ယင်းဒေသ အဝန်းအဝိုင်းရှိ အိုဇုန်းလွှာပါးလွှာလာခြင်းနှင့် ကောင်းကင်ယံတွင် မိုးတိမ်များကင်းစင်နေမှုတို့ကြောင့်လည်း ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

3 in 1 ဘုံပိုင်ခေါင်း Dyson ကုမ္ပဏီထုတ်လုပ်

ဗြိတိန်စက်မှုလုပ်ငန်းကုမ္ပဏီ Dyson သည် မြန်နှုန်းမြင့် လက်အခြောက်ခံစနစ်၊ ရေပူ၊ ရေအေး စနစ်တို့ ပေါင်းစပ်ဖွဲ့စည်းထားသည့် ရေဘုံပိုင်ခေါင်းတစ်ခုကို ထုတ်လုပ်ဖြန့်ချိခဲ့သည်။ Airblade Tap အမည်ရှိ အဆိုပါ ရေဘုံပိုင်ခေါင်း၏တန်ဖိုးမှာ ဈေးအနည်းငယ်ကြီးပြီး ပေါင် ၁၀၀၀ ဖြစ်သည်။ သို့သော် ယင်းဘုံပိုင်ခေါင်း၏ အားသာချက်မှာ ယင်းတွင်ပါရှိသည့် လက်အခြောက်ခံစနစ်မှာ အခြားသော အခြောက်ခံစက်များကဲ့သို့ ပူလောင်ခြင်းမရှိဘဲ အေးမြသော ခံစားမှုကို ပေးစွမ်းနိုင်ကြောင်း၊ ယင်းဘုံပိုင်ခေါင်းနှင့် ယှဉ်တွဲ၍ မော်တာတစ်လုံး၊ လေစစ်ဆန်ကာတစ်ခု၊ ရေသွယ်ပိုက်လိုင်းတို့ပါဝင်ပြီး အခြောက်ခံစက်အသုံးပြုရာတွင် ဆူညံမှုမရှိစေရန် အသံထိန်းစနစ်တို့ ပါဝင်ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ် ဂျိမ်းစ်ဒိုင်ဆွန်က ပြောကြားခဲ့သည်။

အာကာသအတွင်းသို့ သွားရောက်ရန် အီရန်သမ္မတလိုလား

အီရန်သမ္မတ မာမွတ်အာမာဒီနီဂျက်ဒ်က ၎င်းအနေဖြင့် အီရန်နိုင်ငံ၏ အာကာသအစီအစဉ်များတွင် အာကာသသို့ သွားရောက်သည့် ပထမဆုံးပုဂ္ဂိုလ်အဖြစ် ပါဝင်လိုကြောင်း ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အီရန်နိုင်ငံသည် အာကာသအတွင်းသို့ မျောက်တစ်ကောင်ကို အောင်မြင်စွာပို့လွှတ်နိုင်ခဲ့သဖြင့် သမ္မတအာမာဒီနီဂျက်ဒ်က ယခုလိုကမ်းလှမ်းလာခြင်းဖြစ်သည်။ ထို့ပြင် ၎င်းက မိမိသည် မိမိနိုင်ငံမှ သိပ္ပံပညာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် အာကာသအတွင်းသို့ ပထမဆုံးသွားရောက်သည့် အီရန်နိုင်ငံသားအဖြစ် မှတ်တမ်းတင်ရန် အဆင်သင့်ရှိနေကြောင်းလည်း ပြောကြားခဲ့သည်။

ဖခင်နှင့်အတူ မြို့ပေါင်း ၃၁ မြို့ကို ခြေကျင်ခရီးသွားရောက်နေတဲ့ ကိုးနှစ်သမီးလေး

အသက်(၉)နှစ်သာရှိသေးသည့် မိန်းကလေးငယ်သည် သူမ၏ ဖခင်နှင့်အတူ တရုတ်နိုင်ငံအတွင်းရှိမြို့ပေါင်း ၃၁ မြို့ကို ခြေကျင်တောင်တက်ခရီးကြမ်းနှင်၍ ဖြတ်သန်းသွားရောက်နေကြောင်း တရုတ်သတင်းမီဒီယာများက ဖေဖော်ဝါရီ ၅ ရက်တွင် သတင်းဖော်ပြခဲ့ကြသည်။ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းခရိုင်မှ ဖန်ဂျင်ဂန်အမည်ရှိ အဆိုပါ မိန်းကလေးသည် ဖန်ယောင်လီအမည်ရှိ သူမ၏ဖခင်နှင့်အတူ ဆောင်းရာသီ တောင်တက်ခရီးစဉ်အဖြစ် တရုတ်နိုင်ငံ မြောက်ပိုင်းမှတောင်ပိုင်းသို့ ခရီးနှင်ခဲ့သည်။ ဇန်နဝါရီ ၂၀ ရက်မှ စတင်ခဲ့သော အဆိုပါသားအဖ၏ ခရီးစဉ်သည် ဖေဖော်ဝါရီ ၂ ရက်တွင် ဟာဘင်၊ ချန်ချင်၊ ရှန်ရန်၊ ဟွန်ဟို၊ တီယန်ကျင်း၊ လျောင်ဖူး၊ ချန်ဒို၊ ချောင်ကင်းမြို့များအပါအဝင် မြို့ပေါင်း ၁၁ မြို့ကို ဖြတ်သန်းနိုင်ခဲ့ပြီဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက် မတိုင်မီ ခရီးစဉ်ပြီးဆုံးရန် မျှော်မှန်းထားကြောင်း သိရသည်။

ဟိန်းထက်လင်း စုစည်းသည်

ငွေဆောင်ဟိုတယ်ဇုန်နှင့် ချောင်းသာကမ်းခြေတို့၌ ဟိုတယ်လုပ်ငန်းရှင်များအား ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၅

ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီတွင် ကန်တော်ကြီးပတ်လမ်းရှိ ရှန်ဂရီလာဟိုတယ်နှင့် Service apartment တည်ဆောက်ရေးလုပ်ငန်း အပြီးသတ် ဆောက်လုပ်နေမှုတို့ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှန်ဂရီလာ Service apartment အဆောက်အအုံနှစ်ခုသည် အခန်းပေါင်း ၂၄၀ ရှိပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လအကုန်တွင် ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ ၎င်း Service apartment နှင့် တွဲလျက်အခန်း ၈၀၀ ပါ အဆင့်မြင့်ဟိုတယ်နှစ်လုံး၊ ရုံးအဆောက်အအုံများနှင့် ဈေးများကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ နိုင်ငံခြားဖက်စပ်ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လာမည့်မတ်လတွင် ဘာလင်ခရီးသွားပြပွဲသို့ သွားရောက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံအကြောင်း ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ကြော်ငြာပေးရန်ဖြစ်ကြောင်း ပြောကြားကာ ၎င်းတို့၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး **(အပေါ်ပုံ)**သည် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ဟိုတယ်ဇုန်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့် တွေ့ဆုံ၍ ဒီဇင်ဘာလတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် တည်းခိုနေထိုင်စားသောက်ရေးနှင့် လှည့်လည်ပြသရေးကိစ္စများ အဆင်ပြေအောင် ယခုကပင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် မှာကြားကာ ညပိုင်းတွင် ချောင်းသာကမ်းခြေ၌ ဌာနဆိုင်ရာများ၊ ဟိုတယ်ဇုန်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့် တွေ့ဆုံခဲ့သည်။

ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တို့သည် ချောင်းသာကမ်းခြေ Water Sport Entertainment ဖွင့်ပွဲနှင့် ဟိုတယ်ဇုန်မှ ဒေသအတွက် လှူဒါန်းသော ကမ်းခြေသုံးအမှိုက်သိမ်းယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများသို့ တက်ရောက်အားပေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အင်းလျားကန်ဟိုတယ်၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လာမည့် ပွင့်လင်းရာသီအတွက် ခရီးသွားကုမ္ပဏီများနှင့် ဟိုတယ်များအကြား ကန်ထရိုက်စာချုပ် ချုပ်ဆိုရေး၊ စည်းကမ်းချက်များကို နှစ်ဦးနှစ်ဖက် မျှတစွာ စည်းစားရေးဆွဲကြရန် မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပသည့် ဧည့်လမ်းညွှန်အထူးသီးသန့် မွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပြုရမည့် ခွေးလေခွေးလွင့်အန္တရာယ်

ရန်ကုန် ဖေဖော်ဝါရီ ၅

ကျင်းပဆဲ လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခဲ့သော အများပြည်သူဆိုင်ရာ ကျန်းမာရေးမေးခွန်းတစ်ရပ်ဖြစ်သည့် ခွေးရူးရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်အပြည့်အစုံကို နိုင်ငံပိုင်သတင်းစာများနှင့်တကွ သတင်းဂျာနယ်များတွင် ဖော်ပြလာရာ ပြည်သူအများ ခွေးရူးရောဂါအကြောင်း ဗဟုသုတရရှိခဲ့ပြီး ပြည်သူအများ နေ့စဉ်လှုပ်ရှားသွားလာနေသော နေရာဒေသများတွင် လေလွင့်ခွေးများနှင့် ရင်ဆိုင်နေရခြင်း၊ အကိုက်ခံရခြင်းများရှိလာရာ သက်ဆိုင်ရာမှ လေလွင့်ခွေးများကို ရှင်းလင်းသုတ်သင်ပေးရန် ပြည်သူအများမှ လိုလားနေကြကြောင်း သိရသည်။

အထူးသဖြင့် ရန်ကုန်မြို့လမ်းဘေးများတွင် စားသောက်ဆိုင် အများအပြား ဖွင့်လှစ်ထားရာ ခွေးလေခွေးလွင့်များ လမ်းများပေါ်တွင် သွားလာပြီး လမ်းသွားလမ်းလာများကို အန္တရာယ်ပြုခြင်းများရှိလာသည်။ ခွေးရူးရောဂါကို လူအများ မခံစားရလေအောင် အများပြည်သူအကျိုးအတွက် သက်ဆိုင်ရာမှ စီမံချက်ချ နှိမ်နင်းသင့်ပါကြောင်း၊ အထူးသဖြင့် ဈေးများ၊ စားသောက်ဆိုင်များ၊ ပတ်ဝန်းကျင်များတွင် ရန်ကုန်မြို့တွင်း နေရာအနှံ့ ခွေးလေခွေးလွင့်များ ပေါများနေရာ သက်ဆိုင်ရာမှ မိမိရပ်ကွက်လမ်းများအလိုက် စိစစ်ရှာဖွေသုတ်သင်ပေးပါက ပြည်သူအများ၏ အသက်များကိုကယ်ဆယ်ရာ ရောက်မည်ဖြစ်ကြောင်း လမ်းသွားလမ်းလာ ပြည်သူအများက ဆိုပါသည်။

ခွေးရူးရောဂါဖြစ်စေသော ခွေးလေခွေးလွင့်များကို နေရာအနှံ့အပြား၌ သုတ်သင် ရှင်းလင်းသင့်ကြောင်း၊ တရားဝင်မှတ်ပုံတင်ခြင်းမရှိသော ခွေးမွေးမြူ စောင့်ရှောက်ထားသူများ အနေဖြင့် လမ်းသွားလမ်းလာများ ထိခိုက်မှုမရှိရန် စည်းကမ်းတကျ ချည်နှောင်ထိန်းသိမ်းထားသင့်သည်ဟု လမ်းသွားလမ်းလာများမှ ဆိုသည်။

(မောင်စေအောင်)

ဆောင်းပါး

လူတိုင်းလူတိုင်း နံနက်စာကို စားသုံးလေ့ရှိကြသည်။ လူတစ်ယောက်အိပ်ရာမှ နိုးထလာသည်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ပြီးပါက နံနက်ခင်းစာကို သင့်သလို အဆာပြေစားတတ်ကြသည်။

နံနက်ခင်းစာ

ဆောင်းပါးရှင်အာဘော် - မြဖူး(လမ်းမတော်)

ကော်ဖီ၊ လက်ဖက်ရည်ကြိုက်သူတွေက လက်ဖက်ရည်ဆိုင်ကို သွားကြသည်။ လက်ဖက်ရည်ဆိုင်မှာ အီကြာကွေး၊ စမူဆာ၊ ပဲပလာတာ၊ ပဲနံပြား၊ မုန့်ဟင်းခါး၊ ထမင်းကြော်စသည်တို့နှင့် တွဲဖက်စားသုံးလေ့ရှိသည်။

ဘယ်လိုပဲစားစား ဟာနေတဲ့ဝမ်းကိုဖြည့်ဆည်းကြတာ လူတိုင်းအတွက် လိုအပ်ချက်ဖြစ်သည်။

လူတစ်ယောက်အတွက် ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေရန်နှင့် အသက်ရှင်နေထိုင်နိုင်ဖို့ အစာတည်းဟူသော အာဟာရကို ဖြည့်ဆည်းပေးရသည်။ ယင်းသည် ကိုယ်ခန္ဓာကျန်းမာရေးအတွက် လိုအပ်သည့် နံနက်ခင်းစာ ဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာပြီးတော့ စိတ်ပိုင်းဆိုင်ရာခွန်အားရှိစေရန်အတွက် စာဖတ်ဖို့လိုသည်။ စာဖတ်သည်ဆိုရာတွင် စာကြီးပေကြီးဖတ်ရန်မဟုတ်ပါ။ အနည်းဆုံးတော့ အလွယ်တကူဖတ်ရှုနိုင်သည့် နေ့စဉ်ထုတ်သတင်းစာတစ်စောင်ကိုပဲ ဖတ်ကြည့်သင့်သည်။

နံနက်ခင်းအဆာပြေထဲမှာ အရသာရှိသည့် အီကြာကွေး၊ စမူဆာ၊ လက်ဖက်ရည် စားသုံးသလို နံနက်စောစောသတင်းစာဖတ်ခြင်းသည်လည်း စိတ်ကိုအပန်းပြေစေသည့် အရသာတစ်မျိုးဖြစ်ကြောင်း သိလာပါလိမ့်မည်။ သတင်းစာတစ်စောင်၏တန်ဖိုးကို သတင်းစာဖတ်သူများကသာ သိနိုင်ကြသည်။

ယနေ့ခေတ်တွင် လက်ဖက်ရည်ဆိုင်များတွင် လက်ဖက်ရည်သောက်ရင်း ဂျာနယ်၊ စာစောင်တွေဖတ်ကြသည်ကို တွေ့ရသည်။ တချို့ဆိုင်များက သတင်းစာယူသဖြင့် လက်ဖက်ရည်လာသောက်သူတို့အတွက် သတင်းစာဖတ်ဖို့ အခွင့်အရေးကောင်းတစ်ခုဖြစ်သည်။

လက်ဖက်ရည်လေးငုံလိုက်၊ သတင်းစာလေး ဖတ်လိုက်လုပ်ရသည့်အရသာကို လူတိုင်းခံစားစေချင်သည်။ သတင်းစာဖတ်ခြင်း၏အရသာ၊ သတင်းစာတစ်စောင်၏တန်ဖိုးကို သိနိုင်အောင် ကြိုးစားစေချင်ပါသည်။

သတင်းစာဖတ်ခြင်းဖြင့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာ/သာသနာရေး စသည်ဖြင့် အရာအားလုံးကို သိနိုင်မြင်နိုင်၏။ ကမ္ဘာ့အရေး၊ မြန်မာ့အရေးကို ရှုမြင်သုံးသပ်နိုင်၏။ ကွဲကွာနေသော မိတ်ဆွေသင်္ဂဟများ၏ သာရေး၊ နာရေးကိုဖတ်ပြီး အားပေးနှစ်သိမ့်နိုင်၏။ လူမှုဝတ္တရားကို ကျေပွန်စေ၏။

သည့်မျှမက မြို့နယ်အသင်းအဖွဲ့များ၏ အကြောင်းကိစ္စများ၊ အခြားသောလူမှုရေး၊ စီးပွားရေး၊ ကြော်ငြာများကို ဖတ်ရှုနိုင်ပါသေးသည်။ တီဗွီ၊ ရေဒီယိုနားမထောင်မကြည့်ဖြစ်လျှင် မိမိသိလိုသည့်သတင်းအကြောင်းအရာတို့ကို သတင်းစာထဲတွင် စုံစုံလင်လင်ပြန်လည်ဖတ်ရှုနိုင်ပြီဖြစ်သည်။

နိုင်ငံသားတစ်ယောက်အနေနှင့် ပြည်တွင်းမှာဖြစ်ပေါ်နေသည့် အကြောင်းအရာကို သိရှိဖို့ နေ့စဉ်ထုတ်သတင်းစာကို မှန်မှန်ဖတ်ရှုသင့်ကြသည်။ အကြမ်းဖျင်းအားဖြင့် မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို သိထားဖို့လိုပေသည်။

သတင်းစာ၏ဆွဲဆောင်မှုကား အားကောင်းလှ၏။ စိတ်အာဟာရကိုဖြည့်ဆည်းရာတွင် သတင်းစာဖတ်ခြင်းသည် ဗီတာမင်ဆေးလုံးထက် ပိုမိုအစွမ်းထက်မြက်လှသည်။

သတင်းစာဝယ်မဖတ်နိုင်သူတွေ၊ မဝယ်ဖြစ်သူတွေအတွက် လက်လှမ်းမီရာ ဘုတာရုံ၊ သင်္ဘောဆိပ်၊ လေယာဉ်ကွင်း၊ ကားဂိတ်စသည့် လူစည်ကားရာ နေရာတိုင်း၌ စာပေရေချမ်းစင်ဟု ခေါ်နိုင်သည့် (Book Corner) များ ရှိနေပြီ ဖြစ်သည်။

Book Corner များမှာ ယနေ့ထုတ်မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီရောင်စုံသတင်းစာတွေ အဆင်သင့်တင်ပေးထားသည်။ ပြည်သူကို ဝန်ဆောင်မှုပေးသည့် စာပေရေချမ်းစင်တွေကို လမ်းကြုံလျှင် ဝင်၍ စာဖတ်ကြဖို့ တိုက်တွန်းချင်သည်။

ခေတ်မီတိုးတက်သော နိုင်ငံတွေမှာ လူတိုင်းစာဖတ်ကြသည်။ တိုးတက်ချင်သူတွေအတွက် စာဖတ်ဖို့ ပြည်သူ့စာကြည့်တိုက်တွေ ရှိသည်။ စာပေရေချမ်းစင်တွေရှိသည်။ အခြားစာပေတွေ ဖတ်ဖို့အချိန်မပေးနိုင်လျှင် နေ့စဉ်ထုတ်သတင်းစာတစ်စောင်ကို ဖတ်ဖို့တော့ ဝန်မလေးသင့်ပေ။

ကမ္ဘာတစ်လွှားရှိ ထူးခြားဖြစ်စဉ်များ၊ မြန်မာ့ပြည်တွင်းရေးရာများကို သိရှိလိုသူ၊ ဗဟုသုတရှာမှီးလိုသူတို့အတွက် နေ့စဉ်သတင်းစာကို စွဲစွဲမြဲမြဲဖတ်ရှုနိုင်ရန် ကြိုးပမ်းအားထုတ်သင့်၏။

သတင်းစာသည် နိုင်ငံတစ်နိုင်ငံ၏သမိုင်းကြောင်းဖြစ်သကဲ့သို့ ခေတ်တစ်ခေတ်၏ ကြေးမုံပြင်ဟုဆိုလျှင်လည်း မမှားနိုင်ပေ။

စာဖတ်ကြပါဟု တိုက်တွန်းသူ၊ ရေးသားသူ၊ ဟောပြောသူတွေ အများကြီးရှိခဲ့ကြသည်။ ပြောသူက ဘယ်လောက်ပြောပြော ဖတ်သူက စာကိုစိတ်ဝင်စားဖို့ အဓိကဖြစ်သည်။ ယနေ့ ဖွင့်လှစ်ပေးခဲ့သည့် စာပေရေချမ်းစင်တွေက စာဖတ်ချင်သူတွေကို တစ်ထောင့်တစ်နေရာမှ ဆွဲဆောင်စည်းရုံးနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

လူတိုင်းသမိုင်းကို ကျော်ဖြတ်နိုင်အောင် ခေတ်၏ကြေးမုံပြင်ကို ကြည့်တတ်၊ မြင်တတ်အောင် နေ့စဉ်သတင်းစာမှန်မှန်ဖတ်ဖို့ လိုအပ်ပါသည်။ သတင်းစာက အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်ဝေဖန်ပိုင်းခြားမှုတွေကို ပေးစွမ်းနိုင်ပေသည်။

သတင်းစာသည် နိုင်ငံ့အာဘော်သက်သက်မဟုတ်ပါ။ ယနေ့အချိန်အခါတွင် နိုင်ငံတော်မှ ပြည်သူကို ဝန်ဆောင်မှုပေးသည့်စနစ်ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်ရာ သတင်းစာ၏ အသွင်သဏ္ဌာန်ပြောင်းလဲမှုနှင့်အတူ ပြည်သူတို့၏ဆန္ဒနှင့် ပြည်သူတို့၏အသံကို အလေးဂရုပြုဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်သည်။

နေ့စဉ်ထုတ်သတင်းစာတစ်စောင်တွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများအပြင် နိုင်ငံ၏လက်တွေ့ကျသော ကြိုးပမ်းဆောင်ရွက်မှုများ၊ ပြည်သူများအကြား ဖြစ်ပျက်နေမှုများ၊ တစ်ချိန်က နာမည်ကြီး စာရေးဆရာကြီးများ၏ ဂန္ထဝင်မြောက်ဝတ္ထုများကို ပြန်လည်ဆန်းသစ်ဖော်ပြမှုများ၊ လူအများစိတ်ဝင်စားသည့် ရုပ်ရှင်၊ ဂီတအကြောင်းအပြင် ကဗျာ၊ ကာတွန်းနှင့် ထင်သာမြင်သာသည့်အခြားဆောင်းပါး၊ သတင်းများကိုပါ ဝေဝေဆာဆာ လွတ်လပ်စွာထည့်သွင်းဖော်ပြထားသဖြင့် ယနေ့ထုတ်ဝေသည့် သတင်းစာသည် ပြည်သူများ အချိန်တိုတို ဈေးသက်သက်သာသာ ဖတ်ရှုနိုင်သည့် စာပေတစ်မျိုးဖြစ်ပါသည်။

ရသစုံ၊ ကဏ္ဍစုံပါဝင်သည့် ရောင်စုံသတင်းစာများကို ပြည်သူတို့ အလွယ်တကူဖတ်ရှုနိုင်ပါပြီ။ သို့ဖြစ်ရာ အရသာရှိသော နံနက်ခင်းစာကို နေ့စဉ်အချိန်မှန်စားသုံးကြသို့ တန်ဖိုးရှိရှိ ဖတ်ရှုနိုင်သောနေ့စဉ်ထုတ်သတင်းစာကိုလည်း နံနက်ခင်းစာကဲ့သို့ ဝတ္တရားမပျက် အကျိုးရှိရှိ ဖတ်နိုင်ကြပါစေဟု ညွှန်းဆိုရေးသားတင်ပြလိုက်ရပေသည်။

မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လေ့ကျင့်သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနတာဝန်ခံ ဦးအောင်ဒင်ဦး၏ ဦးဆောင်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လေ့ကျင့်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂ရက်က အင်းစိန်ဈေးကြီး၌ ပြုလုပ်ရာ အင်းစိန်ဈေးတာဝန်ခံ ဦးသန်းဦးနှင့် အင်းစိန်မြို့နယ်အတွင်းရှိ ဈေး ၁၁ဈေးမှ တာဝန်ခံများ၊ ဌာနဆိုင်ရာများ၊ ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

အင်းစိန်မြို့နယ် မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်တားဆီးရမည့်နည်းလမ်းများကို ဟောပြောပြီး မီးလောင်မှုဖြစ်ပွားလျှင် ထိရောက်စွာ မီးငြိမ်းသတ်ရမည့်နည်းလမ်းများကို မီးသတ်ဝန်ထမ်းများက လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၆၈၆)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၉. ၀၀၀	၀. ၀၀၁၁၆
ထိုင်း (ဘတ်)	၂၉. ၇၃၉၉	၀. ၀၃၃၆၂
တရုတ် (ယွမ်)	၆. ၂၃၅၁၂	၀. ၁၆၀၃၈
အိန္ဒိယ(ရူပီး)	၅၃. ၂၃၉၈	၀. ၀၁၈၇၈
မလေးရှား (ရင်းဂစ်)	၃. ၀၈၅၅၀	၀. ၃၂၄၁၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၅၉၀	၀. ၈၀၉၁၃
ဂျပန် (ယန်း)	၉၂. ၆၁၀၄	၀. ၀၁၀၈၀
တောင်ကိုရီးယား(ဝမ်)	၁၀၈၆. ၁၀	၀. ၀၀၀၉၂
ယူရို	၀. ၇၃၈၉၃	၁. ၃၅၃၃၁
ဗြိတိသျှ (ပေါင်)	၀. ၆၃၄၆၈	၁. ၅၇၅၅၉

ကျိုက်သာလွန်ဘုန်းကြီးကျောင်း မီးလင်းရေး အလှူငွေပေးအပ်

ပဲခူး ဖေဖော်ဝါရီ ၅

ပဲခူးမြို့ ဥဿာမြို့သစ်ရပ်ကွက်ကြီး (၇) ကျိုက်သာလွန် ဘုန်းကြီးကျောင်း လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ဆားဗစ်ကြေးကြိုး၊ ဓာတ်တိုင်များ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ခြောက်မိုင်ခွဲ B လမ်း၊ အမှတ် (၅၄) မှ ဒေါ်မာလာရီက မတည်လှူဒါန်း ငွေကျပ် ၃၈ သိန်းကို ဖေဖော်ဝါရီ ၃ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဆင့်နှင့် ဘဏ္ဍာရေးမှူး ဦးသန့်ဇော်ဦးတို့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၅၈၈)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅:၀၀	"သူတော်ကောင်းလက္ခဏာ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)]
၁၀:၄၀	ဟင်းချက်ရအောင်
၅:၁၅	Minute to Win It
၆:၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၉၃)
၈:၁၅	Road To TIN ZAR MAW+? DUET TOUR 2013
၉:၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၁၂)
၁၀:၅၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်" (အပိုင်း-၁၆)

လွှတ်တော်ရေးရာကဏ္ဍ

✻ ပြည်သူ့လွှတ်တော်မှ

(၁၅ ဒသမ ၅၅)သန်း ကျော်တွင်(၁၅ ဒသမ ၅၄)ရာခိုင်နှုန်း ရှိပါကြောင်း၊ သက်ကြီးစပါးမျိုးအုပ်စုတွင် ပါဝင်သည့် စပါးမျိုးများကို များသောအားဖြင့် ဒေသတွင်းစားသုံးမှုအတွက် ကြိုက်နှစ်သက်မှုရှိကြပြီး ပေါ်ဆန်းအုပ်စု စပါးများမှာ စားသုံးမှုအရည်အသွေး ကောင်းမွန်မှုကြောင့် ဈေးကောင်းရသည့်စပါးများဖြစ်ပါကြောင်း။

သက်ကြီးစပါးအုပ်စုမျိုးများတွင် ပေါ်ဆန်းအုပ်စုဝင် ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းဘေးကျား၊ ပေါ်ဆန်းယဉ်စသည့် စပါးများမှာ စားသုံးမှု အရည်အသွေးကောင်းမွန်သဖြင့် စားသုံးသူဈေးကွက်၌ ဈေးကောင်းရရှိသည့် စပါးမျိုးများဖြစ်ပါကြောင်း၊ အခြားသက်ကြီးအုပ်စုဝင် စပါးမျိုးများဖြစ်သည့် ငစိန်၊ လက်ရုံးကြီး၊ အဏ္ဏဝါဗိုလ်စသည့် စပါးမျိုးများမှာမူ ပေါ်ဆန်းအုပ်စုဝင်စပါးများထက် စားသုံးမှုအရည်အသွေးကောင်းမွန်မှု လျော့နည်းသော်လည်း မုန့်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများတွင် အသုံးများသဖြင့် ဈေးကွက်တွင်ကျယ်မှုရှိပါကြောင်း၊ ပေါ်ဆန်းကဲ့သို့သော အဆင့်မြင့်စပါးမျိုးများကဲ့သို့ ဈေးနှုန်းမမြင့်သော်လည်း အခြားညော့်မထ စပါးများဖြစ်သည့် မနောသုခ၊ ရောမင်း၊ ဇီယာ၊ ဆင်းသုခ စသည့် စပါးများနှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းလွန်စွာကွာခြားမှုမရှိသည်ကိုတွေ့ရပါကြောင်း၊ သို့ရာတွင် စပါးဈေးနှုန်းမှာ စပါးအမျိုးအစားကိုလိုက်၍ အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှု ဖြစ်ပေါ်သကဲ့သို့ ဝယ်လိုအားပေါ်တွင် မူတည်၍လည်း ဈေးနှုန်းပြောင်းလဲမှုရှိသည်ကိုတွေ့ရှိရပါကြောင်း။

ဆန်ပြည်ပတင်ပို့ရောင်းချမှုတွင် သက်ကြီးစပါးမျိုးများဖြစ်သည့် စားသုံးမှုအရည်အသွေးကောင်းမွန်သော ပေါ်ဆန်းအုပ်စုဆန်များ ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး၊ ဈေးနှုန်းရရှိရေးတို့ကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်က ဦးဆောင်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အရန်ဆန်များကိုလည်း လယ်သမားများ နစ်နာမှုမရှိသောဈေးနှုန်းဖြင့် ဒေသအလိုက်မူတည်၍ ဝယ်ယူလျက်ရှိပါကြောင်း၊ ထိုသို့အရည်အသွေးကောင်းဆန်များကို ဈေးကွက်လိုအပ်ချက်နှင့်အညီ တင်ပို့ရောင်းချနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် သက်ကြီးအုပ်စု စပါးမျိုးများကိုလည်း ဒေသအလိုက် မျိုးသန့်ဇုန်များ တည်ထောင်၍ စိုက်ပျိုးလာနိုင်ကြစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လယ်ယာထွက်ကုန် သီးနှံများ ဈေးကောင်းရရှိရေးနှင့် တွက်ခြေကိုက်ရေးအတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ရာ သက်ကြီးစပါးအပါအဝင် စပါးသီးနှံများ အားလုံးနှင့်အခြားသီးနှံများကို အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် လေလွင့်ဆုံးရှုံးမှုများသက်သာစေရေး၊ အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးတို့အတွက် ခေတ်မီဆန်စက်ကြီးများ တည်ထောင်ကြိတ်ခွဲနိုင်ရေးတို့ကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပြီး မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးမှသည် အရည်အသွေးမီကုန်ချောများ ထုတ်လုပ်သည်အထိ လုပ်ငန်းစဉ် အဆင့်ဆင့်အားလုံးတို့တွင် ပုဂ္ဂလိကအခန်းကဏ္ဍကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကိုလည်း တိုက်တွန်းအားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ဖြေကြားချက်နှင့်ပတ်သက်၍ "ကျွန်တော်တို့သိလိုတာက လယ်သမားတွေအတွက် ဈေးကိုအာမခံနိုင်အောင် ဘာလုပ်မယ်၊ ဘာတွေလုပ်ထားတယ်၊ ဥပမာ-ဈေးကွက်ကိုတော့ နိုင်ငံခြားနဲ့ချိတ်ဆက်ပြီး ဘယ်လိုဆောင်ရွက်ထားတယ်၊ ဒါမှမဟုတ်ရင်လည်း ပြည်တွင်းမှာ ဈေးမကောင်းတဲ့အနေအထားကို လယ်သမားတွေအတွက် ဘယ်လိုဆောင်ရွက်ထားတယ်၊ ဆန်စက်အဖွဲ့တွေနဲ့ ဒါမှမဟုတ်ရင်လည်း ကုန်သည်ကြီးများအဖွဲ့တွေနဲ့ ဘယ်လိုညှိနှိုင်းပြီးတော့ လယ်သမားတွေရဲ့ လက်ရှိအရှုံးမပေါ်တဲ့ စရိတ်ကာမိအောင်၊ သင့်တင့်မျှတတဲ့ဈေးရအောင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ အစီအစဉ်ကို တိတိကျကျဖြေကြားစေချင်တာပါ"ဟု မေးခွန်းရှင် **ဦးသိန်းရီ** က ပြောပြခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းထားသော **ရာဇသတ်ကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ **ဒေါက်တာဇော်မြင့်မောင်**က "ရာဇသတ်ကြီးဥပဒေဟာ အင်္ဂလိပ်လက်ထက်ကတည်းက ရေးဆွဲထားတဲ့ဥပဒေဖြစ်ပါတယ်၊ ဒီနေ့ဒီမိုကရေစီတည်ဆောက်နေတဲ့ကာလနဲ့ မလျော်ညီတဲ့အချက်များစွာ ပါနေပါတယ်၊ ဒါကြောင့် ပြင်ဆင်တဲ့ဥပဒေကြမ်းကို ဆွေးနွေးဖို့မလိုဘဲ အားလုံးကထောက်ခံကြတာပဲဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ထို့ပြင် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော **အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်ခင်ဌေးကြွယ်က တင်သွင်းခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၀)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ အမျိုးသားလွှတ်တော်မှ

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန်က ဆွေးနွေးရာတွင် ဧရာဝတီမြစ်ကြီး ထာဝရရှင်သန်နေစေရန် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့်သာ သက်ဆိုင်တာဝန်ရှိသည် မဟုတ်ပါကြောင်း၊ ဧရာဝတီမြစ်ကြီးအတွင်းသို့ စီးဝင်နေကြသည့် အဓိကမြစ်ချောင်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်ပါဝင်ပတ်သက်နေကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၊ လွှတ်တော်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့မှာလည်း တာဝန်ရှိကြပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုအပေါ် အခြေခံပြီး ကမ္ဘာပေါ်တွင်ထင်ရှားသည့် မဲခေါင်မြစ်ကော်မရှင်ကိုနမူနာယူပြီး မြန်မာနိုင်ငံတစ်ခုတည်းပိုင် အမျိုးသားမြစ်ကြီးဧရာဝတီကိုလည်း လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ပါဝင်ပတ်သက်နိုင်ကြရေးအတွက် ဘာသာရပ်ပေါင်းစုံပညာရှင်များပါဝင်သည့် ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်နှင့် ၎င်း၏ မြစ်လက်တက်/ချောင်းများပေါ်တွင် မည်သို့ပင်တာဝန်အရဖြစ်စေ၊ နိုင်ငံဖွံ့ဖြိုးမှု ဦးတည်ချက်ဖြင့်ဖြစ်စေ ဝန်ကြီးဌာနတစ်ခုချင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီတို့မှ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်ရန်မဖြစ်သင့်ဘဲ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းပေါင်းစပ်ပေးမည့် ဧရာဝတီမြစ်ကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွက် ဧရာဝတီမြစ်သည် အသက်သွေးကြောဖြစ်သကဲ့သို့ ယင်း၏ မြစ်ဝှမ်းသည် နိုင်ငံ၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အရေးကြီးပါကြောင်း၊ သို့ရာတွင် ဧရာဝတီမြစ်သည် အပြည်ပြည်ဆိုင်ရာမြစ်မဟုတ်၍ မြန်မာနိုင်ငံတစ်နိုင်ငံတည်းနှင့်သာ သက်ဆိုင်သည့် မြစ်ဖြစ်ပါကြောင်း၊ မြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန် တာဝန်မှာလည်း ထိုနည်းတူပင်ဖြစ်ပါကြောင်း၊ မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် အပြန်အလှန်အထောက်အကူပြုမည့် ရေသုံးစွဲမှုဆိုင်ရာမူဝါဒနှင့် ဥပဒေများလည်း လိုအပ်ပါကြောင်း၊ သို့မှသာ ကြီးမားကျယ်ပြန့်သည့် မြစ်ဝှမ်းအခြေပြု ဘက်စုံရေစီမံခန့်ခွဲရေးလုပ်ငန်းများကို အကျိုးရှိစွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဧရာဝတီမြစ်၏ ရေအရင်းအမြစ်ကို မြစ်ဝှမ်းအခြေပြု ဘက်စုံရေအရင်းအမြစ်စီမံခန့်ခွဲမှုဖြင့် အကျိုးအရှိဆုံးထုတ်ဖော်အသုံးပြုနိုင်ရန်နှင့် မြစ်ဝှမ်းအားထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ဧရာဝတီမြစ်ကော်မရှင်ကဲ့သို့သော မြစ်ဝှမ်းအဖွဲ့အစည်းမှ ဦးဆောင်၍ စီမံခန့်ခွဲခြင်းမှာ လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် မြစ်ဝှမ်းနေ လူထုလူတန်းစားအဖွဲ့အစည်းအစုံ ပါဝင်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ အဆိုအပေါ် ထောက်ခံပါကြောင်းနှင့် ကော်မရှင်အဖွဲ့ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာတင်ရွှေက "မြစ်ကြီးဧရာကတော့ မြန်မာနိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းသို့ စီးဆင်းနေတဲ့ ပင်မအသက်သွေးကြော မြစ်ကြီးဖြစ်ပါတယ်။ မြစ်ကြီးကိုမှီပြီး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးတွေကို လုပ်ကိုင်နေရပါတယ်။ အဓိကကတော့ မြစ်ဝကျွန်းပေါ် သွားလာရေးအတွက် အထူးပဲအရေးကြီးပါတယ်။ ရာသီမရွေးသွားလာနိုင်ဖို့ အထူးလိုအပ်ပါတယ်။ ကမ်းနှင့်မှီသော ကျေးရွာ၊ ရပ်ကွက်၊ မြို့များ စည်ပင်လာမည်ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနကလည်း လုပ်ဆောင်ဖို့တော့အစီအစဉ်ရှိပါတယ်။ ကမ်းပါးပြိုခြင်း၊ ရေအားလျှပ်စစ် တည်ဆောက်ခြင်းတို့အတွက်လည်း စဉ်းစားဖို့အထူးလိုအပ်ပါတယ်။ ကျေးရွာများရေကြီးခြင်းမှ ကာကွယ်ပြီး လျှပ်စစ်မီးများရမည်။ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့ရဲ့ အကူအညီရရင်တော့ ပို၍ကောင်းပြီး လှေလာရေးနှင့် တည်ဆောက်ရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းသင့်ပါတယ်။ ပညာရှင်တွေလည်း ပြည်တွင်းမှာရှိသင့်သလောက်ရှိပါတယ်။ လူမှုစီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်"ဟု ၎င်း၏အမြင်ကို ပြောပြသွားသည်။

အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် သစ်တောဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ် သစ်တောဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်သစ်တောဦးစီးဌာန၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူဖြစ်စေရန် နှစ်ရှည်ပင်များအား စိုက်ပျိုးစေခဲ့ပြီးဖြစ်ကြောင်း၊ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဌာနများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဘက်စုံစီမံကိန်းတစ်ရပ်အဖြစ် တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အင်းလေးကန်သည် အာဆီယံယဉ်ကျေးမှုအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်ပြီး လောပိတရေအားလျှပ်စစ်အတွက် ရေအရင်းအမြစ် ဖြစ်သည့်အပြင် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များကို အထူးဆွဲဆောင်သည့်နေရာတစ်ခုဖြစ်သဖြင့် အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကျင်းပနေပုံများကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လေးခန်းတွဲ ရေလောင်းအိမ်သာနှစ်လုံး ဆောက်လုပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လေးခန်းတွဲရေလောင်းအိမ်သာနှစ်လုံး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက ရေလောင်းအိမ်သာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်သည်။(ဓာတ်ပုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် သဲကောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ(၁၈၀၀)ကျော်ရှိပြီး ယင်းလုံအိမ်သာ လေးခန်းတွဲ၊ အုတ်အိမ်သာသုံးတွဲ၊ ပျဉ်ထောင်အိမ်သာ သုံးလုံးသာရှိသည့်အတွက် ကျောင်းသား ကျောင်းသူများ ရေဖြင့် လုံလောက်မှုရှိစေရန် ကုန်ကျစရိတ် ၆၆ သိန်းကျော် ကုန်ကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဖွဲ့ချုပ်အနေဖြင့်လည်း ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ထိရောက်စွာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၌ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ပြည်တွင်းရေးရာ

☆ ပြည်ထောင်စုမှ

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ နည်းပညာ၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုတူးဖော်ရေး၊ သတင်းဆက်သွယ်ရေးနည်းပညာ၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းတွင် ဂျပန်နိုင်ငံမှ ခေတ်မီနည်းပညာများဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းများတွင် ရေတိုရေရှည် စီမံကိန်းများဖြင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့သည် ယနေ့နံနက်၁၁နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံကြသည်။(အပေါ်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်များ ဖြစ်ကြသော General Worapong Sanganetra၊ ACM Boonyarit Kerdsuk၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် ထိုင်းကြည်းတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုနှစ်သည် မြန်မာ-ထိုင်း နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု(၆၅)နှစ်ပြည့်မြောက်သည့် ထူးခြားသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ မြန်မာ့တပ်မတော်အား Cobra Gold ပူးတွဲစစ်ရေးလေ့ကျင့်မှုကိုလာရောက်လေ့လာရန် ဖိတ်ခေါ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်အဖြစ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ရရှိသွားပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးအား TBC၊ RBC အစည်းအဝေးများမှ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ HLC အဆင့်အထိ ပြုလုပ်နိုင်အောင် ဆောင်ရွက်နေပြီ ဖြစ်သဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးသည် အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိလာမည်ဟု ယုံကြည်ပါကြောင်း။

နယ်စပ်ဒေသတည်ငြိမ်အေးချမ်းသွားသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သလို မူးယစ်ဆေးဝါးပြဿနာအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်လည်း ကျန်ရှိနေသေးကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်သွားအောင် ထိထိရောက်ရောက်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်း ဆောင်ရွက်၍မရဘဲ အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သဖြင့် ထိုင်းဘုရင့်တပ်မတော်မှ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အထူးသဖြင့် မိမိတို့နှစ်ဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ယူချိန်တွင် မူးယစ်ဆေးဝါးလုံးဝပပျောက်အောင် မဆောင်ရွက်နိုင်သည့်တိုင် သိသိသာသာ လျော့ကျသွားသော အခြေအနေသို့ ရောက်ရှိအောင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းတပ်မတော်အနေဖြင့် မြန်မာ့တပ်မတော်အပေါ် ချစ်ခင်ရင်းနှီးမှု၊ လေးစားမှု၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ သဘောတူညီမှုများဖြင့် ဆက်ဆံလျက်ရှိပါကြောင်း၊ HLC အစည်းအဝေးအား ယခုနှစ်အတွင်း ကျင်းပသွားလိုပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာနှင့်ပတ်သက်၍ ထိုင်းတပ်မတော်အနေဖြင့် မြန်မာ့တပ်မတော်နှင့်အတူ မိမိရရ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူလူထုအား ဒုက္ခရောက်စေသော မူးယစ်ဆေးဝါးပြဿနာကို ထိုင်းတပ်မတော်အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ထိုင်းဘုရင့်တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအေ... ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်...

နေပြည်တော် ဖေဖော်ဝါရီ ၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့် ဇေယျာသီရိဗိမာန်ရှေ့သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တို့သည် အလေးပြုခံစင်မြင့်သို့သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် တပ်မတော်စစ်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများအား ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် ကာကွယ်ရေးဦ... နှင့်အတူ အခမ်း... လာကြသည့် ထို... အရာရှိကြီးများ... တပ်မတော်ကာ... လည်း ထိုင်း... ကွယ်ရေးဦးစီးချု... အခမ်းအနား ... သည့် တပ်မတေ... ပြန်လည်မိတ်... သတင်းရရှိသည်...

နေပြည်တော် ဖေဖော်ဝါရီ ၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Major General Ehud Shani (Schonwetter)အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်

မြန်မာ-အစ္စရေး နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ကာကွယ်ရေး၊ လ... နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ရင်း...

ရောက်ကြပြီး အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Hagay Moshe Behar နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အစ္စရေး နှစ်နိုင်ငံ၏ နိုင်ငံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ လေ့ကျင့်ရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် အကြံပြုသတိပေးချက်

၁။ ယာဉ်မောင်းသူသည် ယာဉ်မောင်းအတွေ့အကြုံရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူ ဖြစ်ရမည်။

၂။ မော်တော်ယာဉ်ကို တစ်နာရီလျှင် မိုင် ၆၀ (သို့မဟုတ်) ၁၀၀ ကီလိုမီတာ နှုန်းထက် ပိုမမောင်းရ။

၃။ ယာဉ်မောင်းများ အရက်သေစာနှင့် မူးယစ်ဆေးဝါးများသုံးစွဲ၍ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်မောင်းစဉ် ယာဉ်မောင်းသူ အိပ်မငိုက်ရ။ (လိုအပ်ပါက အလှည့်ကျ မောင်းနှင်သည့်စနစ်အား ကျင့်သုံးရမည်။ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ် အများစုတွင် ယာဉ်မောင်းအိပ်ငိုက်၍ တိမ်းမှောက်မှုဖြစ်စဉ်ကများပါသည်။)

၅။ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မော်တော်ယာဉ်ကြံ့ခိုင်ရေးအတွက် အောက်ပါအချက်များ ကောင်းမွန်ရမည်-

(က) မော်တော်ယာဉ်အောက်ပိုင်း တိုက်ရှော့၊ ဘောလ်ဂျိုင်းများ ကောင်းမွန်ရမည်။

(ခ) မော်တော်ယာဉ်ဘရိတ်များ ဟန်ချက်ညီစွာ ကောင်းမွန်ရမည်။

(ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားသော တာယာများ ကောင်းမွန်ရမည်။ (တိုက်ဆွေးနှင့် သက်တမ်းလွန်တာယာများမဖြစ်ရေး အထူးဂရုပြုရမည်။)

(ဃ) မော်တော်ယာဉ်တာယာများ လေဖြည့်ရာတွင် လိုအပ်သည်ထက် ပိုမဖြည့်ရ။

(င) မော်တော်ယာဉ်လေကာမှန်တွင် တပ်ဆင်ထားသည့် ရေသုတ်တံများ ကောင်းမွန်ရမည်။

(စ) ညအချိန်တွင် အမြင်ကြည်လင်မှုရှိစေရန်အတွက် တပ်ဆင်ထားသော မီးများ/ရောင်ပြန်များ ကောင်းမွန်ရမည်။ (ရှေ့မီးကြီး၊ ရှေ့/နောက်အချက်ပြမီး)

၆။ မိုးရွာသည့်အချိန်တွင် ယာဉ်ကိုအရှိန်လျှော့၍ မောင်းနှင်ရမည်။

၇။ ယာဉ်မောင်းအနေဖြင့် မမျှော်မှန်းနိုင်သောအန္တရာယ်ကို အထူးသတိထား၍ လိုအပ်ပါက ယာဉ်ကိုအချိန်မီ အရှိန်လျှော့၍ မောင်းနှင်နိုင်ရမည်။ (ဥပမာ- ရှေ့တွင်ရပ်ထားသည့် ယာဉ်၊ ဖြတ်သန်းသွားသည့် လူ၊ ကျွဲ/နွား တိရစ္ဆာန်၊ ရေအိုင်၊ လမ်းကွေ့နှင့် တံတားများ)

၈။ ယာဉ်ကျော်တက်ရာတွင် လမ်းလုမောင်းနှင်ကျော်တက်ခြင်း မပြုရ။

၉။ သတ်မှတ်ထားသော လမ်းစည်းကမ်းကို စနစ်တကျလိုက်နာပြီး လမ်းတစ်လျှောက်တွင် စိုက်ထူထားသော သင်္ကေတအမှတ်အသားများနှင့် သတိပေးဆိုင်းဘုတ်များကို ဂရုစိုက်ကြည့်ရှု၍ မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာမောင်းနှင်ရမည်။

မှတ်ချက်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဂိတ်များတွင် နေ့စဉ်ဖြတ်သန်းသွားလာသည့် ယာဉ်အရေအတွက်မှတ်တမ်းအရ ပျမ်းမျှမော်တော်ယာဉ်စီးရေ ၁၀၀၀၀ ခန့်၌ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုမှာ တစ်စီး၊ နှစ်စီးခန့် တွေ့ရှိရ၍ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၀၁ ရာခိုင်နှုန်းနှင့် သုည ဒသမ ၀၂ ရာခိုင်နှုန်းခန့်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် မော်တော်ယာဉ်၏ အခြေအနေနှင့် လမ်း၏အခြေအနေကို သုံးသပ်၍ သင့်လျော်သည့်အရှိန်ဖြင့် ထိန်းချုပ်မောင်းနှင်နိုင်သည့် ကျွမ်းကျင်သော ယာဉ်မောင်းသူကိုသာ ယုံကြည်စွာ တာဝန်ပေးအပ်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

ကွန်မြူနတီဖလားပြိုင်ပွဲမှ ကွင်းဝင်ကြေ...

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၁၃ MNL ရာသီကြိုကွန်မြူနတီဖလားကွင်းဖွင့်ပြိုင်ပွဲမှ ရရှိခဲ့သော ကွင်းဝင်ကြေးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် MNL အသင်းပိုင်ရှင်များမှ စုပေါင်းလှူဒါန်းငွေများအား လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက MFF ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနား စီစဉ်သူ ... အမှတ်တရစက... ဆက်လက်၍ ... လှူဒါန်းရာ ... အဖွဲ့ချုပ်ဥက္ကဋ္ဌ... တွံတေးမြို့နယ်... ဘုန်းတော်ကြီး... သိန်း ၃၀ နှင့် ... လှူဒါန်းငွေကျ... ဘောလုံး ငါးလုံ... ပိုင်ရှင် ဒေါက်... ရွှေကျင်မြို့နယ်... ဘုန်းတော်ကြီး...

...ချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ...ရေးဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆို

...ရင့်တပ်မတော် ...်သည် ဂုဏ်ပြု ... ဧည့်ဂေဟာသီရိ ...တော်ယာဉ်ဖြင့် ... တပ်မတော် ...ပ်က ရင်းနှီး ...ဆက်သည်။ ...ရင့်တပ်မတော် ...နှင့်တပ်မတော် ...ချုပ် တို့သည် ...သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် တပ်မတော်စစ်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများအား ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ၎င်းနှင့်အတူ အခမ်းအနားတက်ရောက်လာကြသည့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့်မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ၎င်းနှင့်အတူ အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလေးပြုခြင်းခံယူ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၄ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"4. The Bar Council shall be constituted as follows:-

(a)	the Attorney General of the Union	Chairman
(b)	the Deputy Attorney General	Vice-Chairman
(c)	a Judge of the Supreme Court of the Union nominated by the Chief Justice of the Union	Member
(d)	ten advocates elected amongst themselves who have been in practice for at least fifteen years as advocates	Members
(e)	the Director General of the Supreme Court of the Union	Member
(f)	the Director General of the Union Attorney General's Office	Secretary

၃။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၆ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"6. (a) The election of ten advocates to be the member of the Bar Council and the substitution for a vacancy under sub-section (d) of section 4 shall be carried out in accord with rules issued by the Union Attorney General's Office;

(b) The tenure of member of the Bar Council of advocate elected under sub-section (a) is three years from the day of commencement of election."

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

...ရေး နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ လေ့ကျင့်ရေးနှင့် ...ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Major General Ehud Shani (Schonwetter)အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

...းကာကွယ်ရေး ...ကြားရေးမှူးချုပ် ...ါနိုင်ငံဆိုင်ရာ ...ံတမန်ကြီး H.E. ...e Behar နှင့် ...က်ရောက်ကြ ... ...ွင် မြန်မာ- ...နိုင်ငံရေး၊ ကာ... ...လေ့ကျင့်ရေးနှင့် ... ပူးပေါင်း ...ကိစ္စရပ်များကို ... ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ကွန်မြူနတီဖလားပြိုင်ပွဲမှ ကွင်းဝင်ကြေးများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၁၃ MNL ရာသီကြိုကွန်မြူနတီဖလားကွင်းဖွင့်ပြိုင်ပွဲမှ ရရှိခဲ့သော ကွင်းဝင်ကြေးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် MNL အသင်းပိုင်ရှင်များမှ စုပေါင်းလှူဒါန်းငွေများအား လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက MFF ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားစီစဉ်သူ ဦးဇော်သက်ထွေးက အမှတ်တရစကားပြောကြားသည်။

ဆက်လက်၍ အလှူငွေများ လှူဒါန်းရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တွံတေးမြို့နယ် မင်္ဂလာပရဟိတဘုန်းတော်ကြီးကျောင်းသို့ ငွေကျပ်သိန်း ၃၀ နှင့် ဧရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ် ၂၅ သိန်းနှင့် ဘောလုံး ငါးလုံး၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ရွှေကျင်မြို့နယ် ပညာ့ဗိမာန်ပရဟိတဘုန်းတော်ကြီးကျောင်းသို့ ငွေကျပ် ၂၅ သိန်းနှင့် ဧရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ် ၂၅ သိန်းနှင့် ဘောလုံး ငါးလုံး၊ ကမ္ဘောဇအသင်း ဥက္ကဋ္ဌ ဦးမိုးဆန်းအောင်**(အောက်ဝဲပုံ)**က နာဂစ်မုန်တိုင်းဒဏ်ခံ ဒေးဒရဲမြို့နယ်မှ မိဘမဲ့မသန်စွမ်းနှင့် ချို့တဲ့နွမ်းပါး ကလေးငယ်များ၏ ပညာသင်စရိတ်အဖြစ် ငွေကျပ်သိန်း ၂၀ နှင့် ဧရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်း ငွေကျပ် ၂၅ သိန်းနှင့် ဘောလုံး ငါးလုံး၊ ရန်ကုန်ယူနိုက်တက်အသင်း CEO ဦးမင်းဆွေဦးက မင်းဘူးမြို့နယ် မစ္ဆိမလွင်ပြင်လူမှုကွန်ရက်သို့ ငွေကျပ် ၂၅ သိန်းနှင့် ဧရာဝတီဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ် ၂၅ သိန်းနှင့် ဘောလုံးငါးလုံး တို့ကို ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် MNL ရာသီကြိုကွင်းဖွင့်ဖလားပြိုင်ပွဲကို ၂၀၁၂ ရာသီမှစ၍ ကျင်းပပြုလုပ်ခဲ့ပြီး ရရှိသောကွင်းဝင်ကြေးများနှင့် MNL အသင်းပိုင်ရှင်များမှ လှူဒါန်းငွေများကို လူမှုရေးအဖွဲ့အစည်းများသို့ လှူဒါန်းလျက်ရှိသည်။ **(ကြေးမုံ)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

ယနေ့နံနက် ၁၀ နာရီ ၂၇ မိနစ် ၃၆ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(ကပ္ပလီကျွန်း၊ အိန္ဒိယနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သင့်ကြောင့် မီးမလောင်ပါစေနှင့်

...သည့်ရေသုတ် ... ...က် တပ်ဆင် ...ရမည်။ ... ...နိုင်ရမည်။ ...ယ်ကို အထူး ...ှာ၍ မောင်း ... ...သည့် လူ၊ ကျွဲ/ ... ...က်ခြင်း မပြုရ။ ...ျလိုက်နာပြီး ...အမှတ်အသား ...၍ မော်တော် ... ...တွင် နေ့စဉ် ...ရ ပျမ်းမျှမော် ...မှာ တစ်စီး၊ ...ာခိုင်နှုန်းနှင့် ...န္တရာယ်ကင်း ...ခြေအနေနှင့် ...ဖြင့် ထိန်းချုပ် ... ယုံကြည်စွာ ... ...ေးဝန်ကြီးဌာန

*** သဘာဝဘေးမှ**

မြေစက်ရုပ်များကို တီထွင်ထုတ်လုပ်ခဲ့ကြပြီး ယခုအခါ အိန္ဒိယကြည်းတပ်က စမ်းသပ်အသုံးပြုမှုများကို ပြုလုပ်လျက်ရှိသည်။

မြွေစက်ရုပ်၌ အဆင့်မြင့်နည်းပညာသုံး ကင်မရာနှင့် အာထရာဆိုးနစ် အာရုံခံကိရိယာများကို တပ်ဆင်ထားသည်။ အာထရာဆိုးနစ် အာရုံခံကိရိယာသည် ရေဒါနှင့် ဆိုနာကိရိယာတို့နှင့် သက်ဆိုင်သော နည်းပညာများ အပေါ်အခြေခံကာ တည်ဆောက်ထားပြီး သတင်းအချက်အလက်များ ပေးပို့ခြင်းနှင့် လက်ခံခြင်းတို့ ပြုလုပ်နိုင်သည်။

၁ ဒသမ ၅ မီတာအရှည်ရှိ မြွေစက်ရုပ်ကို အလူမီနီယံသတ္တုဖြင့် ပြုလုပ်ထားသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ အသုံးပြုနိုင်ရန် မြွေစက်ရုပ်များကို တီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးဝန်ထမ်းများ ဝင်ရောက်ရန်ခက်ခဲသည့်နေရာများ၌ ရှာဖွေမှုပြုလုပ်ရာတွင် မြွေစက်ရုပ်များက အထောက်အကူပေးမည်ဖြစ်ကြောင်း၊ အဆောက်အအုံပျက်များအတွင်း ပိတ်မိနေသူများ၏ အသက်ကို ကယ်တင်နိုင်ရန် ကယ်ဆယ်ရေးလုပ်သားများက မြွေစက်ရုပ်များကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်ဆင်းက ပြောကြားသည်။ **(ပီတီအိုင်)**

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ရေမြှုပ်မွေ့ရာစက်ရုံမီးလောင်၊ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ကနောင်လမ်းသွယ်(၁)အမှတ် ၁၉/၂/၃၄ရှိ မစ္စတာရာဂျင်နာလ်ပရာဆပ်ပိုင် ရေမြှုပ်မွေ့ရာစက်ရုံတွင် ရေမြှုပ်ဖော့ဖြတ်ရာမှ အပူချိန်လွန်ကဲ၍ ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးဦးဆောင်သော မီးသတ်ယာဉ် ၃၁ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ ကွပ်ကဲမှုယာဉ် နှစ်စီး၊ ထောက်ပံ့ယာဉ် နှစ်စီးတို့ ရောက်ရှိလာပြီး မီးငြိမ်းသတ်ကြရာ**(အောက်ပုံ)**မွန်းလွဲ ၂ နာရီ ၅၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

(တင့်လွင်)

ပြည်တွင်းရေးရာ

နိုင်ငံတကာကွန်ဖရင့် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်တက္ကသိုလ်နှင့် ဩစတြေးလျ အမျိုးသားတက္ကသိုလ်တို့ ပူးပေါင်း၍ Population in the Asian Century ခေါင်းစဉ်ဖြင့် နိုင်ငံတကာကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာသမိုင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်များ၊ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးများ၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ဖိတ်ကြားထားသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ပညာရှင်များ၊ ဩစတြေးလျ အမျိုးသားတက္ကသိုလ်နှင့် ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်တို့မှ ပါမောက္ခများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါကွန်ဖရင့်ကို ဖေဖော်ဝါရီ ၅ ရက်အထိ ကျင်းပပြီး Population and Development ခေါင်းစဉ်ဖြင့် လုပ်ငန်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်းကမ်းမဲ့သူများကို အရေးယူသင့်

စစ်ကိုင်း ဖေဖော်ဝါရီ ၅

စစ်ကိုင်းမြို့ မိုးဇာရပ်ကွက် မြို့မဈေးကြီး၏မြောက်ဘက် အပ်ချုပ်စုလမ်းမှာ စည်းကမ်းမဲ့သူတချို့ကြောင့် သွားလာမှုခက်ခဲကာ ယာဉ်တိုက်မှုများကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။

စစ်ကိုင်းမြို့ မြို့မဈေးကြီး၏မြောက်ဘက် အပ်ချုပ်စုလမ်းမပေါ်တွင်ဆိုင်ခန်းများမှာ လမ်းပေါ်ထိ ကျူးကျော်ခင်းထားခြင်း၊ ပျံကျဈေးသည်များ စနစ်ကျမှုမရှိဘဲ လမ်းဘေးဝဲ/ယာတွင် လမ်းအပြည့်နီးပါးရောင်းချနေကြခြင်း၊ ကားအသင်းများ၏ လိုင်းကားများက ကုန်တင်ကုန်ချခရီးသည် အကြိုအပို့ပြုလုပ်နေကြခြင်းတို့ကြောင့် အဆိုပါလမ်းမှာ ကျဉ်းသည်ထက်ကျဉ်းကာ ဈေးဝယ်သူများနှင့်ဖြတ်သန်းသွားလာသူများ ယာဉ်တိုက်မှုမဖြစ်အောင် ရှောင်တိမ်း သွားလာနေကြရသည်။ **(အပေါ်ပုံ)**

စည်းကမ်းမဲ့သူများကို သက်ဆိုင်ရာမှ အရေးယူသင့်ကြောင်း ပြောဆိုနေကြသည်။ **(ဉာဏ)**

စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

သထုံ ဖေဖော်ဝါရီ ၅

သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ စာဖတ်ရှိန်မြင့်မားလာစေရန် ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က သထုံမြို့နယ် ဒေးဗရိန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒေးဗရိန်းကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို သထုံခရိုင်ဦးစီးအရာရှိဒေါ်ခင်စောလင်းက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဦးဘသွင်က လက်ခံရယူသည်။

အဆိုပါစာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဒေးဗရိန်းကျေးရွာ အလက(ခွဲ)မှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(လင်းလင်း)**

ဘဏ်မှငွေထုတ်ပုံ

သိပ္ပံမှူးတင်

ဘဏ်မှငွေထုတ်ပြီး တက္ကစီငှားစီးလာရာ ကားပျက်၍ ဆင်းတွန်းခိုင်းစဉ် တက္ကစီသမားက ငွေများယူထွက်ပြေးသည့်သတင်း ဖတ်ရသောအခါ ကျွန်တော်ဘဏ်မှငွေထုတ်ခဲ့မှုတစ်ရပ်ကို သတိရ၍ ရေးရပါသည်။

နိုင်ငံခြားသင်္ဘောသား မိသားစုများကို ကျွန်တော်လခထုတ်ပေးရန် တာဝန်ယူခဲ့ရဖူးပါသည်။ ထိုသို့ထုတ်ပေးရန် မိသားစုများကို ၉ နာရီခွဲ ခေါ်ထားကြသည်။ ငွေထုတ်၊ ငွေရေတွက်၊ စာအိတ်ထဲထည့် ငွေထုတ်ပေးမှုမှာ ထိုနေ့ နံနက် ၄ နာရီမှ ပြီးသည်။ ကျွန်တော်က မိသားစု ၄၀၀ ခန့်ကို တစ်မနက်နဲ့ အပြီး ထုတ်ပေးနိုင်ရန် စီမံရပါသည်။

ငွေကို ထောင်တန်၊ ရာတန်၊ ငါးဆယ်တန် ခွဲကာ တစ်ရက်ကြို၍ ထုတ်ထားစေသည်။ ဘဏ်မှ ငွေသိန်းပေါင်းများစွာထုတ်တိုင်း လူနှစ်စုလွှတ်သည်။ ပထမအစုက ငွေထုတ်ရန်၊ ဒုတိယအစုက ထိုငွေထုတ်သူများကို အဝေးမှ စောင့်ရှောက်ကြည့်ရန်ဖြစ်သည်။ မန်နေဂျာ တစ်ယောက်ကို အပြင်ကခန့်ပြီး တစ်နေ့နှင့်တစ်ည အချိန်ယူစေကာ စာအိတ် ၄၀၀ အတွင်း ငွေကို ထောင်ဂဏန်း၊ ရာဂဏန်းထိ တိကျစွာ တွက်ချက်စေသည်။

နံနက် ၉ နာရီခွဲတွင် မိသားစု ၄၀၀ ရောက်လာရာ ဧည့်ခန်းတွင် ကုလားထိုင်၊ စားပွဲ၊ သောက်ရေ၊ ဖတ်စရာစာအုပ်များ ချထားကာ စောင့်စေပါသည်။ ထို့နောက် ငွေဝေငှရန် သင်ပေးထားသော ဝန်ထမ်းဆယ်ဦးတို့က တစ်ပြိုင်တည်း ငွေများထုတ်ပေးရာ စာအိတ်တွင်း၌ ငွေတိကျမှန်းသိ၍ ရေတွက်ခြင်းမပြုကြပါ။ မွန်းတည့် ၁၂ နာရီ မတိုင်မီ အပြီးပေးပြီး သွားသည်။

ဤတွင် အမျိုးသမီးကြီးတစ်ဦးက လက်ဖက်ရည်ဖိုးပေးသွားရာ ဝန်ထမ်းများက မယူဟုငြင်းသော်လည်း မရ။ 'လာဘ်ပေးလာဘ်ယူလုပ်တာမဟုတ်၊ ငွေထုတ်ပေးမှုကို ကျေနပ်လွန်းလို့ပေးသွားတာလို့ ရှင်တို့အရာရှိကိုပြော' ဟု ဆိုလိုက်ရာ မိမိမှာ ဘာမျှမတတ်နိုင်ဖြစ်သွားပါသည်။

ရှားပါးငှက်မျိုးစိတ်ဝင် စွေ့ငှက်လေးများ စစ်ကိုင်းတွင်အများအပြားတွေ့မြင်နေဆဲဖြစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံတွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့်အရေးနှင့် ကြုံတွေ့နေရသည့် ရှားပါးငှက်မျိုးစိတ်ဝင် စွေ့ငှက်လေးများအား စစ်ကိုင်းတောင်ရိုးနှင့် တောချုံထူထပ်သော စစ်ကိုင်းမြို့ဝန်းကျင်တွင် အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိနေသည်ကို တွေ့ရသည်။ စွေ့ငှက်လေးများသည် ခုနစ်ကောင်မှ ၁၀ကောင်ခန့်အထိ အုပ်စုဖွဲ့ကာ စည်းလုံးစွာနေထိုင်ကျက်စားကြပြီး သစ်ပင်နိမ့်များနှင့် တောချုံပင်များအကြားတွင် လှည့်လည်ကျက်စားကြသည့် ငှက်ငယ်များဖြစ်သည်။ အမွေးရောင်မှာ ညိုမွဲမွဲဖြစ်ပြီး အမြီးရှည်ကာ ချစ်စဖွယ်ဖြစ်သည်။ အကွာအဝေးမြင့်မြင့်၊ ခရီးဝေးဝေး မပျံသန်းနိုင်ကြဘဲ တစ်နေရာမှ တစ်နေရာသို့ အထောက် ထောက်နားကာ ပျံသန်းလေ့ရှိကြသည်။ အပင်မြင့်များတွင် နေထိုင်မှုမရှိကြဘဲ မြေပြင်နှင့်နီးစပ်ရာ တောချုံသစ်ပင်များတွင် ကျက်စားနေထိုင်ကြသည်ကို တွေ့ရသည်။ တစ်ကောင်နှင့်တစ်ကောင် အသံဖြင့်အချက်ပေးဆက်သွယ်ကြပြီး အန္တရာယ်အရိပ်အယောင်တွေ့ပါက ဆူညံစွာအော်ဟစ်အသံပေးကြသည်။ စစ်ကိုင်းတောင်ရိုးနှင့် စစ်ကိုင်းမြို့ဝန်းကျင်တွင် နေထိုင်ကျက်စားလျက်ရှိနေသည့် ရှားပါးငှက်မျိုးစိတ်ဝင် စွေ့ငှက်လေးများအား မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ **(မင်းလွင်)**

NM New Motion
NEW MOTION Travels & Tours
Escape from Everyday Life
အမေရိကားခရီးစဉ် - April 8, 10
ဥရောပခရီးစဉ် - April 8
ဒူဘိုင်း - Feb 11, Apr 13
ဟောင်ကောင် - Feb 24
အိန္ဒိယ - Feb 22, Mar 20
ပန်ကောက် - Feb 24
စင်ကာပူ-မလေးရှား - Mar 2
508124, 527254, 523253, 09 73148933-44-55-66 - 09 91021122

Learn English with Native Speakers

IELTS, Speaking Skills
Business English
Effective English: 4 skills
(Beginner to Advanced with professional teachers)
Enrol before 31 January for a 20,000-kyat discount
Your success is ours
Phone: 09 7316 2586, 09 7319 6350
01 500 464, 09 42111 9895
Building 6, Junction Square
Kamaryut Township, Yangon

Duplo ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကွမ်းခြံလမ်း၊ အမှတ်(၁၈-၂၄)တွင် တည်ထောင်ဖွင့်လှစ်ထားသော GANDAMAR Office Machines Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်းအသိပေးကြေညာအပ်ပါသည်။

ဂျပန်နိုင်ငံတွင် တည်ထောင်ထားသော Duplo Corporation သည်မြန်မာနိုင်ငံတွင် Duplo ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၃၃၉၅ / ၂၀၁၂ ဖြင့်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Duplo Corporation သည်၎င်းကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် International Class 2,7,9,16 တို့တွင် ပါဝင်သော ပစ္စည်းများကို မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချရန်အတွက် GANDAMAR Office Machines Ltd အားတစ်ဦးတည်း ကိုယ်စားလှယ် ပေးအပ်ထားပြီးဖြစ်ပါသည်။

ယခုအခါ ဌာနဆိုင်ရာအချို့မှ တင်ဒါခေါ်ယူရာတွင် တင်ဒါတင်သွင်းသူတစ်ချို့သည် Duplo အမှတ်တံဆိပ်ကပ်နှိပ်ထားသော်လည်း အရည်အသွေးစံချိန်စံညွှန်းမမှီသည့် မှင်အမျိုးမျိုးနှင့် Master Roll အမျိုးမျိုးကို ဂျပန်နိုင်ငံမှတင်သွင်းထားသော Duplo အမှတ်တံဆိပ်ပစ္စည်းများဖြစ်ကြောင်း လိမ်လည်ပေါ်ပြ၍ အတင့်ရဲစွာဖြင့် ပြောင်ပြောင်တင်းတင်းရောင်းချပေးသွင်းနေသည်ကိုမြင်တွေ့သိရှိနေရပါသည်။

အချို့သောဌာနများသည် ဂျပန်နိုင်ငံမှတင်သွင်းထားသော Duplo အမှတ်တံဆိပ် ပစ္စည်းများဟု မှတ်ယူ၍ဝယ်ယူအသုံးပြုရာတွင် အရည်အသွေးနှင့်စံချိန်စံညွှန်းမမီသော ပစ္စည်းများဖြစ်နေသဖြင့် စက်များ ပျက်ဆီးချို့ယွင်းမှုများရှိနေကြောင်းကို GANDAMAR Office Machines Ltd မှ စက်များကိုလိုက်လံပြုပြင်ပေးရသည့်အခါတွင် ထိုအချက်ကိုတွေ့ရှိခဲ့ရပါသည်။

ထို့ကြောင့် Duplo ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သောပစ္စည်းများအနက်အသုံးများသဖြင့် မှင်အမျိုးမျိုးနှင့် Master Roll အမျိုးမျိုးတွင် အတုအပပစ္စည်းများပေါ်ပေါက်နေပါသဖြင့်၊ Duplo ကုန်အမှတ်တံဆိပ်ဖြင့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသောပစ္စည်းများကို သုံးစွဲကြသူများအနေနှင့် သတိထား၍ ဝယ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

Duplo အမှတ်တံဆိပ်ပါမှင်အမျိုးမျိုး၊ Master Roll အမျိုးမျိုးကို အတုပြုလုပ်၍ တင်သွင်းရောင်းချနေသော ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ဆက်လက်တင်သွင်း ရောင်းချခြင်းမပြုပါရန်နှင့် ဆက်လက်တင်သွင်းရောင်းချမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ ခေါ်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြင့်မြင့်ဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၁၆/၇၄)
၂၄၇/၂၄၉ (စတုတ္ထ-ဒေး)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ HP-09-5057383

ပြည်တွင်းရေးရာ

စစ်ကိုင်းမြို့နယ် စာရေးရွာ၌ မင်းခေါင်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် စာရေးရွာ မင်းခေါင်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း၊ ရပ်မိရပ်ဖ ဦးဝင်းအောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ည ၇ နာရီတွင်စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ်စာပေဟောပြောပွဲကို မင်းခေါင်စာကြည့်တိုက်အနီး ဘောလုံးကွင်းရှိ စင်မြင့်တွင် ကျင်းပရာ စာရေးဆရာ စိုးဘားဒိုင်က (သံမဏိမြား)၊ ကိုနေမန်းက (မင်းခေါင်အရေးတော်ပုံ)၊ ညိုထွန်းလူက (ခေတ်လူသား) ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။ အဆိုပါ စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ငွေကျပ် ၁၀ သိန်း မတည်ပြီး ဒေသခံ ဇေယျာရွှေမြေပရိသတ်များက ဝိုင်းဝန်းတည်ထောင်ခဲ့ကြခြင်းဖြစ်ကာ စာရေးကျေးရွာဇာတိဖွား စာတတ်ပေတတ် အင်းဝဘုရင်မင်းခေါင်ကို အစွဲပြုပြီး မင်းခေါင်စာကြည့်တိုက်ဟု မှည့်ခေါ်ခြင်းဖြစ်ကြောင်းသိရသည်။

(၁၀၇)

ထွန်းလင်းတောက်ပကြပါစေ

မြင့်လှိုင် (မြန်အောင်)

အခြေခံပညာ ကျောင်းများတွင် သင်ကြားနေသည့် ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာအရည်အချင်း အားနည်းနေကြသည်ကို တွေ့ရသဖြင့် အရည်အချင်းပြည့်မီသော ဆရာဆရာမများဖြစ်ရန် စီမံကိန်းချဆောင်ရွက်မည်ကိုကြားရသဖြင့် များစွာ ဝမ်းသာမိပါသည်။ မြန်မာ့ပညာရေး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် အဘက်ဘက်မှ စီမံကိန်းများ ချမှတ်လုပ်ဆောင်နေကြပြီ ဖြစ်ပါသည်။ ယနေ့လူငယ်များ အဆင့်အတန်းမီ ပညာတတ်ကြမှ တိုင်းပြည် ဆတက်ထမ်းပိုး တိုးတက်စည်ပင်ဝပြောနိုင်ပါမည်။

ကျောင်းဆရာ ဆရာမများဘက်မှလည်း မိမိကိုယ်တိုင် အရည်အချင်းမပြည့်မီသေးက အင်္ဂလိပ်ဘာသာအရည်အချင်းပြည့်မီအောင် Pronunciation မှန်ကန်စွာ တတ်မြောက်ရန် လေ့လာဆည်းပူးသင့်ပါသည်။ Aircon ကို အဲယားကွန်းဟု အသံမထွက်သင့်တော့ပါ။ လွန်ခဲ့သောတစ်နှစ်ခန့်က နိုင်ငံခြားကုမ္ပဏီတစ်ခု ရန်ကုန်မြို့သို့လာ၍ Hotel ဝန်ထမ်း လာရောက်ရွေးချယ်ခေါ်ယူသည်ကို ကြားလိုက်ရပါသည်။ လူ ၅၀ ကျော် ဖြေဆိုသူများက ဆီဒိုးနားဟော်တယ်ဟု အသံထွက်ပြီး လူငယ်နှစ်ဦးကသာ ဆီဒိုးနားဟိုတယ်ဟု Pronunciation မှန်ကန်စွာပြောဆိုနိုင်သဖြင့် ထိုနှစ်ဦးကိုသာ ရွေးချယ်ခေါ်ယူသွားကြောင်း ကြားလိုက်ရပါသည်။ ဆရာတစ်ဦး၏ အမှားတစ်ခုကြောင့် တပည့်ပေါင်းများစွာ မနစ်နာမဆုံးရှုံးသင့်ပါ။ အချို့သော အခြေခံကျောင်းများတွင် စေတနာ ဝါသနာ အနစ်နာထက် မိမိကျူရှင်ရရေးကိုသာ ကြည့်ပြီးသင်ကြားနေကြကြောင်း မကြာမကြာ ကြားနေရပါသည်။ မိမိစားဝတ်နေရေး မလောက်ငသဖြင့် အပိုဝင်ငွေရှာကြရသည်ကို မပြောလိုလှပါ။ မိမိအတန်းသားတပည့်များ မိမိကျူရှင်သို့ လာမတက်၍ပညာပြသောအဖြစ်မျိုး မဖြစ်သင့်ပါ။ကျူရှင်ဖိုးမတတ်နိုင်ကြသော လက်လုပ်လက်စား သားသမီးများ၊ အခြေအနေမပေး၍ အတန်းပိုင်ကျူရှင်လာမတက်နိုင်ကြသူများလည်း ရှိကြပါသည်။ ကျူရှင်ယူနိုင်သည်ဖြစ်စေ၊ မိမိကျူရှင်မတက်နိုင်သည်ဖြစ်စေ တပည့်များစာတတ်ရန် ဆရာစားမချန် သင်ပေးသင့်ပါသည်။

ပြီးခဲ့သော အောက်တိုဘာလ အခန်းဆုံးစာမေးပွဲတွင် မြို့နယ်တစ်ခုရှိ နာမည်ကြီးကျောင်းတစ်ကျောင်းမှ ကျောင်းသား၏ မိဘတစ်ဦးက သူ၏သမီးလေး စာမေးပွဲဖြေရန် အင်္ဂလိပ်ဘာသာကို စစ်ဆေးကြည့်လိုက်မိသည်ဟုဆိုပါသည်။ အင်္ဂလိပ်စာအက်ဆေး ခုနစ်ပုဒ်အား ခေါင်းစဉ်သာ ပေးထားသည်ကိုတွေ့ရသည်။ သူ၏ အတန်းပိုင်ထံတွင် ကျူရှင်မယူ၍ အက်ဆေးတစ်ပုဒ်လုံး မသင်ပေးခြင်းလား၊ အခြားကျူရှင်ယူသော ကျောင်းသားများကိုရော သင်ပေး၊ မပေးကိုတော့ မမေးလိုက်မိပါ။ မတတ်၍ စာသင်ကျောင်းကို အားကိုးပြီး စာလာသင်ကြားပါသည်။ မိဘ လက်လုပ်လက်စားမို့ ကျူရှင်မယူနိုင်၊ ကျောင်းကိုသာ အားကိုးပါသည်ဆိုကာမှ အင်္ဂလိပ်အက်ဆေးခုနစ်ပုဒ်လုံးကို ခေါင်းစဉ်တွေသာ ပေးထားသည်မှာ မည်သို့ပါနည်း။ ခေါင်းစဉ်ကိုသာ ရေးပေးလိုက်ရုံသာ ရှိတော့သည်။ ခေတ်တွေ၊ စနစ်တွေ၊ အခွင့်အရေးတွေ တိုးတက်ပြောင်းလဲနေပြီဖြစ်၍ ဒါလာ ဒါထည့် အာဂုံဆောင်ခိုင်းပြီး စာမေးပွဲအောင်ရုံလေး၊ အရည်အချင်းမမီသော ဘွဲ့တစ်ခုရရုံလေး တစ်ခုကိုသာ မကြည့်သင့်တော့ပါ။ အရေအတွက် များတာထက် အရည်အချင်းများများ လိုအပ်ပါသည်။ မိမိနိုင်ငံအတွင်းမှာပင် နိုင်ငံတကာနှင့် ချိတ်ဆက်၍ အရည်အချင်းမီသော ပညာရေးအခွင့်အလမ်းများစွာ ပေါ်နေပြီလည်းဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်တွင် ကမ္ဘာ့နိုင်ငံကျော် တက္ကသိုလ်များမှ ပါမောက္ခများ ကိုယ်တိုင်လာ၍ ပို့ချတော့မည့်သတင်းဖတ်ရသဖြင့် များစွာဝမ်းသာမိပါသည်။ မိမိဘက်က သင်ယူနိုင်သော အရည်အချင်းပြည့်မီအောင် အခြေခံကျောင်းများမှစတင်ပြီး ဆည်းပူးသင်ယူထားရန် လိုအပ်ပါသည်။ ဆရာ ဆရာမများဘက်မှလည်း ကျောသားရင်သားမခွဲခြားသင့်ပါ။

ကလေးများတတ်မြောက်အရည်အချင်းပြည့်မီအောင် သင်ကြားပေးသင့်ပါသည်။ ငါးခုံးမတစ်ကောင်ကြောင့်တော့ တစ်လှေလုံး မပုပ်သင့်ပါ။ ကျူရှင်ရလိုမှု တစ်ခုတည်းကြည့်သလို ကျူရှင်ယူရန်မလို ဆရာစားမချန်ဘဲ နာသုံးနာဖြင့် သင်နေကြသော ဆရာ ဆရာမ များစွာရှိပါသည်။ သာဓုအခါခါ ခေါ်မိပါသည်။ မည်သို့ဆိုစေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်၍ ခေတ်စနစ်နှင့်အညီ ဘက်စုံထူးချွန်တတ်မြောက်ကြသော နိုင်ငံတကာအဆင့်မီ ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းစေလိုသော စေတနာဖြင့် ကြားသိသရွေ့ ရေးသားတင်ပြလိုက်ရပါသည်။

အနာဂတ်ကြယ်ပွင့်များများပေါ် ထွန်းပါစေဟု ဆန္ဒမွန်ဖြင့် ---။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၇း၀၃ တရားတော်
၇း၅၀ တောင်ယာစူးထိုးအက (ကယား)
၈း၀၆ ဇာတ်လမ်းတို
၄း၃၇ ပွဲစံဇရ်ဆိုင်းအက (ဓနု)
၄း၄၅ ရွှေးဟောင်းသုတ
၅း၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀ တွဲသောလက်တွေခိုင်မြဲစေ (တိုင်းရင်းသားများ)
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၇၉)
၆း၁၀ Mail Box
၆း၂၅ ကာတွန်းအစီအစဉ် -အာကာသ သူရဲကောင်းလေးများ (အပိုင်း-၇၃)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ (အပိုင်း-၇) -ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆွဲအားပြင်းတဲ့ချစ်ခြင်း" (အပိုင်း-၅)

အထက(၅)ဗိုလ်တထောင်
ဆုချီးမြှင့်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

အထက(၅)ဗိုလ်တထောင်၏ ၂၀၁၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးဆုများ၊ ကျောင်းတွင်းပညာရည်ချွန်ဆုများ၊ ၂၀၁၁-၂၀၁၂ပညာသင်နှစ် ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဘက်စုံထူးချွန်ဆုများ၊ ဘာသာရပ်စွမ်းရည်ဆုများ၊ အားကစားဆုများ၊ ပန်းချီ၊ ပိုစတာ၊ စာစီစာကုံး၊ ကျပန်းဆုများ ချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၉-၂-၂၀၁၃(စနေနေ့)
ကျင်းပမည့်အချိန် - ၉ နာရီ
ကျင်းပမည့်နေရာ - ကျောင်းခန်းမ
မှတ်ချက်။ ကျောင်းဝတ်စုံဖြင့်ဆုယူပါရန်။

ကျောင်းအုပ်ဆရာမကြီး
မိဘဆရာအသင်းနှင့်
ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ပျောက်ဆုံး

ကျွန်တော် မောင်ထက်အောင်ကျော် [၁၂/ဗတထ(နိုင်)၀၄၀၂၂၃] P-P No (မမှတ်မိပါ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉၇၃၂၀၀၃၇၆

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ် အလက-၁၀၊ ထ(၂)ခွဲ အဌမတန်း(က)မှ မောင်ကောင်းညွန့် ဇော်၏ဖခင်အမည်မှန်မှာ ဦးမောင်မောင်ဌေး [၁၂/မဂဒ(နိုင်)၁၀၅၇၉၆]ဖြစ်ပါကြောင်း။
ဦးမောင်မောင်ဌေး

ကျေးဇူးဆပ်ပါမည်

Passport No.-M 422570
ဖုန်း-၀၁ ၂၈၆၃၀၀

ရွှေထိပ်တန်း ချောင်းသာ ငွေဆောင် 01-701015, 09-5403844 01-710436, 09-5044830
Asia Top 09 43164118, 09 8635520 35000 50000 60000 70000 Package 30000
GOLDEN STAR ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ (နေ့စဉ်) ငွေဆောင် (သောကြာ) Ph:209200,430480,544383
ကျော် Ph:01-389370,09421042332,09420005131
အာရှနဂါး ချောင်းသာ/ငွေဆောင် Ph : 703790,09-861-9008 707062,09-861-7770
ရွှေစက်တော်ဖူးပွဲ 25000 420211358, 73051870
TOP STAR 09-43179331,448544658
ရွှေနဂါး ကျိုက်ထီးရိုး-10000/- ချောင်းသာ -13000/- Ph.209077, 209388, 09-731 67000
BLT Air-Con Express ကျိုက်ထီးရိုး 9000 ချောင်းသာ 10000 09-73163534, 0942503345
ရွှေကြေးစည်-ကျိုက်ထီးရိုး / ချောင်းသာ Feb 13,14,15 240860/372290 09-49282825
မိုးမြင့်ကြယ် 095093704 01-376428 မန်းရွှေစက်တော်ဖူးပွဲ Feb14 ကျိုက်ထီးရိုး/ချောင်းသာ 30000 / 40000
အာရှကမ္ဘာ 383524 378882 ရွှေစက်တော်
ASIA KING 01-387973, 09-43114301 35000 65000 Hotel Package 45000
50% Discount Hotel Package Air-Con, hot & cold water, Toilet 75000 Feb-8/22 Feb-14/28 75000 90000 Feb-22 90000 Feb-22 Ph: 09-73211079, 09-49250637, 09-420073607
Golden Luck Air-Con Express ချောင်းသာ 10000 Hotel, Guest House 0949259331,09401601098
AKM TRAVELS ကျိုက်ထီးရိုး (နေ့စဉ်) ချောင်းသာ (နေ့စဉ်) (Feb 13-14) 09-49001557, 09422456025
ချမ်းမိုးသာ 35000 60000 60000 0973198239, 0943033237, 0973163538
မှုးယစ်ဆန့်ကျင် အောင်ပွဲဆင်

အနုပညာ

နိုင်ငံရေးအကြံပေးအဖြစ် ခန့်အပ်ခံရသည့် ဂျက်ကီချန်း

ဇေယျာလင်း

ဟောင်ကောင်အက်ရှင် မင်းသား ဂျက်ကီချန်းသည် တာဝန်သစ်တစ်ရပ်ကို ထမ်းဆောင်ရတော့မည်ဖြစ်သည်။

ဂျက်ကီချန်းသည် တရုတ်နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ နိုင်ငံတော်အဆင့်ကိုယ်စားလှယ်တစ်ဦးအဖြစ် ခန့်အပ်ခံခဲ့ရသည်။

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်သည် တရုတ်နိုင်ငံ၏ထိပ်တန်းနိုင်ငံရေးအကြံပေးအဖွဲ့တစ်ဖွဲ့ ဖြစ်သည်။ ဂျက်ကီချန်း၏ကိုယ်စားလှယ်တစ်ဦးက ဂျက်ကီချန်းသည် အဆိုပါအဖွဲ့၏ လေးနှစ်သက်တမ်း၌ နိုင်ငံရေးအကြံပေးတစ်ဦးအဖြစ် မတ်လတွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဂျက်ကီချန်းသည် အခြားအနုပညာရှင်များဖြစ်သည့် သရုပ်ဆောင်ဒါရိုက်တာ စတီဖင်ချောင်၊ ၂၀၁၂ နိုဘယ်လ်ဆုရ စာရေးဆရာ မိုရန်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဟောလိဝုဒ်မင်းသမီး ခရစ္စတင်းစတီးဝပ်၏ ချီးကျူးစကားဆိုခံရသည့် ဘောလိဝုဒ်မင်းသား

ဘောလိဝုဒ်မင်းသား ရာသစ်ရိုချန်က ဟောလိဝုဒ်မင်းသမီး ခရစ္စတင်းစတီးဝပ်၏ ချီးကျူးဂုဏ်ပြုပြောဆိုမှုကို ပြန်လည်ထင်မြင်ချက်ပေးသည်။

Twilight ဇာတ်ကားများ၏ သရုပ်ဆောင်မင်းသမီး စတီးဝပ်က မင်းသားရိုချန်သည် ရုပ်ဖြောင့်ပြီး သူမတွင် သားယောကျ်ားလေးတစ်ဦးရှိမည်ဆိုလျှင် ရိုချန်နှင့်တူစေချင်ပါကြောင်း မကြာသေးမီက ထုတ်ဖော်ပြောဆိုခဲ့သည့်စကားနှင့်ပတ်သက်ပြီး အသက်(၃၉)နှစ် အရွယ် မင်းသား ရိုချန်က ခရစ္စတင်းစတီးဝပ်၏ချီးကျူးစကားကို ကြားရသည့်နေ့က အကြပ်ရိုက်ခဲ့ရပါတယ်။ တစ်စုံတစ်ယောက်ကို ထင်မြင်ချက်ပေး နွေးထွေးစေသောစကားပါ။ ဒီစကားကြောင့် စိတ်ခါတ်တက်ကြွမှုကို ခံစားရပါတယ်ဟု ပြန်လည်စကားဆိုသည်။

၎င်းတို့နှစ်ဦး ပူးတွဲသရုပ်ဆောင်ဖို့ဆိုတာ ဖြစ်နိုင်ခြေရှိကြောင်း ပြောဆိုနေကြသော်လည်း မင်းသားရိုချန်ကမူ တရားဝင် ဆွေးနွေးထားခြင်းမရှိသေးပါဘူးဟု ပြောကြားသည်။ မင်းသားရိုချန်သည် ဒါရိုက်တာ ရှီခါကပူး ရိုက်ကူးမည့် Panni ဇာတ်ကား၌ ရိုချန်သည် မင်းသမီးခရစ္စတင်းစတီးဝပ်နှင့် တွဲဖက်သရုပ်ဆောင်ရန် ဆွေးနွေးခဲ့သည်ဟု မကြာသေးမီက သတင်းများ ထွက်ပေါ်ခဲ့သည်။

မင်းသားရိုချန်သည် ယခုလောလောဆယ် ၂၀၀၆ ခုနှစ်က မင်းသမီး ပရီယန်ကာချိုပရာနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် Krrish 2 ဇာတ်ကား၏ နောက်ဆက်တွဲ Krrish 3 ဇာတ်ကားအတွက် အလုပ်များလျက်ရှိသည်။

မင်းသမီး ခရစ္စတင်းစတီးဝပ်နှင့် မင်းသား ရာသစ်ရိုချန်

တန့်ယန်း၌ မိုဘိုင်းစနစ်ဖြင့် လိုင်စင်များဆောင်ရွက်ပေးနေ

တန့်ယန်း ဖေဖော်ဝါရီ ၅

တန့်ယန်းမြို့နယ်အတွင်းရှိ မိဘပြည်သူများ အသုံးပြုလျက်ရှိသော ရေဒီယိုနှင့် ရုပ်မြင်သံကြားစက်များအတွက် လိုင်စင်ပြုလုပ်ပေးခြင်းကို ဇန်နဝါရီလအတွင်းမှစတင်၍ မြို့မရုပ်ကွက်များအတွင်း၌ မိုဘိုင်းစနစ်(ရွှေ့လျားစနစ်)ဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဒီယိုနှင့် ရုပ်မြင်သံကြား လိုင်စင်ပြုလုပ်ပေးခြင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြို့နယ်စာတိုက်မှူးနှင့် ဝန်ထမ်းများက မြို့မရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့လည်း သွားရောက်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၆၅၅)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၇း၀၀	ပရိတ်တရားတော်
၈း၀၀	"မြူတိမ်ကင်းသောနေ့"
၈း၁၀	(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၂၀	"ဧရာဝတီအလှတစ်ပါး ရတနာပုံတံတား"
၄း၃၀	၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ရူပဗေဒဘာသာရပ်)
၄း၅၀	International Science News
၅း၀၅	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၁၅	မိုးလေဝသအခြေအနေ
၇း၁၀	"ကြယ်ပွင့်များရဲ့ရင်ခုန်သံ"
၇း၂၅	"လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်"
၈း၀၀	ပြည်တွင်းသတင်း

-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ
-**"SEA GAMES Quiz Show"** အစီအစဉ်
-အလင်္ကာကျော်စွာ မြို့မငြိမ်းနှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးအစီအစဉ်
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"(အပိုင်း-၁၂၇)
-ပြည်တွင်းသတင်း
-မြန်မာရုပ်ရှင် "မလိခချစ်သူ" (မြတ်လေး၊ကောလိပ်ဂျင် နေဝင်း၊ ခင်ယုမေ) (ဒါရိုက်တာ-မြတ်လေး)

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
300 W TV.TX Transmitter (1 Set) ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် လိုအပ်လျက်ရှိသော 300 W TV.TX Transmitter (1Set) ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၂-၂၀၁၃ရက်မှစတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၁-၂-၂၀၁၃ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

၅။ ဈေးနှုန်းစိစစ်မှုကို ၁၄-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၇၉၁၃၅

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန
အဆောက်အအုံနှင့်မြေနေရာများ ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အောက်ဖော်ပြပါ အဆောက်အအုံနှင့် မြေနေရာများအား ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်တွင် ၄-၂-၂၀၁၃ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၁-၂-၂၀၁၃ ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပြန်လည်တင်သွင်းကြရန်ဖြစ်ပါသည်-

(က) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူအားကစားကွင်းရှိ (၃)ထပ်ဆောင်နှင့် အိပ်ဆောင်
(ခ) ရန်ကုန်မြို့၊ ဒဂုံမြောက် အားကစားကွင်း ရှင်းလင်းဆောင်
(ဂ) ပုသိမ်မြို့၊ ချောင်းသာလေ့ကျင့်ရေးစခန်း
(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးဟောင်း(ကျိုက္ကဆံ)

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၀၂၉၊ ၄၀၆၀၂၈ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါ သည်။

အားကစားဝန်ကြီးဌာန
ရုံးအမှတ်(၃၁)၊ နေပြည်တော်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းကြီးကြပ်ရေးအဖွဲ့
အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ အောက်ဖော်ပြပါ မြို့နယ်များရှိ ရော်ဘာခြံ/ ပီလောပီနံစိုက်ခင်းများအတွင်း စိုက်ပျိုးထားပြီးဖြစ်သော ရော်ဘာပင်စိုက်ပျိုးမြေဧကများအား တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်/အဖွဲ့အစည်းများသို့ လေလံတင်ငှားရမ်းမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်-

စဉ်	မြို့နယ်	ဧရိယာ(ဧက)	မှတ်ချက်
၁။	ကော့မှူး	၅၇၆	၄က်အော်စမ်းရော်ဘာခြံ
	။	၈	စက်ရုံအဆောက်အအုံမြေ
၂။	။	၆၅၃	ဆူးကလပ်ရော်ဘာခြံ
	။	၇	စက်ရုံအဆောက်အအုံမြေ
၃။	တွံတေး	၁၀၀	ပီလောပီနံစိုက်ခင်း
	။	၅	စက်ရုံအဆောက်အအုံမြေ

၂။ အိတ်ပိတ်တင်ဒါပိတ်မည့်နေ့ရက်/အချိန်-၂၈-၂-၂၀၁၃ရက် (ကြာသပတေးနေ့)၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံများကို ရန်ကုန်တိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၇-၂-၂၀၁၃ရက် မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုက ၎င်းဌာန ဖုန်း-၀၉-၅၀၀၅၃၀၂ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ရန်ကုန်တိုင်းကြီးကြပ်ရေးအဖွဲ့

ဖုန်း-၀၁-၂၃၀၁၂၀၈၊ ၀၁-၆၅၇၃၁၀

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG)ရန်ကုန်၏ (၄၉)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်(ပြည်ထောင်စုနေ့)(အင်္ဂါနေ့) နံနက် ၇နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျွန်းသာယာဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း မပျက်မကွက်ပါဝင်ပါရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ၀၉-၅၁၀၅၄၃၅၊ ဦးကျော်ဝင်း ၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ၀၉-၅၀၁၆၆၁၆ တို့ထံ ဆက်သွယ်မေးမြန်း နိုင်ကြောင်း သိရှိရပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ရွှေခိုးစည်
14-2-13
35000/-
373275, 708342, 0949219404

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျေးဇူးဆပ်ပါမည်။
ဦးသိန်းမြင့် ၉/ပမန(နိုင်)၁၁၃၁၃၇
(သကြားစက်) ပျဉ်းမနားမြို့ မန္တလေး၏ mazada RX-8 Saloon 2008 Custon IT နှင့် ကုန်သွယ်ရေးပါမစ် မူရင်း ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန်-၀၉-၇၃၁၀၈၀၃၉

RUBY
519100
09-51-77212, 535100

01-293159
01-9000293
09-5160048

အားကစား

၂၀၁၃ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၃ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ၁၆ ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်တွဲ၊ အမျိုးသားအသက်(၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ခုနစ်ဦး၊ အမျိုးသား အသက်(၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ခြောက်ဦး၊ အမျိုးသားအသက် (၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင်ခြောက်ဦး၊ အသက်(၆၀)နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ၁၀ ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်တွဲတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပြိုင်ပွဲ၏ ပထမနေ့တွင် ပြိုင်ပွဲပေါင်း ၁၀ ပွဲ ကျင်းပပြီးစီးသည်။

ပြိုင်ပွဲကို နေ့စဉ်နံနက် ၉ နာရီတွင် အဆိုပါကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မောင်မောင်)

နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူရန် အစီအစဉ်မရှိကြောင်း ဘယ်လာမီ ဖွင့်ဟ

ဝေးလ်နိုင်ငံ၏ တိုက်စစ်မှူးတစ်ဦးအဖြစ် ပါဝင်ကစားခဲ့ရသော တိုက်စစ်မှူးဘယ်လာမီသည် နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူရန်အစီအစဉ်မရှိသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် (၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘယ်လာမီသည် လက်ရှိတွင် ချန်ပီယံရှစ်ကလပ် ကာဒစ်ဖ်အသင်းတွင် ပါဝင်ကစားလျက်ရှိပြီး နိုင်ငံအသင်းအတွက် ပြိုင်ပွဲ ၇၀ ကစားခဲ့ကာ သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူပေးခဲ့ပြီးနောက် နိုင်ငံလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ပေ။

သို့ရာတွင် ဝေးလ်တိုက်စစ်မှူးဘယ်လာမီသည် ဇန်နဝါရီ ၆ ရက်တွင် ဩစတြီးယားနှင့် ယှဉ်ပြိုင်ကစားမည့်ခြေစမ်းပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်သည်။

နိုင်ငံကိုယ်စားပြု လက်ရွေးစင်ကစားသမားတစ်ဦးအဖြစ် ကစားခွင့်ရသည့်အခွင့်အရေးတစ်ရပ်ကို လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း၊ နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူရန်လည်း အစီအစဉ်မရှိသေးကြောင်းနှင့် နိုင်ငံလက်ရွေးစင်အဖြစ် တတ်နိုင်သမျှဆက်ရှိနေရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ကာဒစ်ဖ်၌ကျင်းပသည့် မီဒီယာကွန်ဖရင့်တစ်ခုတွင် တိုက်စစ်မှူးဘယ်လာမီက ပြောကြားခဲ့သည်။

ထို့အပြင် ဂါရတ်ဘေးလ်၊ ဂျိုးအလန်၊ ရမ်ဆေးတို့နှင့် အတူ ကစားရမည့်အခွင့်အရေးနှင့် ဝေးလ်နိုင်ငံလက်ရွေးစင်အသင်းဝတ်စုံကို ဆက်လက်ဝတ်ဆင်သွားမည်ဖြစ်ကြောင်းလည်း ဘယ်လာမီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရာဇီးအသင်းနှင့် အင်္ဂလန်အသင်း ခြေစမ်းပွဲတွင် ရော်နယ်လ်ဒင်ဟို ပါဝင်လာမည်

ဖေဖော်ဝါရီ ၆ ရက် ညပိုင်းတွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမည့် ဘရာဇီးအသင်းနှင့် အင်္ဂလန်အသင်းတို့၏ ခြေစမ်းပွဲစဉ်တွင် ဘရာဇီးစူပါစတား ရော်နယ်လ်ဒင်ဟို ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ အက်သလက်တီကို မီနေးရိုးတွင် ကစားလျက်ရှိသော ရော်နယ်လ်ဒင်ဟိုသည် နိုင်ငံလက်ရွေးစင်ကစားသမားဘဝနှင့် တစ်နှစ်ကြာဝေးကွာခဲ့ရပြီးနောက် ဘရာဇီးနည်းပြ ဖီးလစ်ပီစကော်လာရီ၏အသင်းအတွက် ပြန်လည်ပါဝင်လာခြင်းဖြစ်သည်။

ရော်နယ်လ်ဒင်ဟိုသည် ၂၀၁၄ ခုနှစ်တွင် အသက်(၃၄)နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး မိမိအနေဖြင့် ယခုလို ပြန်လည်ပါဝင်ကစားရခြင်းကို များစွာကျေနပ်အားရမှုရှိကြောင်းနှင့် တစ်နှစ်ကြာဝေးကွာခဲ့ရပြီးမှ နိုင်ငံလက်ရွေးစင်အသင်းတွင် ပြန်လည်ကစားရမည်ဆိုသည်မှာလည်း ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ရော်နယ်လ်ဒင်ဟိုက ဆိုသည်။

ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းတွင် နေရာတစ်နေရာပြန်လည်ရရှိရန်လည်း စိတ်အားထက်သန်လျက်ရှိကြောင်းနှင့် နည်းပြစကော်လာရီက အသင်းတွင် ပြန်လည်ကစားရမည့် အခွင့်အရေးတစ်ရပ်ပေးခဲ့၍ အလွန်ပျော်ရွှင်ခဲ့ကြောင်း ရော်နယ်လ်ဒင်ဟိုက ပြောကြားခဲ့သည်။

ရော်နယ်လ်ဒင်ဟိုသည် ဘရာဇီးနိုင်ငံအသင်းအတွက် ၉၄ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၃၃ ဂိုး သွင်းယူထားနိုင်ခဲ့သည်။

နိုင်လင်းကြည်

အက်ဖ်အေ၏အပြစ်ပေးမှုမှ လွတ်မြောက်ခဲ့သည့် တိုက်စစ်မှူး မိုက်ကယ်အိုဝင်

ဇန်နဝါရီ ၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော စတုတ်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပရီမီယာလိဂ်ပွဲစဉ်(၂၅)တွင် စတုတ်စီးတီးတိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် အာဆင်နယ်ကွင်းလယ်ကစားသမား မိုက်ကယ်အာတီတာကို ကြမ်းတမ်းစွာပြုမူခဲ့သော်လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)၏ အပြစ်ပေးမှုမှ လွတ်မြောက်ခဲ့ကြောင်း ဇန်နဝါရီ ၅ ရက် အင်တာနက်အားကစားသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အာဆင်နယ်ကွင်းလယ်ကစားသမား အာတီတာနှင့် စတုတ်စီးတီးတိုက်စစ်မှူး မိုက်ကယ်အိုဝင်တို့အကြား ဖြစ်ပွားခဲ့သည့်အကြောင်းအရာနှင့်ပတ်သက်၍ ကွင်းလယ်ဒိုင်လူကြီးဖြစ်သူ ခရစ်ဖွိုင်းကမူ အသေးအဖွဲပြဿနာတစ်ခုအဖြစ်သာ ရှုမြင်ထားခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စတုတ်စီးတီးအသင်းမန်နေဂျာ တွန်နီပူးလစ်ကမူ“အာတီတာရဲ့ စိန်ခေါ်မှုက အလွန်ပဲ ယုတ်ညံ့ခဲ့တာပါ။ ဒါပေမယ့် မိုက်ကယ်အိုဝင်အနေနဲ့လည်း အာတီတာကို ယခုလိုမျိုး ပြန်လည်တုံ့ပြန်ဖို့မသင့်ပါဘူး” ဟု ပြောကြားခဲ့သည်။

အာဆင်နယ်ကွင်းလယ်ကစားသမား အာတီတာကမူ စတုတ်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ ပွဲစဉ်(၂၅)အပြီးတွင် တစ်ယောက်နှင့်တစ်ယောက် တောင်းပန်စကားများပြောကြားခဲ့ကြောင်းနှင့် ယင်းသို့ လုပ်ဆောင်ရသည်မှာလည်း ဖြစ်ပွားသည့် ပြဿနာရပ်၏ နောက်ဆက်တွဲဆိုးကျိုးများမရှိစေရေးကို ရည်ရွယ်ကြောင်း ဆိုသည်။

သို့ရာတွင် နှစ်ဦးကြား၌ တင်းမာမှုတချို့ရှိခဲ့ကြောင်း အာဆင်နယ်ကွင်းလယ်ကစားသမား အာတီတာက ဘီဘီစီသို့ ဖြေကြားခဲ့သည်။

Vacancy Announcement for

Center for Vocational Training (CVT)

(Local Only)

CVT myanmar
Center for Vocational Training
Berufsbildungszentrum

Center for Vocational Training (CVT), Yangon, provides vocational training according to the dual apprenticeship model (Theory and Practice) from Switzerland. CVT works closely with a wide range of training companies as a non profit organization since 2002. If you are interested in supporting the vocational education with CVT, we are looking for the following posts.

1.Commercial Assistant Profession Teacher (1) post

-Bachelor Degree from University of Economic or relevant knowledge

-Experience in business management field is preferred

2.Cabinet Maker Profession Teacher (1) post

-must have to teach in drawing, design for furniture in theory and practice

-must have relevant certificate concerned with making furniture or civil engineering degree

3.Electrician Profession Teacher (1) post

-must be a degree holder of B.E (EP), AGTI (EP), or CVT graduate

-Experience in Electrical Installation field and Engineer Degree holder is preferred

4.Hotel & Gastronomy Assistant Profession Teachers(2) post

-must be a certificate holder of Housekeeping, F&B Production

-Experience in hotel management is a must

5.Metal Worker Profession Teacher (1) post

-must be a degree holder of B.E (Mechanical)/AGTI (Machine Tools & Design)

-must be skillful in machine shop subject in theory and practice and especially using milling machine

6.Media Officer (1) post

-Any degree but prefer in a certificate holder of computer

-must be skillful in computer, Excel, graphic, web design and prefer experience in media

The applicants should have at least 5 years working experience and 2 years teaching experience for 1 to 5 position. Good command in English (4 skills) is preferable and using a computer (Micro-Soft Office). Periodically revise the curricula and up to date level of profession know-how and actively participate in Team Work. Interested candidates are invited to submit an application letter with CV, recent passport sized photo, Copy of relevant documents and Labour Card to the reception counter or by e-mail within three weeks.

Contact: 3rd Floor, MRCS Bldg., No.42, Strand Road, Botataung Tsp., Yangon.

Ph.No: 01 – 383 676, 09 731 66206, 09 421 171 874

E-mail: hrcvtmyanmar@gmail.com,
cvt.2001.2009@gmail.com

မဟာစည်ထာဝရဆွမ်းပဒေသာပင်

အပင်(၅၀၀၀)ပြည့်ရေစက်ချလှူဒါန်းပွဲဖိတ်ကြားလွှာ

(၆၁)၊ (၆၂)၊ (၆၃)၊ (၆၄)နှင့်(၆၅)ကြိမ်မြောက် အပင်(၅၀၀၀)ပြည့် ထာဝရဆွမ်းပဒေသာပင် ရေစက်ချလှူဒါန်းပွဲကို (၁၃၇၄ခုနှစ်၊ ပြာသိုလကွယ်နေ့) ၁၀-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မဟာစည်သာသနာ့ရိပ်သာကြီး၏ ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ပါ၍ ကောင်းမှုရှင် သူတော်စင် အပေါင်းတို့အား ရေစက်ချတရား နာကြားနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်
ရင်ပြင်တော်ကျောက်ပြားခင်းရေစက်ချအလှူတော်မင်္ဂလာ
ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော်ကြီးတွင် ရင်ပြင်တော်ပတ်လည်တစ်လျှောက် အလှဆင်ကျောက်ပြားနှင့်အပူခံကျောက်ပြားများ ခင်းကျင်းရာတွင် အလှူရှင်များ၏ သဒ္ဓါထက်သန်စွာ ထည့်ဝင်လှူဒါန်းမှုကြောင့် ယခုအခါ ရင်ပြင်တော်အပြည့် ခင်းကျင်းလှူဒါန်းပြီးဖြစ်ပါသဖြင့် အဆိုပါ လှူဒါန်းမှုအတွက် ၁၂-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပမည်ဖြစ်ပါ၍ ကျောက်ပြားခင်းအလှူတော်အတွက် ထည့်ဝင်လှူဒါန်းထားကြသော အလှူရှင်များအနေဖြင့် ဖိတ်ကြားစာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့

ဒေါ်မီမီကိုသိရှိရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အကွက်အမှတ်(၁၄၅-ထီသိမ်ရွေးမြောက်)၊ ဦးပိုင်အမှတ်(၈၂-ခ)ရှိ ဧရိယာ(၀. ၁၉၃)ဧက မြေကွက်အား တောင်ကြီးမြို့၊ ဘုရားဖြူရပ်နေ ဒေါ်နန်းရွှေသစ်မှ ၂၀၁၁ခုနှစ်၊ ဩဂုတ်လတွင် မြေပုံ(၁၀၅)ရေးဆွဲခွင့်ပြုရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ဒေါ်မီမီကို (MMN-566284)က ကန့်ကွက်ခဲ့သဖြင့် ဤအသိပေးကြေညာသည့်နေ့မှစ၍ တစ်ပတ်အတွင်း ခိုင်လုံသော သက်သေအထောက်အထားနှင့်တကွ သက်ဆိုင်ရာသို့ လာရောက်ဖြေရှင်းရန်နှင့် လာရောက်ဖြေရှင်းခြင်းမရှိပါက တရားဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ဒေါ်မီမီကိုသိစေရန် အသိပေးကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့

အမှတ်-၂၀၅/၂၃၃၊ ပိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အိမ်ခန်းဥပစာများနှင့် စပ်လျဉ်း၍သက်ဆိုင်သူများသိစေရန်

အထက်ဖော်ပြပါ အဆောက်အအုံတည်ရာမြေနှင့် အကျိုးခံစားခွင့်များကို ယခင်ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၁၀/၉၃(အမွေပုံစီမံခန့်ခွဲပေးစေလိုမှု)တွင်ချမှတ်သော ဒီကရီအရ (ကွယ်လွန်သူဦးလားလ်မိုဟာမက်ခန်)၏ အမွေဆိုင်များက အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။ မူလအဆောက်အအုံဟောင်းကို မြို့တော်စည်ပင်သာယာရေးကော်မတီက အန္တရာယ်ရှိအဆောက်အအုံအဖြစ်သတ်မှတ်ကြေညာဖြိုဖျက်ဆောက်လုပ်ပြီး အိမ်ရှင်/မြေရှင် အကျိုးခံစားခွင့်များအတွက် ယာယီအိမ်ရှင်အဖြစ် ထိန်းသိမ်းထားပေးခဲ့ပါသည်။ အထက်ဖော်ပြပါ အမွေမှုဒီကရီအားအတည်ပြုအကောင်အထည်ဖော်ဆောင်ရွက်သည့် တရားမဇာရီမှုအမှတ်-၁၁၀/၉၇အတွင်း ဆောင်ရွက်ချက်များအရ မြို့တော်စည်ပင်သာယာရေးကော်မတီက အိမ်ရှင်/မြေရှင်အကျိုးခံစားခွင့်များအတွက် ထိန်းသိမ်းထားသော အခန်းဥပစာများကို အမွေဆိုင်များသို့ ဥပဒေနှင့်အညီ ခွဲဝေလွှဲပြောင်းပေးနိုင်ရန်အတွက် တိုင်းတရားရုံး၊ ဘီလစ်အရာရှိသို့လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ တိုင်းတရားရုံး ဘီလစ်အရာရှိက ဒီကရီနှင့်အညီ အမွေဆိုင်များသို့ တရားဝင်ခွဲဝေလက်ရောက် လွှဲပြောင်းပေးအပ်ခဲ့သဖြင့် အမွေဆိုင်များ ခွဲဝေလက်ခံရရှိကြပြီးဖြစ်ပါသည်။

ထိုအတောအတွင်း(ကွယ်လွန်သူဦးမင်းဟန်(ခ)ဦးကျင်ဝှက်)၏ဇနီး ဒေါ်ရှန်ညို(ခ)ဒေါ်သန်းသန်းအေးက အမွေဆက်ခံပိုင်ဆိုင်သူ အိမ်ရှင်၊ မြေရှင်များဖြစ်သော မဟဲရ်ဆူတာလ်တာနာ(ခ)ဒေါ်လှလှ ပါ အများတို့အပေါ် အဆိုပါ မြေအဆောက်အအုံအခန်းဥပစာများအား ပိုင်ဆိုင်ကြောင်းနှင့် လက်ရောက်ရလိုကြောင်း၊ တရားစွဲဆိုခဲ့ရာ နောက်ဆုံးဖြစ်သော နေပြည်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားမအထူးအယူခံမှုအမှတ်- ၅၈/၅၉ / ၂၀၁၁အဖြစ် နှစ်ဖက်ကြားနာပြီးနောက် ၂၀-၂-၂၀၁၂ရက်စွဲပါ စီရင်ချက်ဒီကရီဖြင့် ဒေါ်ရှန်ညို၏ စွဲဆိုမှုများကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အဆောက်အအုံ၏ အခန်းဥပစာအသီးသီးတွင် နေထိုင်ကြသူများအနေနှင့် အမွေဆက်ခံပိုင်ဆိုင်ကြသော အိမ်ရှင်၊ မြေရှင်များဖြစ်ကြသည့် ဒေါ်လှလှအပါအဝင်ဖြစ်သော အမွေဆိုင်များအသိအမှတ်ပြု သဘောတူ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းတစ်နည်းနည်းလွှဲပြောင်းခြင်း၊ ပြုပြင်ပြောင်းလဲ မွမ်းမံခြင်းများ လုံးဝမပြုလုပ်ကြပါရန်၊ ဆက်ခံပိုင်ဆိုင်သူပိုင်ရှင်များဖြစ်သည့် ဒေါ်လှလှအပါအဝင်ဖြစ်သည့် အမွေဆိုင်များနှင့်တရားဝင်ဆက်သွယ်အသိအမှတ်ပြုမှုရယူဆောင်ရွက်ကြပါရန်နှင့် ပျက်ကွက် ဖောက်ဖျက်ဆောင်ရွက်မှုများပေါ်ပေါက်ပါက တည်ဆဲဥပဒေများနှင့်အညီ ကန့်ကွက်တားမြစ်၊ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သက်ဆိုင်သူများ သိရှိစေရန် သတိပေးကြေညာလိုက်ပါသည်။

အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်လှလှ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ငြိမ်း**B.A(Law),LL.B,D.B.L,D.M.L** ဒေါ်ခင်မေသန်း**LL.B,DB.L,D.M.L,D.I.L**
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၂၊အခန်း၂၀၁၊ ၃၅လမ်း(လမ်းတို)ကျောက်တံတားမြို့နယ်။

ငွေကျပ် ၁၀၈ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူမှုန့် ဖမ်းဆီးရမိ

သီပေါ ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မူးယစ်(အထူး)တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၉ရက်က လားရှိုးယာဉ်ထိန်းရုံးရှေ့တွင် မူးယစ်ဆေးဝါးနှိမ်နင်းရေး တာဝန်ဆောင်ရွက်စဉ် လိုက်ထရပ်ယာဉ်အမှတ် ၈ည/-----ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသမီးတစ်ဦးအား စောင်ထုပ်တစ်ထုပ်နှင့်အတူ မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် လားရှိုးမူးယစ်တပ်ဖွဲ့ရုံးသို့ သက်သေများနှင့်အတူ ခေါ်ဆောင်ရှာဖွေစစ်ဆေးရာ စောင်ထုပ်အတွင်း ဖလံထည်အစဖြင့် ထုပ်လျက် ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော အထုပ် ၄၃ ထုပ်မှ ဘိန်းဖြူမှုန့် အလေးချိန် ၅၇၁ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၁၀၈သိန်းကျော်အား သိမ်းဆည်းရမိသည်။

ဘိန်းဖြူမှုန့်များ သယ်ဆောင်လာသူ အမျိုးသမီး မငွားဝူမီးအား စစ်ဆေးရာ သယ်ဆောင်ခိုင်းသူမှာ အစ်ကိုဝမ်းကွဲတော်စပ်သူ မောင်ဆောက်တားနှင့် ဇနီးအားနာဖောတို့ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် ခရီးသည်တင်ဗင်ကား အမှတ် အ/-----ဖြင့် မန္တလေးသို့လိုက်ပါမည်ဖြစ်ကြောင်း၊ မန္တလေးရောက်လျှင် သယ်ဆောင်ခ ငွေကျပ် ခုနစ်သိန်းပေးမည်ဖြစ်ကြောင်း ထွက်ဆိုသဖြင့် အဆိုပါယာဉ်အား ဖမ်းဆီးရမိနိုင်ရေးအတွက် မူးယစ် (အထူး)တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့ရှာဖွေခဲ့ရာ ယင်းနေ့ ၁၂နာရီ ၃၅မိနစ်တွင် လားရှိုးမြို့အထွက် မယ်ဟန်ကျေးရွာအနီးတွင် ဆောက်တားနှင့်ဇနီးဖြစ်သူ မအားနာဖောတို့အား ဖမ်းဆီးရမိခဲ့သည်။ (၂၄၇)

လူနေအိမ်များအနီး တောမီးလောင် မီးသတ်ယာဉ်များ အချိန်မီ ငြိမ်းသတ်

တောင်ငူ ဖေဖော်ဝါရီ ၅

ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီခန့်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး အနောက်ဘက်ခြမ်း တပင်ရွှေထီးရပ်ကွက် ရထားလမ်းအနီးရှိ တောချုံတန်းများကို မီးလောင်ကျွမ်းခဲ့ရာ(ဝဲပုံ)အနီးဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံများမှာ ပစ္စည်းများ သယ်ယူ၍ မီးလွတ်ရာသို့ ရှောင်တိမ်းခဲ့ကြရသည်ကို တွေ့ရသည်။

အဆိုပါ တောမီးလောင်မှု သတင်းရလျှင်ရချင်း ကေတုမတီမြို့သစ် မီးသတ်ဦးစီးဌာနမှ ယာဉ်တစ်စီး၊ ရေတာရှည်မြို့ မီးသတ်ဦးစီးဌာနမှ ယာဉ်တစ်စီးနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့၍ မီးကူးစက်လောင်ကျွမ်းနိုင်သော နေအိမ်များကို အချိန်မီအကာအကွယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ (၅၇၈)

ရွှေဆိုင်၌ လေးသောင်းတန်နားကပ်တစ်ရန်ဝယ်ယူပြီး သိန်းလေးဆယ်ကျော်ရွှေထည်များ ခိုးယူ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အင်းစိန်ဈေးကြီးအတွင်းရှိ ရွှေဆိုင်တစ်ဆိုင်တွင် လူနှစ်ဦး ရွှေထည်ပစ္စည်းဝယ်ပြီး ပြန်ထွက်သွားစဉ် ဆိုင်ရှင်မှ ဆိုင်ရှိပစ္စည်းများအား ပြန်စစ်ကြည့်ရာ ရွှေထည်ပစ္စည်းမျိုးစုံ ၁၇ မျိုး ကာလတန်ဖိုးငွေကျပ် လေးဆယ့်တစ်သိန်းကိုးသောင်းဖိုးခန့် ပျောက်ဆုံးသွားမှု ဖေဖော်ဝါရီ ၁ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ထိုနေ့နံနက် ၈ နာရီခန့်က အင်းစိန်ဈေးကြီးအတွင်းရှိ အဆိုပါ ရွှေဆိုင်အား ဆိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းဝင်းသိန်းက ဆိုင်ခင်းကျင်းနေစဉ် အမျိုးသားနှစ်ဦးရောက်ရှိလာပြီး ရွှေလက်စွပ်နှင့် အခြားရွှေထည်ပစ္စည်းမျိုးစုံအား ရွေးကြည့်ပြီး ရွှေဖူးစက်ဖြတ်နားကပ်တစ်ရန်ကို ငွေကျပ် ၄၀၀၀၀ဖြင့် ဝယ်ယူပြီးထွက်သွားသည်။ ထို့နောက် ဆိုင်ရှင်ကမသင်္ကာ၍ ရွှေထည်ပစ္စည်းများအား ပြန်လည်စစ်ဆေးရာ ရွှေဆွဲကြိုးများ ထည့်ထားသည့် ပလတ်စတစ်အိတ်(အဖြူရောင်) အတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၁၇ မျိုး ပျောက်ဆုံးနေသဖြင့် အရေးယူဆောင်ရွက်ပေးပါရန် အင်းစိန်ရဲစခန်းသို့လာရောက်တိုင်ကြား၍ ရဲစခန်းမှ (ပ)၁၂၉/၂၀၁၃၊ ပုဒ်မ ၃၇၉ အရ အမှုဖွင့်အရေးယူစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ထွန်းဝင်း)

ဇန်နဝါရီလအတွင်း ရန်ကုန်၌ အကြိမ် ၂၀ မီးလောင် ပေါ့ဆမီးက အများဆုံးဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၁၃ ခုနှစ် ဇန်နဝါရီတစ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် မီးလောင်ကျွမ်းမှုပေါင်း အကြိမ် ၂၀ ဖြစ်ပွားခဲ့ပြီး ပေါ့ဆမီးမှာ ၁၀ ကြိမ်ဖြင့် အများဆုံးပါဝင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ အဆောက်အအုံငါးလုံး၊ စက်ရုံအလုပ်ရုံတစ်ခု၊ အိမ်ခြေတစ်လုံး၊ ဒဏ်ရာရရှိသူ ခုနစ်ဦးရှိခဲ့ကာ ဆုံးရှုံးမှုစုစုပေါင်း တန်ဖိုးငွေကျပ် ၁၇၀၇၇၅၀၀ ရှိခဲ့ကြောင်း သိရသည်။

ထိုမီးလောင်ကျွမ်းမှုများတွင် မီးဖိုမီးတစ်ကြိမ်၊ ပေါ့ဆမီးနှစ်ကြိမ်နှင့် မသမာသူရှို့မီးအပါအဝင် ကျောက်တံတားမြို့နယ်အတွင်း လေးကြိမ်လောင်ကျွမ်းခဲ့ပြီး စမ်းချောင်းမြို့နယ်အတွင်းတွင် ပေါ့ဆမီးနှစ်ကြိမ်၊ တာမွေ မြို့နယ်တွင် လျှပ်စစ်ကြောင့်တစ်ကြိမ်နှင့် မသမာသူရှို့မီးတစ်ကြိမ်တို့အပါအဝင်နှစ်ကြိမ်၊ သာကေတမြို့နယ်တွင် လျှပ်စစ်ကြောင့်လောင်သောမီး တစ်ကြိမ်၊ တောင်ဥက္ကလာပမြို့နယ်တွင် မီးဖိုမီးတစ်ကြိမ်၊ ပေါ့ဆမီးနှစ်ကြိမ်နှင့် လျှပ်စစ်ကြောင့်တစ်ကြိမ်တို့အပါအဝင် လေးကြိမ်၊ အင်းစိန်မြို့နယ်တွင် ပေါ့ဆမီးတစ်ကြိမ်၊ လှိုင်မြို့နယ်တွင် ပေါ့ဆမီးတစ်ကြိမ်နှင့် လျှပ်စစ်ကြောင့်တစ်ကြိမ်တို့အပါအဝင်နှစ်ကြိမ်၊ သန်လျင်မြို့နယ်တွင် မီးဖိုမီးတစ်ကြိမ်၊ ပေါ့ဆမီးတစ်ကြိမ်၊ မသမာသူရှို့မီး တစ်ကြိမ်တို့အပါအဝင်သုံးကြိမ်၊ လှိုင်သာယာမြို့နယ်တွင် ပေါ့ဆမီးတစ်ကြိမ် စသည်ဖြင့် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၆၈၀)



ကျောက်တန်း အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ကျောက်တန်းမြို့၊ အထကကျောင်းသားဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် အသောကာရာမ ပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ယခင်အပူဇော်ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အထက(၁)နှင့်(၂)တွင် တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူခဲ့ပြီး ဖေဖော်ဝါရီ ၁၂ရက်တွင် အသက်(၆၀)ပြည့်ပြီးသော ဆရာ၊ ဆရာမကြီးများ တက်ရောက်နိုင်ကြရန် ဖြစ်ပြီး အလှူငွေနှင့်ပစ္စည်းများကို ဒေါ်မြင့်မြင့်စီ ဖုန်း-၀၁-၄၅၀၇၂၅၊ ဒေါက်တာအောင်စည် ဖုန်း-၀၉-၅၁၅၅၉၂၇၊ ၀၅၆-၂၅၆၁၄၊ ဦးတင်ရှိန်ဖုန်း-၀၉-၅၀၀၀၁၈၆နှင့် ဦးသောင်းထွန်းကျော် ဖုန်း-၀၉-၅၁၅၁၇၈၂၊ ၀၅၆-၂၅၄၆၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမည်ပြောင်းခြင်း ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးကျော်မိုး၏သမီးဖြစ်သူ မမိုးမြတ်မာလာ [၇/ရတန(နိုင်)၀၆၃၈၀၈]အား ယနေ့မှစ၍ မမိုးမြတ်ခေမာဟု ပြောင်းလဲခေါ်ဆိုကြပါရန်။
မိုးမြတ်ခေမာ

မွေးနေ့ဆုတောင်း

၆-၂-၂၀၁၃ ရက်တွင် ကျရောက်သော ဘဘကြီး ဦးလှမော် သံအမတ်ကြီး(ငြိမ်း)၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် လောကီ၊ လောကုတ္တရာအကျိုးနှစ်ဖြာကို ဆောင်ရွက်နိုင်ပြီး ချစ်လှစွာသောဇနီး၊ သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ဇနီး - ဒေါ်ဖြူဖြူညွန့်
ချစ်သားသမီးများ - ဦးအောင်လှိုင်မော်-
ဒေါက်တာဒေါ်အေးမြမြဇော်
ဦးနေလင်းဦး-ဒေါ်ဖြူသွယ်မော်
ဦးဂါမဏိလှမော်
ချစ်မြေးများ - ဇွဲစည်သူဦး၊ **Albert Maw**

လူပျောက်



အထက်ပါဓာတ်ပုံရှင် မောင်ခွန်ဖြိုးရှိန် (ဘ)ဦးနေအောင် အသက်(၁၁)နှစ်သည် ၃-၂-၂၀၁၃ ရက် နံနက် ၁၀း၃၀ နာရီတွင် နေအိမ်မှထွက်သွားရာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပါရန်။
ဖုန်း-၀၉-၅၀၈၇၂၈၂

ဒေါ်သန္တာအေး(ဘ)ဦးဘတင်[၁၃/ကမန(နိုင်)၀၀၀၅၂၆]နှင့် အများသိစေရန်ကြေညာခြင်း

မူဆယ်မြို့၊ အမှတ်(တ/၁၈၆)နေ ဒေါ်ငွေးကြည်(ဘ)ဦးမာဂမ်[၁၃/မဆတ(နိုင်)၀၃၁၉၉၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေးကြည်(ဘ)ဦးမာဂမ်[၁၃/မဆတ(နိုင်)၀၃၁၉၉၈]သည် (ထားဝယ်စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင်တင်ပြရန်) ဒေါ်သန္တာအေး(ဘ)ဦးဘတင်[၁၃/ကမန(နိုင်) ၀၀၀၅၂၆]အား ၁၉-၁၂-၂၀၁၂ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၀၂၉/၂၀၁၂ ဖြင့် မန္တလေးမြို့၊ နိုတြီပဗ္ဗလစ်ဦးပေါစံ၏ရှေ့တွင် လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ဒေါ်သန္တာအေးသည် ဒေါ်ငွေးကြည်လွှဲအပ်သော အထွေထွေကိုယ်စားလှယ်စာကို မမှန်မကန်အသုံးချသဖြင့် ဒေါ်သန္တာအေးအား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၂၉/၂၀၁၂ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ဒေါ်သန္တာအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငွေးကြည်	ဦးလှကို
[၁၃/မဆတ(နိုင်)၀၃၁၉၉၈]	**B.A,R.L,Dip-Business Law**
	တရားလွှတ်တော်ရှေ့နေ(၂၃၁၃)
	အမှတ်(၂၈)၊ ၂၉လမ်း၊ ၇၁×၇၂ လမ်းကြား၊
	ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
	ဖုန်း-၀၂-၆၅၁၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၂၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၂၇/ခ)၊ ဘရဏီ (၂)လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပ(ဒေါ်သန်း)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းနှင့်ခင်ပွန်း ဦးပိန်ကွယ်လွန်သဖြင့် ဒေါ်ခင်မြ[၁၂/ဥကတ(နိုင်)၀၀၈၁၆၅]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှတ်(၅၅) အဆန် မန္တလေး-မြစ်ကြီးနားရထားပေါ်၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

မန္တလေး ဖေဖော်ဝါရီ ၅

ချမ်းအေးသာစံမြို့နယ် မန္တလေးဘူတာကြီး စင်္ကြံအမှတ်(၁)တွင် ဇန်နဝါရီ ၂၄ ရက်က မန္တလေးမှ မြစ်ကြီးနားသို့ ထွက်ခွာမည့် အမှတ်(၅၅)အဆန်ရထားထွက်ခွာချိန်တွင် ပလတ်စတစ်လက်ဆွဲခြင်းဆွဲလျက် ပြေးတက်လာသူ ဒေါ်ခန်ဒါထူးတောင် (၆၀)နှစ် ရွာသစ်ကုန်းရွာ မိုးညှင်းမြို့နေသူအား မသင်္ကာဖွယ်တွေ့ရှိရ၍ မီးရထားရဲတပ်ဖွဲ့က ရထားပေါ်တွင်လိုက်ပါပြီး မြို့ဟောင်းဘူတာတွင် ခေတ္တရပ်နားစဉ်ရှာဖွေရာ ပလတ်စတစ်ခြင်းထဲတွင် ထည့်ထားသော ပီနံအိတ်အဖြူထဲတွင် ကြွပ်ကြွပ်အိတ်အမည်းရောင်ဖြင့် ထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့်များ၊ တစ်အိတ်လျှင် ရောင်စုံဆပ်ပြာခွက် ၁၁ ခွက်ပါ အထုပ်နှစ်ထုပ် စုစုပေါင်း ဆပ်ပြာခွက် ၂၂ ခွက်နှင့် ကြွပ်ကြွပ်အိတ် အမည်းရောင်အတွင်း အဖြူရောင်ပလတ်စတစ်ဖြင့် ထည့်ထားသည့် ရောင်စုံဆပ်ပြာခွက် ၁၁ ခွက်ပါ တစ်ထုပ်နှင့် ရွှေဖြူလေး အထည်ဆိုင်အမည်ပါ အိတ်အတွင်း ရောင်စုံဆပ်ပြာခွက် ၁၁ ခွက် စုစုပေါင်း ၂၂ ခွက်၊ ဘိန်းဖြူမှုန့်ထည့် ဆပ်ပြာခွက် စုစုပေါင်း ၄၄ ခွက် ကာလတန်ဖိုး ၄၁၃ သိန်းဖိုးအား ရှာဖွေတွေ့ရှိခဲ့သဖြင့် မန္တလေးရထားရဲစခန်းက မယ (ပ) ၃/၂၀၁၂၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(သီဟကိုကို- မန္တလေး)

ကျေးရွာပြည်သူများသို့ ရေပေးဝေနေသော ရေကန်၊ အင်ဂျင်စက်နှင့် ရေတွင်းအား တွေ့မြင်ရစဉ်။

စစ်ကိုင်းမြို့နယ် စာရေး(အနောက်)ကျေးရွာပြည်သူများ ရေရရှိ၍ အဆင်ပြေ

စစ်ကိုင်း ဖေဖော်ဝါရီ ၅

စစ်ကိုင်းမြို့နယ် စာရေး(အနောက်)ကျေးရွာ၌ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားသော ရေပေးဝေရေးစီမံကိန်းတစ်ခု အောင်မြင်စွာ ရေပေးဝေနေကြောင်း ကြားသိရသဖြင့် စာရေးသူလည်း ဖေဖော်ဝါရီ ၃ ရက်က သွားရောက်ပြီး မှတ်တမ်းဓာတ်ပုံများရိုက်ကာ ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးညွန့်ဌေးအား မေးမြန်းကြည့်ရာ "ဟုတ်ပါတယ်. . . ရေပေးဝေနိုင်တာကတော့ ဇန်နဝါရီ ၁ ရက်က စတင်ပြီးပေးနေပါတယ်၊ လာမယ့် နွေရာသီမှာ ရေပြတ်လပ်မှုမရှိစေရအောင် ကော်မတီဖွဲ့စည်းကာ တစ်အိမ်ထောင်ကိုငွေကျပ် ၃၀၀၀၀ ကောက်ယူပြီး ဆောင်ရွက်လိုက်တာပါ၊ စာရေး(အနောက်)ကျေးရွာမှာ အိမ်ထောင်စု ၂၇၀ ခန့်ရှိပါတယ်။ ရေယူမယ့် အိမ်ထောင်စုတွေကို မေးကြည့်တော့ အိမ်ထောင်စု ၂၅၆ စုခန့်က ရေယူကြပါတယ်။ ကျန်တဲ့အိမ်ထောင်စုတွေကလည်း ဆက်လက်ပြီး ရေယူကြမှာပါ၊ ကောက်ယူရရှိတဲ့ငွေတွေနဲ့ ရေဝင်နေအလျားပေ ၂၀၊ အနံ ၁၄ ပေ၊ အမြင့် ခြောက်ပေရှိ ကန်ကြီးကိုလည်း ဆောက်၊ ၂၂၀ အားရှိတဲ့ အင်ဂျင်စက်နဲ့ လေးလက်မသံပိုက်လုံးနဲ့ ဟိုအရင်က ရှိပြီးသားဖြစ်တဲ့ ကျွန်တော်တို့အခေါ် လွန်တွင်းပေါ့၊ အဲဒါကို ပြင်ဆင်ပြီး အသုံးပြုထားပါတယ်။ ဒီမှာအချိန်ပြည့် လုပ်နိုင်မယ့်သူကိုလည်း ငှားရမ်းထားပါတယ်။ လျှပ်စစ်မီးလည်း ရရှိနေတဲ့အတွက် မီးလာတဲ့အချိန်မှာတော့ ရေတွင်းထဲက ရေကို မော်တာနဲ့ စုပ်တင်ပေးပါတယ်။ မီးမလာရင်တော့ အင်ဂျင်စက်မောင်းတင်ပါတယ်။ အခုရေယူ အိမ်ထောင်စုတွေကိုတော့ ၂၄ နာရီအပြည့်အဝ ပေးထားပြီး သူတို့လိုသလောက် အသုံးပြုလို့ရအောင် ရေမီတာတွေ တပ်ဆင်ပေးပြီး တစ်ယူနစ်ကို ၂၀၀ နှုန်း ကောက်ယူပါတယ်။

အခုလို ဆောင်ရွက်လိုက်တဲ့အတွက် ကျေးရွာပြည်သူများအနေနဲ့ အဝေးတစ်နေရာကိုသွားပြီး ရေသွားခပ်ရတဲ့အချိန်တွေ၊ ဒုက္ခတွေ သက်သာသွားကြလို့ အဆင်ပြေပါတယ်။ ကျေးရွာတိုင်း လုပ်ဆောင်နိုင်ကြမယ်ဆိုရင် ပိုကောင်းတာပေါ့" ဟု ပြောကြားခဲ့သည်။

(ဇော်မြင့်နိုင်)

မန္တလေးမြို့တွင်း ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေး စစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးသိန်းကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့ (၈၄)လမ်းတစ်လျှောက် (၂၄)လမ်း၊ (၂၅)လမ်း၊ (၂၆)လမ်း၊ ဈေးချိုဝန်းကျင်နှင့် မြို့တွင်းအချက်အချာကျသည့် နေရာများသို့ သွားရောက်၍ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးလှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် မန္တလေးမြို့အတွင်း အချက်အချာကျသည့် လမ်းဆုံများ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များချထားရေး၊ လှည့်ကင်းအဖွဲ့ လေးဖွဲ့ဖြင့် စည်းကမ်းပျက်ယာဉ်များ စစ်ဆေးအရေးယူရန် မှာကြားသည်။

မန္တလေးမြို့တော်၌ ၂၀၁၂ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၅၅၆ မှု ရှိခဲ့ပြီး ၃၃၉ မှုသည် ည ၆ နာရီမှ ၁၂ နာရီအတွင်းဖြစ်ပွားခဲ့သည်။ ညအချိန် မူးယစ်သောက်စား၍ မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆဖြစ်ပွားကာ ထိခိုက်သေဆုံးမှုအများဆုံးဖြစ်ရာ ညအချိန်စစ်ဆေးမည့်နေရာများ သတ်မှတ်၍ ပူးပေါင်းအဖွဲ့များဖြင့် အရေးယူရန် စီစဉ်ထားကြောင်း သိရသည်။

မောင်ပြည်သူ (မန္တလေး)

မန္တလေးမြို့တော်နယ်နိမိတ်အတွင်း တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်မည်

မန္တလေး ဖေဖော်ဝါရီ ၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းတွင် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော် နယ်နိမိတ်အတွင်းတွင် တည်ဆောက်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရယူထားသူများသည် တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်လိုပါက ဆောင်ရွက်ရမည့်နေရာနှင့်ပါဝင်ရမည့်အချက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန ခန့်မှန်းပုံထုတ်ဌာနခွဲနှင့် ဆက်သွယ်နိုင်သည်။ တန်ဖိုးနည်းအိမ်ရာများကို ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်၊ အောင်သာယာရပ်ကွက် (၄၄) လမ်းနှင့် (၄၈) လမ်းကြား မန္တလေး-ပြင်ဦးလွင် ရထားလမ်းဘေးတွင် ပေ (၃၀ × ၂၀)အိပ်ခန်းနှစ်ခန်းပါ လေးယူနစ်တွဲ လေးထပ်ဆောက်လုပ်မည်ဖြစ်သည်။ အခန်းပေါင်း ၅၅၃၆ ခန်းပါရှိကြောင်း သိရသည်။

မောင်စေတနာ(မန္တလေး)

မြန်မာ့ရိုးရာ မြေထည်ပစ္စည်းများ အသုံးပြုမှုအားကောင်းနေ

ပခုက္ကူ ဖေဖော်ဝါရီ ၅။ ။ ပခုက္ကူမြို့ မြောက်ဖျားတွင် တည်ရှိသော ကိန္နရာတောင်၊ ကုသိန္နရုံတောင် ဗုဒ္ဓပူဇနိယပွဲတော်သည် ယခင်ခေတ်အခါက နှမ်းမနဲသည်များ အများအပြားလာရောက်ရောင်းချ၍ နှမ်းမနဲတောင်ဘုရားပွဲဟု ဒေသခံများက ခေါ်ဆိုကြသည်။ ယနေ့ခေတ်အခါတွင် နှမ်းမနဲအစား ပခုက္ကူ၊ ရေစကြို၊ ညောင်ဦး၊ မြိုင်၊ ငါ့သရောက်နယ်များမှ အိုးနှင့် မြေထည်အသုံးအဆောင်ပစ္စည်း ရောင်းဝယ်မှုအားကောင်းလာ၍ "အိုးပွဲတော်"ဟု ဒေသခံများက ပြောင်းလဲခေါ်ဝေါ်လာကြကြောင်း သိရသည်။ **(အပေါ်ပုံ)** "အိုးပွဲတော်လို့ တွင်လာတာနဲ့ ပွဲတော်ရက်ကလည်း ရှည်လာတယ်။ အခုဆို ပြာသိုလဆန်းကတည်းက ဈေးသည်တွေ ရောက်နေကြပါပြီ။ တပို့တွဲလကုန်အထိ ပွဲဈေးခင်းကြတယ်။ မြေထည်ပစ္စည်း မျိုးစုံကုန်အောင် ရောင်းရတယ်"ဟု ဈေးသည်တစ်ဦးက ပြောသည်။

နေဦးမောင်(ပခုက္ကူ)

မန္တလေး ကုန်စည်ဈေးနှုန်း

မန္တလေး ဖေဖော်ဝါရီ ၄

ရွှေဈေးနှုန်း။ ။ အခေါက်ရွှေ(အဆင့်-၁) ၇၆၂၅၀၀ ကျပ်၊ အခေါက်ရွှေ (အဆင့်-၂) ၇၆၀၅၀၀ ကျပ်၊ ရွှေဒင်္ဂါး (ရွှေရည်မီ)၆၈၆၀၀၀ကျပ်၊ ကမ္ဘာ့ရွှေဈေး (တစ်အောင်စ) ၁၆၆၇ ဒသမ ၅၀ ကန်ဒေါ်လာ။

ဆန်ဈေးနှုန်း။ ။ ပေါ်ဆန်းမွှေး ၂၆၀၀၀/၃၅၀၀၀ကျပ်၊ ဘေးကျား ၂၆၀၀၀/၃၅၀၀၀ကျပ်၊ ရွှေဘိုမနော်(သစ်) ၂၄၀၀၀/၂၅၀၀၀ကျပ်၊ ရွှေဘိုမနော်(ဟောင်း) ၂၇၀၀၀/၂၈၀၀၀ ကျပ်၊ မဂျမ်းတော ၂၈၀၀၀ကျပ်၊ စောရှုပ်(အဟောင်း) ၂၅၀၀၀ကျပ်၊ စောရှုပ်(သစ်) ၁၉၀၀၀ကျပ်၊ ပေါ်ကြွဲ (အဟောင်း) ၂၃၀၀၀ကျပ်၊ ပေါ်ကြွဲ(သစ်) ၁၈၀၀၀ ကျပ်၊ ဧယာ (အဟောင်း) ၁၈၀၀၀/၁၉၀၀၀ကျပ်၊ ဧယာ(သစ်) ၁၅၅၀၀/၁၈၀၀၀ကျပ်။

ဆီနှင့်ဆီထွက်သီးနှံဈေးနှုန်း။ ။ ပဲဆီ ၃၂၀၀/၃၈၀၀ ကျပ်၊ နှမ်းဆီ ၃၅၀၀/၃၆၀၀ကျပ်၊ ပန်းနှမ်းဆီ ၂၈၀၀/၂၉၀၀ကျပ်၊ နေကြာဆီ ၂၉၀၀/ ၃၀၀၀ကျပ်၊ စားအုန်းဆီ ၁၄၈၅/၁၅၃၀/၁၅၄၀ ကျပ်။

ပဲဈေးနှုန်း။ ။ ကုလားပဲဝါ(ထိပ်)သစ် ၅၂၀၀၀ကျပ်၊ ကုလားပဲဝါ(လတ်) ၅၂၀၀၀ကျပ်၊ ထိုင်ဝမ် ၄၈၀၀၀/၄၉၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးကြီး ၄၈၀၀၀/၄၉၀၀၀ ကျပ်၊ ပဲစင်းငုံ(နီ-သစ်) ၅၂၀/၅၃၀၀၀ကျပ်၊ ပဲတီစိမ်း(ကြီး) ၅၅၀/ ၆၀၀၀၀ကျပ်၊ ပဲကြီး(သစ်) ၉၆၀/၉၇၀၀၀ ကျပ်၊ ပဲသေး ၇၀၀၀၀/၇၃၀၀၀ကျပ်၊ နိုင်လွန်ပဲ ၆၇၀၀၀/၆၈၀၀၀ ကျပ်၊ မတ်ပဲ(သစ်) ၃၇၀၀၀/၃၈၀၀၀/ ၄၇၀၀၀/၄၈၀၀၀ကျပ်၊ မြေထောက်ပဲ ၇၆၀၀၀/၇၇၀၀၀ ကျပ်၊ ပဲရာဇာ ၂၄၃၀၀/၂၄၅၀၀ကျပ်၊ စွန်တာပြာ (သစ်)၄၃၀၀၀/၄၄၀၀၀ ကျပ်။

နှမ်းမျိုးစုံဈေးကွက်။ ။ နှမ်းဝါ ၉၀၀၀၀ကျပ်၊ နှမ်းနီ ၉၉၀၀၀ကျပ်၊ နှမ်းဖြူ (ဂျပန်)၁၀၀၀၀၀/၁၁၀၀၀၀ကျပ်၊ နှမ်းဖြူ ၁၀၉၀၀၀/ ၁၁၇၀၀၀/၁၃၀၀၀၀ကျပ်၊ နှမ်းကျား ၉၅၀၀၀/၉၆၀၀၀ကျပ်၊ နှမ်းညို ၉၇၀၀၀/၉၈၀၀၀ကျပ်၊ နှမ်းနက် ၁၀၀၀၀၀/ ၁၁၀၀၀၀/၁၁၅၀၀၀ ကျပ်။

(၀၀၂)

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထင်ကျော်[၉/အမရ(နိုင်) ၀၈၈၅၁၀]၏ နိုင်ငံကူးလက်မှတ်-၄၀၃၀၃၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၀၆၀၃၃

မိဘအမည်မှန်

မိုးကုတ်မြို့ အထက(၁)နဝမတန်း(D) မှ မမြသက်ဝေ၏ မိဘအမည်မှန်မှာ (ဦးမြတ်ထွန်း-ဒေါ်တင်ငြိမ်)ဖြစ်ပါကြောင်း။

(ဦးမြတ်ထွန်း-ဒေါ်တင်ငြိမ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁၂ယ/၁၇၄၉၂၊ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းမြိုင် မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်) ၀၅၈၂၂၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁ဃ/၂၆၂၂၆၊ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူအမည် ဦးလှရွှေ မှတ်ပုံတင်အမှတ်[၉/မနမ(နိုင်)၀၆၀၃၈၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၁ဃ/၇၉၂၅၅၊ Honda C90 Custom CMV ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မိုးစန္ဒာ မှတ်ပုံတင်အမှတ် [၉/မရမ(နိုင်)၀၅၈၂၃၀]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

လူရည်ချွန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်

မင်္ဂလာရှိသော သတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ ယင်းသတင်းမှာ "လူရည်ချွန် ကျောင်းသား ၅၀၀ ကျော် မတ်လတွင် စခန်းသွင်းလေ့ကျင့်မည်" ဆိုသည့် သတင်းပင်ဖြစ်သည်။

တစ်ချိန်က " လူရည်ချွန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်။ ဆရာဝန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်။ ဗမာ့ သားကောင်းဇာနည် စစ်သားကြီးကို ကျွန်တော်မျှော်မှန်းရည်"ဆိုသည့်သီချင်း ခေတ်စားခဲ့ဖူးသည်။ လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူတိုင်း၏ နှုတ်ဖျားတွင်ရွတ်ဆိုနိုင်ခဲ့ကြသည်။ နိုင်ငံတော်မှ လူရည်ချွန် ကျောင်းသားများ၊ စံပြလုပ်သားများ နှစ်စဉ်ရွေးချယ်ကာ အပန်းဖြေစခန်းများဖြစ်သည့် အင်းလေးခေါင်တိုင်စခန်း၊ ငပလီရွှေဝါချိုင်စခန်းများသို့ ပို့ဆောင်ပေးခဲ့ဖူးသည်။ အခြေအနေအရပ်ရပ်ကြောင့် ၁၉၈၈ နောက်ပိုင်းတွင် ဤသို့သော အခြေအနေကောင်းများ မှေးမှိန်ကွယ်ပျောက်ခဲ့ရသည်။

ယခုသတင်းမှာ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းကျောင်းသားများကို အင်းလေး၊ ပုပ္ပား၊ ငွေဆောင် စသည့်နေရာများသို့ တစ်နေရာစီခွဲ၍ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ကျောင်းသား ကျောင်းသူများသည် စာသင်ကြားမှုသာမက ပေါင်းသင်းဆက်ဆံရေး၊ ဦးဆောင်နိုင်စွမ်းရည်တို့တွင် ထူးချွန်ထက်မြက်ရန် အမှန်ပင်လိုအပ်၏။ ထို့ပြင် ပရဟိတစိတ်ဓာတ်နှင့် အားကစားတွင်လည်း ထူးချွန်ထက်မြက်ရန် အရေးကြီးပါသည်။

စာရေးသူတို့ ငယ်စဉ်ကျောင်းသားဘဝသည် လူရည်ချွန်စာမေးပွဲများနှင့်ကြုံခဲ့ဖူးသည်။ လူရည်ချွန်ကျောင်းသားတစ်ဦးဖြစ်ဖို့ စာတစ်မျိုးတည်းတော်ရုံဖြင့်မရနိုင်ပါ။ ဘက်စုံထူးချွန်ရပါသည်။ မီတာ ၁၀၀ အပြေးပြိုင်ရသည်။ ဒိုက်ထိုး၊ အိပ်ထမတင်လုပ်ရသည်။ အထွေထွေဗဟုသုတနှင့် ဉာဏ်စမ်းပဟေဠိများကိုလည်းဖြေရသည်။ မိမိတို့မြို့နယ် အရွေးခံပြီးသည်နှင့် ခရိုင်အဆင့်ပြိုင်ရသည်။ ထိုမှတစ်ဆင့်တိုင်းဒေသကြီး အဆင့်ထိတင်ပြီးမှ ရွေးချယ်ခံရခြင်းဖြစ်သည်။

၁၉၈၈ မတိုင်မီနှစ်များကဆိုလျှင် ခုနစ်တန်းမှစ၍ ရွေးပါသည်။ ယခုအခါတွင် ရှစ်တန်းမှစ၍ ရွေးချယ်ကာ မြန်မာတစ်နိုင်ငံလုံးမှ ကျောင်းသားကျောင်းသူပေါင်း ၅၀၀ ကျော်ကို ခရိုင်အဆင့်ရွေးချယ်ထားပြီးဖြစ်ကြောင်း၊ ယင်းအနက်မှ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူ ၂၅ ဦးမှ ၃၀ ခန့်ကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးပို့ဆောင်ရန် သက်ဆိုင်ရာအကြီးအကဲများကညွှန်ကြားထားပြီးဖြစ်ကြောင်းသိ၏။ ဝမ်းမြောက်ဖွယ်ကောင်းပေစွ။ယခုလက်ရှိ အနေအထားကိုကြည့်လျှင် ကျောင်းသား ကျောင်းသူအများစုသည် စာတစ်ခုတည်းကိုသာလျှင် အာရုံရှိကြ၏။ စာမေးပွဲအောင်ဖို့၊ ဂုဏ်ထူးများများရဖို့သာ ရည်ရွယ်ချက်ရှိကြသည်။ အထွေထွေဗဟုသုတ နတ္ထိ၊ ဒေသန္တရ ဗဟုသုတ နတ္ထိ၊ အသင်းအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်တတ်မှု ခေါင်းပါး၏။ ကျောင်းနှင့်စာ၊ အိမ်နှင့်စာ၊ စာနှင့်စာသာများနေကြ၏။ စာသင်ခန်းထဲတွင် ကျောင်းသား ကျောင်းသူ ငါးဆယ်ရှိလျှင် ပုဂံရောက်ဖူးသူ လေး၊ငါးဦး အနိုင်နိုင်။ အင်းလေးရောက်ဖူးသူ ပို၍ နည်းသေး၏။ ဆိုရလျှင် ယခင်ခေတ်များကကဲ့သို့ လေ့လာရေးခရီးထွက်ခြင်း၊ တောင်တက်ခရီးကြမ်းထွက်ခြင်းများလည်း နည်းပါး၏။ ဤသို့ဖြင့် ကျောင်းသား ကျောင်းသူများသည် အပေါင်းအသင်း စုပေါင်းသွားလာတတ်မှုနှင့် ဆောင်ရွက်တတ်မှုမရှိ။ စာတော်လွန်းသူများ ပေါင်းသင်းဆက်ဆံရေး ပို၍ပင် ညံ့သေး၏။ မည်သူနှင့်မျှ မပေါင်းမသင်း။ တစာစာသာဖြစ်နေသူများဖြစ်၏။ မိမိအောင်မြင်မှုတစ်ခုတည်းကိုသာ မက်မောရာမှ အတ္တစိတ်ကြီးထွားလာ၏။ ပရဟိတစိတ်မှာ ကြာလေခေါင်းပါးလာလေဖြစ်၏။

အားကစားဘက်တွင်လည်း မထူးချွန်သူများ၏။ အချိန်ပြည့်ကျောင်းစာအပေါ် အာရုံရောက်နေ၍ မိမိနေ့စဉ် ပြုလုပ်သင့်သည့် ကိုယ်ကာယလှုပ်ရှားမှုပင် မှန်မှန်မပြုလုပ်နိုင်။ ထို့ကြောင့် စာတော်သော ကျောင်းသား ကျောင်းသူအများစုမှာ သေးသေးကွေးကွေး ပိန်ပိန်လိန်လိန်သာများ၏။ စာကိုသာ အာရုံစိုက်ရလွန်း၍ဆေးမျက်မှန် ကိုယ်စီနှင့် ကိုယ်ကာယသန်မာထွားကြိုင်းမှုမှာ အလွန်ပင် ချူချာနုံနဲ့လှ၏။

ယခုအခါ ရှစ်တန်းမှစ၍ လူရည်ချွန်မောင်မယ်များကို ကာယ၊ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးမှုအလိုက် စိစစ်ရွေးချယ်ကာ နိုင်ငံအတွင်းရှိ အထင်ကရနယ်မြေဒေသများသို့ လေ့လာအပန်းဖြေခရီးများ ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။ ဤသတင်းကို ဖတ်ရသည့် ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများလည်း အားတက်နေမိကြပါလိမ့်မည်။ ဘက်စုံထူးချွန်ဖို့ကြိုးစားရန်စိတ်များ တဖွားဖွားပေါ်နေကြပါလိမ့်မည်။

စာရေးသူ၏မြေးကလေးမှာ ရှစ်နှစ်သား၊ ဒုတိယတန်းသာရှိသေး၏။ ဤသတင်းကိုဖတ်ပြသောအခါ သူ့အမေဖြစ်သူက သူ့သားကိုပြောပြနေ၏။ "သားကစာတော်တယ်။ အားကစားလည်းရတယ်။ ဒါပေမယ့် ဗဟုသုတတွေ၊ ဉာဏ်စမ်းပဟေဠိတွေလည်း ခုကတည်းက လေ့လာရမယ်"ဟု ပြောနေ၏။ မြေးကလေးမှာ အတန်းထဲတွင် အဆင့်တစ်၊ နှစ်၊ သုံးတွင်ရှိ၏။ ဝူရှူး အားကစားတွင်လည်း သူ့အရွယ်နှင့် ရွှေတံဆိပ်၊ ငွေတံဆိပ်ရထား၏။ သူ့သားဖြစ်သူက လည်း 'သားသား ရှစ်တန်းရောက်ရင် လူရည်ချွန်ဖြစ်အောင် ကြိုးစားမယ် မေမေ' ဟု ပြောနေသံကြားရ၏။

နှစ်တန်းကျောင်းသားကလေးပင် စိတ်ထဲ၌ ဤသို့တွေး၍ ကြိုးစားချင်စိတ်ရှိနေပြီဆိုလျှင် နိုင်ငံ၏ တစ်နံတစ်လျားမှ မျိုးဆက်သစ် ကျောင်းသားထုအပေါင်းတို့ မည်မျှပျော်၍ မည်မျှကြိုးစားလိုစိတ်များ တဖွားဖွားပေါ်နေမည်ဆိုသည်ကိုမှန်းဆ၍ ပီတိဖြစ်နေရပါသည်။

ခင်မောင်ဌေး(ပညာရေး)

ဇလွန်မြို့ ရေဝတီမြစ်၏ အနားစပ်မြေသားချန်လုပ်၍ အတွင်းပိုင်းကမ်းပါးပြိုမှုဖြစ်

ဇလွန် ဖေဖော်ဝါရီ ၅

ဒေါင့်ကြီးကျေးရွာအောက်တွင် သဲသောင်ထွန်းလာသည့်အတွက် ဒေါင့်ကြီးကျေးရွာမှ ဇလွန်မြို့ရေကြောင်း စီးဆင်းပုံမှာ အင်္ဂလိပ်အက္ခရာ e ပုံသဏ္ဌာန် စီးဆင်းနေသည်။

ဇန်နဝါရီ ၂၇ရက်တွင် ဇလွန်မြို့၏ ကျည်းပင်အထက် ကိုက် ၂၀၀ ဝန်းကျင်တွင် မြစ်ကြမ်းခင်းမှ ရေစူးထိုးနှက်လာမှုကြောင့် ရေစပ်မြေသား ၁၀ ပေခန့်အကွာမှ မြေသားမြေထုနိမ့်ဆင်းသွားသည်ကို တွေ့ရသည်။

ထို့ကြောင့် ယင်းကျည်းပင်အထက် တစ်မိုင်ခန့်မှ စတင်၍ ရေလွှဲတန်းများ ရိုက်ပေးခြင်း၊ မိုးဦးကျချိန် ဝါးတောင်ဝှေးချခြင်းနှင့် သဲအိတ်ချခြင်းများ၊ ကတုတ်ခံချပေးခြင်းမရှိပါက နောင်နှစ်များတွင် ဇလွန်မြို့၏မြို့ဟောင်း ဧရိယာအချင်း တစ်မိုင်ခွဲဝန်းကျင်ခန့် ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်နိုင်သည်။

(ဦးအေးခိုင်)

ဆွာချောင်းတစ်လျှောက် ကြက်သွန်နီများ ဒေသအနှံ့စိုက်ပျိုး

ရေတာရှည် ဖေဖော်ဝါရီ ၅

ကြက်သွန်နီကို ဈေးနှုန်းကြီးစွာဝယ်ယူစားသုံးလျက်ရှိကြသည့် ဒေသခံပြည်သူများသည် မိမိတို့၏မြေနေရာလွတ်များနှင့် ရေတာရှည်မြို့နယ် ဆွာချောင်းတစ်လျှောက် နေရာအနှံ့အပြားတွင် ယခုလဆန်းမှစ၍ ကြက်သွန်နီအများအပြား စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။

ဆွာချောင်းရေလျောင်တမံ အောက်ဘက်ပိုင်းရှိ ကျေးရွာများဖြစ်ကြသော ဥယျာဉ်မှူး၊ သိုင်းဝ၊ ကြို့ပင်သာ၊ အလယ်မြောင်၊ စီပင်အေး၊ ဆွာမင်းလမ်း၊ တံတားကြီး၊ ကညင်အိုင်၊ ရေနီး၊ သရက်တော အစရှိသည့်ကျေးရွာနေ ဒေသခံများသည် စစ်တောင်းမြစ်ဝအထိ ကြက်သွန်နီစိုက်ခင်းများကို စိုက်ပျိုးလျက်ရှိသည်။ အဆိုပါကြက်သွန်နီစိုက်ခင်းများ သိမ်းဆည်းပြီးပါက မိသားစုအလိုက်ဖူလုံစွာ စားသုံးနိုင်မည့်အပြင် ပိုလျှံသည့် စိုက်ပျိုးသီးနှံများအား ဈေးကွက်ကိုတင်ပို့ရောင်းချနိုင်ပါက အပိုဝင်ငွေများရရှိမည်ဖြစ်သည်။ ယခုလက်ရှိ နယ်ဈေးကွက်တွင် ကြက်သွန်ဥအရွယ်အစားအလိုက် တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၁၀၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

(၅၇၈)

Myanmar Environment Institute (MEI)
Certificate of Environmental Studies (5th Batch)
သဘာဝပတ်ဝန်းကျင်ပညာရပ်ဆိုင်ရာသင်တန်း

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရပ်များကို စိတ်ပါဝင်စားသူတိုင်း သင်တန်းတက်ရောက်နိုင်ပါသည်။
- ပတ်ဝန်းကျင်သိပ္ပံနှင့် အခြားဆက်စပ်သော ဘာသာရပ်များကို သင်ကြားပေးပါမည်။
- သင်တန်းကာလမှာ (၂)လကြာမြင့်မည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် စတင် ဖွင့်လှစ်ပါမည်။
- သင်ကြားမည့်ဘာသာရပ်များမှာ–
  - Ecosystems; Terrestrial and Aquatic Ecosystems
  - Biodiversity and its Conservation
  - Introduction to Environmental Geology
  - Pollution and Urban Environment
  - Social Issues and Environment
  - Environmental Management, Planning and Law Enforcement
  - Introduction to occupational Health, Safety and Environment (HSE)
  - Field Work
- သင်တန်းအချိန် – ကြာသပတေး (၅း၃၀–၇း၀၀)၊ သောကြာ(၅း၃၀–၇း၀၀)၊ စနေ(၉း၀၀–၂း၃၀)၊ တနင်္ဂနွေ(၉း၀၀–၁၂း၀၀)

Myanmar Environment Institute (MEI)
တိုက်(C), အခန်း(005)၊ Delta Plaza ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – 09- 420109463 ၊ 09-73013448

အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မော်လမြိုင်မြို့၊ ရွှေကျီး+ရွှေဝတီ စီးပွားရေးလုပ်ငန်းစုမှ ကိုသားချို၏ ဖခင်ကြီး **ဦးချစ်စိန်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)သာသနာတော်ဆိုင်ရာ **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဆင်ဖြူစာသင်တိုက်၊ဥပဋ္ဌာကအဖွဲ့

အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃) ဖြင့် **ဦးလှထွန်း(အမှုန့်မျိုးစုံလုပ်ငန်း-မော်လမြိုင်)**အား **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဆင်ဖြူစာသင်တိုက်၊ဥပဋ္ဌာကအဖွဲ့

Happy Chinese New Year!
ငွေကျားတိုက် အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးအရောင်းပြခန်း
10%~30%
3days Only
Great Sale by OPPLE
6.2.2013 ~ 8.2.2013
ရန်ကုန် – အမှတ် ၄,၅,၆၊ အဆောင်(C) ပုလဲကွန်ဒို၊ ကျွာအေးဇေတီလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း– ၀၁–၅၅၅၁၅၅ ၊၅၅၉၄၃၃။
အမှတ် G-၁၃/၁၄၊ အောင်ဆန်းကွင်းအနောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း– ၀၁–၃၇၁၅၃၃ ၊၃၉၄၅၂၁။
အဆောင် (D)၊မြေညီထပ်၊ (9/9A/10)၊ ပုလဲကွန်ဒို၊ ကျွာအေးဇေတီလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း– ၀၁–၈၆၀၄၀၄၀ ၊ ၅၅၁၃၃၃။
မန္တလေး – အမှတ် (၂၆၇)၊ ၂၆ လမ်း၊ ၈၃–၈၄ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း– ၀၂–၉၁၀၀၀၇၈၈ ၊၃၄၉၅၇။

အခန်းဆက်ဝတ္ထု

ငွေကန္တာဦး

တက္ကသိုလ်
ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

ရန်ကုန်တက္ကသိုလ် ဆေးပညာမဟာဌာန လက်တွေ့ခွဲစိတ်ခန်းတစ်ခုအတွင်းမှ ကျောင်းသားကျောင်းသူများ ထွက်လာကြသည်။

နည်းပြဆရာ ဒေါက်တာလူရွယ်တစ်ဦးသည် ကြွေ ရေကန်၌ လက်များကို စင်ကြယ်အောင်ဆေးကြောသုတ်သင်ပြီး အခန်းတွင်းမှ နောက်ဆုံးထွက်လာခဲ့၏။

ဒေါက်တာ၏ အရပ်မှာ အတန်ရှည်သွယ်၏။ ကိုယ်လုံးက မဖွံ့ဖြိုး၊ ပိန်ပိန်ကိုင်းကိုင်း ဖြစ်၏။ အသားမှာ ဖြူပြီး မျက်ခုံးမျက်လုံးကောင်းသည်။ ဂျူတီကုတ်ဖြူ အရှည်သည် သူ့အရပ်အမောင်း၊ သူ့အသားအရေတို့နှင့် လိုက်ဖက်ကြည့်ကောင်း၏။

ဒေါက်တာသည် စင်္ကြံအတိုင်းလျှောက်လာခဲ့ပြီး ခွဲစိတ်ကုသရေးပညာဆိုင်ရာ ပါမောက္ခရုံးခန်းရှေ့၌ ရပ်လျက်ဆင်နားရွက်တံခါးကို အသာအယာခေါက်လိုက်၏။ အတွင်းမှ အသံပေါ်လာ၏။

"ယက်စ်၊ ကမ်းအင်"

လူရွယ်ဒေါက်တာသည် အခန်းအတွင်းသို့ ဝင်လိုက်ပြီး ပါမောက္ခ၏ စားပွဲရှေ့၌ ရပ်လိုက်၏။

မေးရိုးခိုင်ခိုင်၊ ပါးသိုင်းမွှေးစိမ်းစိမ်းနှင့် ထိပ်ပြောင်စ ပါမောက္ခက မော့ကြည့်၏။

"ဟာ . . . ဒေါက်တာနှင်းငွေ၊ လာ . . . လာ . . . ထိုင်ထိုင်"

ဒေါက်တာနှင်းငွေသည် စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ပြော၏။

"ဆရာက ခေါ်ခိုင်းလိုက်တယ်ဆိုလို့ လာတာပါ၊ အကြောင်းထူးရှိပါသလား ဆရာ"

"ဟာ . . . ရှိတာပေါ့၊ နေဦး နေဦး"

ပါမောက္ခသည် စားပွဲပေါ်မှစာရွက်တစ်ရွက်ကို ရှာပြီး ပြ၏။

"သတင်းကောင်းပဲ၊ လန်ဒန်ဆေးတက္ကသိုလ်မှာ ဒေါက်တာ တက်ခွင့်ရပြီ၊ ဟောဒီမှာ ပညာရေးသံမှူးဆီကစာ၊ စပရင်းတမ်း (နွေဦးရာသီ စာသင်နှစ်ဝက်)က စတက်ရမယ်ဆိုတော့ ဧပြီလထဲ အရောက်သွားရမယ်"

"ဟုတ်ကဲ့၊ ပတ်(စ်)ပို့ကိစ္စကလွဲပြီး ကျန်တာတွေတော့ ပြီးစီးအောင် ကျွန်တော် ကြိုတင်စီစဉ်ထားပါတယ်"

"ကဲ . . . ဒါဖြင့် ကွန်ဂရက်ကျူလေးရှင်း"

ပါမောက္ခလက်ကမ်းပေးသောကြောင့်သူက လေးစားစွာ ဆွဲယူလှုပ်ယမ်းရ၏။

နှင်းငွေသည် ပါမောက္ခ၏အခန်းမှ ပြန်လာပြီး တောက်လျှောက် အပြင်သို့ ထွက်ခဲ့၏။

စင်ဝင်ကြီးအောက် သူအရောက်တွင်ပင် စစ်သုံး အစိမ်းရောင် ဂျစ်ကားတစ်စီးက ဆိုက်ဝင်လာ၏။

ဂျစ်ကားကို ရဲဘော်တစ်ဦးက မောင်းသည်။ ရဲဘော်ဘေး ရှေ့ထိုင်ခုံမှ ဒုဗိုလ်တစ်ဦးသည် ဆင်းလိုက်၏။

မျက်လုံးမှေးမှေး၊ နှာခေါင်းပြားပြား၊ အသားညိုညို နှင့် ဒုဗိုလ်ကို နှင်းငွေက စူးစိုက်ကြည့်၏။

"ဟေ့ကောင် နှင်းငွေ၊ အံမာ လူမှားနေသလား၊ ငါပါကွ ဘခက်ပါ"

"ဟာ ဘခက်၊ အေး အရာရှိအဝတ်အစားနဲ့ဆိုတော့ ငါ ရုတ်တရက် မမှတ်မိဘူး"

"အေး ငါကလဲ အရာရှိ အသစ်ကျပ်ချွတ်ကိုး၊ ဗထူးက မနေ့ကမှ ဆင်းလာတာ၊ အခု ငါ အသိဗိုလ်ကြီး တစ်ယောက်ရဲ့ကား ဆွဲလာတယ်၊ မင်းကို ထမင်းကျွေး ချင်လို့၊ ကဲ . . . တက်ကွာ"

"ဟေ ငါကလဲ မင်းကို ထမင်းကျွေးရမလို ဖြစ်နေတယ်"

"ဘာပြုလို့"

"မင်း ဗိုလ်သင်တန်းတက်နေတုန်းက ငါ ပညာတော်သင် အရွေးခံရတာ စာရေးလိုက်သားပဲ၊ အခုပဲ စာရတယ်၊ ငါ နိုင်ငံခြားသွားရတော့မယ်"

"ဟာ သိပ်ဟုတ်ပါလား၊ ဒါဖြင့် တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ကျွေးကြမယ်၊ ကဲလာ"

သူငယ်ချင်းနှစ်ဦးသည် နှင်းငွေနေသော လမ်းတစ်ဖက်ရှိ ကျောင်းဆောင်သို့ အရင်သွားကြ၏။

နှင်းငွေက ကပျာကသီ ရေမိုးချိုး၊ အဝတ်အစားလဲသည်။ ထို့နောက် ဘခက်တည်းနေသော စလင်းလိုင်းသို့ သွားကြ၏။ ဘခက်အရပ်ဝတ်အရပ်စား လဲပြီးသောအခါ ဂျစ်ကားဖြင့် တက္ကသိုလ်ရိပ်သာလမ်းရှိ ဟိုင်ဖွမ်ဟိုတယ်သို့ လာခဲ့ကြ၏။

စားသောက်ပွဲများ ချမလာမီ နှင်းငွေက ဘခက်ကို ကြည့်ပြီး ပြုံး၏။

"မင်း ဘာပြုံးတာလဲ နှင်းငွေ"

"ဝမ်းသာလို့ပါ၊ မင်း အရာရှိဖြစ်လာတာ ဝမ်းသာလို့"

"အေး ငါကိုယ်တိုင်လဲ ဝမ်းသာတယ်၊ ငါက လွယ်လွယ်ကူကူ အရာရှိဖြစ်ခဲ့ရတာ မဟုတ်ဘူး၊ ရဲဘော်ဘဝနဲ့ သုံးနှစ်၊ အကြပ်ဘဝနဲ့လဲ သုံးနှစ်၊ မက်ထရစ်ကိုလဲ တပ်တွင်းညကျောင်းတက် ကြိုးစားပြီး အောင်ခဲ့ရသေးတယ်"

ပြုံးလျက်ပြောနေရာမှ ဘခက်သည် မျက်နှာတည်လိုက်ပြီး ဆက်ပြော၏။

"အရင်းစစ် အမြစ်မြေက ဆိုသလိုပဲ၊ ငါ့ ကျေးဇူးရှင် အစစ်ဟာ ဦးထွန်းသောင်ပဲကွ နှင်းငွေ"

> " ဒီကမ္ဘာဟာ လိုအပ်တဲ့ အရင်းစိုက်ဖို့ လုံလောက်အောင် ကြွယ်ဝပါတယ်၊ ခက်တာက တလွဲမှာ ဆံပင်ကောင်းနေကြတယ်၊ လက်နက်အပြိုင်အဆိုင်ထုတ်ဖို့ကိစ္စ၊ သူ့ကို ကိုယ်က အနိုင်ယူဖို့ကိစ္စ၊ အာကာသကို ကိုယ်ကအရင်စိုးမိုးပြီး ဒီကမ္ဘာကို ကိုယ်ကအပေါ်စီးက သြဇာပေးရေးကိစ္စ၊ အဲဒီကိစ္စတွေမှာတော့ ရွှေတွေ ငွေတွေ၊ ရွှေတွေ ငွေတွေထက် အဖိုးတန်တဲ့ လူတွေရဲ့ ကာယအားနဲ့ ဉာဏအားတွေ အဲဒါတွေကို ကျောက်ခဲသဲလဲတွေကို ပင်လယ်ထဲ စွန့်ပစ်သလို ဗုံးပေါလအော သုံးပစ်နေကြတယ် "

"အေး ဟုတ်တယ်၊ သူ့ထောက်ခံစာနဲ့ မင်းတပ်မတော်ထဲဝင်သွားတာ မဟုတ်လား"

"သာမန်ရဲမှူးတစ်ဦးရဲ့ထောက်ခံစာမျိုးဆိုရင် ငါ့နောက်ကြောင်းက မရှင်းခဲ့တော့ တပ်ထဲဝင်လို့ရမှာ မဟုတ်ဘူး၊ သူက တော်လှန်ရေးတုန်းက သူ့တပ်ရင်းမှူးဟောင်း၊ အခုလက်ရှိ ဗိုလ်မှူးကြီးတစ်ဦးဆီကို ရေးပေးလိုက်လို့ ငါရဲဘော်လေးတစ်ဦးအဖြစ်နဲ့ စပြီး အမှုထမ်းနိုင်ခဲ့တာ၊ ပြောသာပြောတာ နှင်းငွေ ငါ့စိတ်ထဲမှာ ယာတောနဲ့ ငါ့ဆိတ်တွေကို ငါလွမ်းတုန်းပဲ"

"ညွှန့်မေကိုကော မလွမ်းဘူးလား . . ."

"အဟီး . . . အင်း . . . ညွှန့်မေဟာ ငါ့အပေါ်မှာ တကယ်ကောင်းရှာတယ်ကွာ"

စားသောက်ပွဲများ ရောက်လာ၏။

"ဒါထက် နှင်းငွေ၊ မင်း နုနုငယ်နဲ့ တွေ့ရသေးသလား"

"ဟင့်အင်း ငါ့ကတိအတိုင်း ငါ ရွာမွန်သာကို မသွားခဲ့ပါဘူး၊ ဆရာဝန်ဖြစ်ပြီး တစ်နှစ်ပြည့်တဲ့အချိန်ကျမှ သွားတယ်၊ ဒါပေမယ့် နုနုငယ်ရော သူ့အဖေရော အိမ်ကြီးမှာ မတွေ့ခဲ့ရဘူး၊ သူ့အမေရဲ့ဂူတော့ တွေ့ခဲ့ရတယ်၊ ခမျာလည်း ဆုံးရှာပြီလေ၊ အိမ်စောင့်ကျန်နေတဲ့ ဦးကံရာဇာဆီကလဲ ဘာမှ မေးလို့မရဘူး၊ ဦးမြတ်မင်းဟာ နုနုငယ်ကို ဘယ်တော့မှ ငါနဲ့ တွေ့ခွင့်မပေးတော့ဘူး ထင်တာပဲ"

"နုနုငယ်ဟာလဲ သူ့အမေလိုပဲ အဲ . . . ဖြစ်သွားလိမ့်မယ်လို မင်းထင်သလား"

"ဒီရောဂါမျိုးဟာ ဆွေစဉ်မျိုးဆက် လိုက်တတ်တာတော့ မှန်တယ်၊ ဒါပေမယ့် မအေဖြစ်လို့ သမီးမှာလဲ ဖြစ်လိမ့်မယ်လို့ တထစ်ချကြီးတော့ မပြောနိုင်ဘူး၊ အင်းလေ မဖြစ်ပါနဲ့ ဆုတောင်းရတာပဲ"

"ဖြစ်လာရင်ကော မင်းတို့ ဆေးပညာက မကုနိုင်ဘူးလား"

"ဒီလိုရှိတယ်ကွာ၊ လမ်းမပေါ်က လူတွေအနေနဲ့တော့ ရူးသွပ်ခြင်းဆိုတာကို သာမန်ပဲ ခေါ်ကြတယ်၊ ဆေးပညာနဲ့စိတ်ပညာအရ စိတ်ဖောက်ပြန်မှု အမျိုးပေါင်း အများကြီးရှိတယ်၊ ကုလို့ရတာတွေလဲ အများကြီးရှိတယ်၊ မရတာတွေလဲရှိတယ်"

"ဘယ်ဟာတွေက ရပြီး၊ ဘယ်ဟာတွေက မရလဲ"

"ဟာ အလွယ်တကူတော့ ပြောလို့မရဘူး၊ မင်း သိချင်ရင် အကြမ်းဖျင်း ငါ ပြောပြမယ်၊ အိမ်မှာထားလို့လဲ မဖြစ်ဘူး၊ လူမှုပတ်ဝန်းကျင်မှာလဲ အန္တရာယ်ရှိတယ်၊ သူ့အတွက်လဲ အန္တရာယ်ရှိတယ်၊ ဒါကြောင့်မို့ စိတ်ရောဂါကုဆေးရုံမှာမထားမဖြစ်တဲ့ ရူးသွပ်ခြင်းမျိုးကို ဆိုက်ကိုးဆစ်လို့ ခေါ်တယ်၊ အဲဒီလို စိတ်ရောဂါကြီးမျိုးဟာလဲ အများကြီးရှိတယ်၊ အဓိကအားဖြင့်တော့ အော်ဂန်းနစ် အမျိုးကြီးနဲ့ ဖန်ရှင်နယ်လ် အမျိုးကြီးလို့ နှစ်မျိုးရှိတယ်၊ အော်ဂန်းနစ်ဆိုတာက ဦးနှောက်အစရှိတဲ့ ခန္ဓာကိုယ်ထဲက အင်္ဂါရပ်တွေ တစ်ခုခုချို့ယွင်းပျက်စီးလို့ ဖြစ်ရတဲ့ရောဂါ၊ တစ်နည်းအားဖြင့် အကြောင်းသိ ရောဂါတွေပဲ ဖန်ရှင်နယ်လ် အမျိုးကတော့ ရူးသွပ်သာ ရူးသွပ်နေတယ်၊ ဘာကြောင့် ရူးသွပ်နေတယ်လို့ မပြောနိုင်သေးတဲ့ ရောဂါတွေပဲ၊ ဤသို့ ဤသို့ အကြောင်းတွေကြောင့် ဖြစ်တန်ရာ၏လို့ ခန့်မှန်းထားတဲ့ "သီအိုရီ" တွေတော့ အများကြီးရှိတာပေါ့၊ ဘယ်သီအိုရီကမှ မပြည့်စုံသေးဘူး၊ အဲဒီအကြောင်းမသိ ရောဂါမျိုးကြီးထဲမှာလဲ "စိတ်ကစဉ့်ကလျား ရောဂါမျိုးစု"၊ "ယုံမှားလွန် စိတ်ဝေဒနာမျိုးစု"၊ "စိတ်ထိပါးမှု ဝေဒနာမျိုးစု" ရယ်လို့ မျိုးစုသုံးစု ရှိပြန်တယ်၊ အနာမသိ ဆေးမရှိ ဆိုတာလို အဲဒီ ရောဂါမျိုးစု သုံးစုစလုံးကို ကုသလို့ မလွယ်ဘူး၊ ကုသလို့ရတောင်မှ ပျောက်ကင်းတယ်ဆိုတဲ့ စကားကိုမသုံးနိုင်ဘူး၊ သက်သာတယ်ဆိုတဲ့ စကားကိုသာ သုံးနိုင်တယ်၊ အဲဒီသုံးခုအနက် စိတ်ထိပါးမှု ဝေဒနာမျိုးစု ကုသရေးဟာ အအောင်မြင်ဆုံးပဲ"

"နုနုငယ်တို့ အမေရောဂါက ဘယ်ဟာမျိုးလဲ"

"စိတ်ကစဉ့်ကလျား ရောဂါမျိုးစုထဲကပဲ၊ ထင်ရှားတဲ့ ရောဂါလက္ခဏာကတော့ မမြင်ရတဲ့ဟာတွေကို ကြားတယ် ထင်ကြတယ်၊ မသင်္ကာစိတ် မယုံစိတ်တွေ ကြီးတယ်၊ မဟုတ်တာကို ဟုတ်တာထင်တယ်၊ ဟုတ်တာကို မဟုတ်တာ ထင်တယ်၊ သဘာဝပစ္စည်းတွေနဲ့ သဘာဝဖြစ်ရပ်တွေမှာ မဆီမဆိုင်တဲ့ အဓိပ္ပာယ်တွေ တပ်ပေးပြီး မဆီမဆိုင်တဲ့ အဓိပ္ပာယ်တွေ ကောက်ယူတယ်၊ နောက်ဆုံးတော့ တဖြည်းဖြည်းနဲ့ အစစ်အမှန်လောကနဲ့ သူတို့ဟာ တခြားစီ ဖြစ်သွားကြတယ်၊ မကြည့်ရက်စရာအကောင်းဆုံး၊ သနားစရာအကောင်းဆုံး ရောဂါသည်တွေပါပဲ"

"ဒီရောဂါကို ကုလို့မရဘူးလား"

"မျှော်လင့်ချက်အနည်းဆုံး ရောဂါမျိုးစုတစ်ခုပဲ၊ ဒီရောဂါရယ် ကင်ဆာရောဂါရယ်ဟာ တိုးတက်နေပါတယ်ဆိုတဲ့ ကမ္ဘာကို သရော်နေကြတယ်၊ သိပ္ပံပညာကိုလဲ မထီမဲ့မြင် ပြုံးပြပြီး စိန်ခေါ်နေကြတယ်၊ ဆေးပညာ သိပ္ပံပညာရှင်တွေက စိန်ခေါ်တာကို လက်ခံပြီး အစွမ်းကုန်ပြိုင်နေကြတယ်၊ ခက်တာက တစ်ခုပဲ ရှိတယ်"

နှင်းငွေသည် လေးနက်စွာ စဉ်းစားဟန် ခေတ္တငြိမ်သွား၏။

"နှင်းငွေ ကောင်းတုန်း စကားမဖြတ်နဲ့ကွာ ဆက်ပြော"

"ပြောပါ့မယ်၊ တစ်ခါက မင်းပြောခဲ့တဲ့စကားကို သတိသွားရလို့ပါ၊ လူတွေရဲ့ နေရေး . . . နေရေးကိစ္စမှာ သိပ္ပံပညာမိုးဟာ ခေါင်နေတုန်းပဲ ဆိုတာလေ၊ ငွေကန္တာဦးမှာပဲ ရှိသေးတယ် ဆိုတာလေ"

ဘခက်သည် ကျေနပ်စွာ ပြုံးပြ၏။

"မင်း မှတ်မိသေးသားပဲ"

"မှတ်မိတယ်၊ အခု ဆရာဝန်ဖြစ်တာ နှစ်နှစ်ကြာမှ ပိုသဘောပေါက်လာတယ်၊ ခုနင်က ပြောခဲ့တဲ့ ရောဂါတွေရဲ့ဇာစ်မြစ်ကို ပိုင်ပိုင်သိဖို့ ကုသရေးနည်းတွေ ထက်သထက် ထက်လာဖို့ သုတေသနတွေအများကြီး ဆက်လုပ်ကြရဦးမယ်၊ သုတေသနတွေလုပ်ဖို့က ငွေတွေအများကြီး လိုတယ်၊ တစ်နည်းအားဖြင့် အရင်းတွေ အများကြီး စိုက်ကြရဦးမယ်၊ ဒီကမ္ဘာဟာ လိုအပ်တဲ့အရင်းစိုက်ဖို့ လုံလောက်အောင် ကြွယ်ဝပါတယ်၊ ခက်တာက တလွဲမှာ ဆံပင်ကောင်းနေကြတယ်၊ လက်နက်အပြိုင်အဆိုင်ထုတ်ဖို့ ကိစ္စ၊ သူ့ကို ကိုယ်က အနိုင်ယူဖို့ ကိစ္စ၊ အာကာသကို ကိုယ်က အရင်စိုးမိုးပြီး ဒီကမ္ဘာကို ကိုယ်ကအပေါ်စီးက သြဇာပေးရေးကိစ္စ၊ အဲဒီကိစ္စတွေမှာတော့ ရွှေတွေ ငွေတွေ၊ ရွှေတွေ ငွေတွေထက် အဖိုးတန်တဲ့ လူတွေရဲ့ ကာယအားနဲ့ ဉာဏအားတွေ အဲဒါတွေကို ကျောက်ခဲသဲလဲတွေကို ပင်လယ်ထဲ စွန့်ပစ်သလို ဗုံးပေါလအော သုံးပစ်နေကြတယ်"

(ဆက်လက်ဖော်ပြပါမည်)

သမားတော် ဦးဘိုကြီး ၏
ရွှေပဒေသာပြည် လုံးချမ်းသာဆေးတိုက် နှင့် ဆေးကုဌာန
ရှမ်းပြည်နယ်မှ အစွမ်းထက်သော မြန်မာ့ဆေးစွမ်းကောင်းများ
နှလုံးဆေး ➢ နှလုံးတုန်ခြင်း၊ နှလုံးစူးခြင်း၊ နှလုံးအောင့်ခြင်း အတွက် နှလုံးဆေး
သွေးတိုးကျဆေး ➢ လေးဖက်နာသောက်ဆေး 0513 YR 002564 1013 YR 002566
အဆီကျဗိုက်ချပ်ပိန်ဆေး ➢ အသည်း တွင်ပုံးနေသောအဆီများကို ပျော်ကျစေနိုင်သည်။
ထုတ်လုပ်ခွင့်လိုင်စင် – ၈/၂၀၁၁၊ တဆထလ/တိုး (၀၅၉) ➢ TMR 003077 (0514) ➢ 0513 YR 002153
တိုက်–B၊ အခန်း–၀၀၂၊ ရေတာရှည်လမ်းသစ်၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း–၀၉၅၂၁၁၆၂၁
ကြော်ငြာခွင့်ပြုချက်အမှတ်–၂၂၀/တဆဝက (စာနယ်ဇင်း) ၀၁၀၁၃

အမြန်ဆက်သွယ်ရန် အလိုရှိသည်
(၁) အမျိုးသမီးဝန်ထမ်း မ (၂၀) ဦး
(၂) စားပွဲဝန်ထမ်း ကျား (၃၀) ဦး
(၃) ယာဉ်မောင်း ကျား (၁၀) ဦး
ROYAL EXPRESS SERVICES LTD.
၁၁၄ / ၁၁၆၊ မြေညီထပ်၊ ဇုန်လမ်း (အလယ်) ၊ ဗိုလ်တထောင်မြို့နယ်။

"လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် ဒါရိုက်တာ **ဒေါ်မာလာမြင့်** ("ငွေကျားတိုက်" မီးဆိုင်းနှင့်လျှပ်စစ်ပစ္စည်း Co.,Ltd.)အား **"သုဓမ္မသိင်္ဂီဘွဲ့"**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်းနှင့် ဘာသာ၊ သာသနာ့အကျိုးများ ဆတက်တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ညီမလေးတို့မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝမ်းသာဂုဏ်ယူစွာဖြင့်
ဦးတင်ထွန်း-ဒေါ်ခင်နီလာထွန်းမိသားစု
"ရွှေမျက်ဝန်း" Hair & Beauty ကမာရွတ်၊ လှည်းတန်း

ဝမ်းမြောက်ကြောင်းဆုတောင်းလွှာ

ဦးခင်မောင်မြတ်(Peace Myanmar Electric Company) နှင့် ဒေါ်ဆွေဇာလွင်(ကောင်းသုခထရေးဒင်းကုမ္ပဏီလီမိတက်) တို့၏ သားဦးရတနာကို ၁-၂-၂၀၁၃ ရက်တွင် ပန်းလှိုင်ဆေးရုံ၌ အောင်မြင်စွာမွေးဖွားခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ချစ်သောသားလေး လိုတရပြီး ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစု
ကောင်းသုခထရေးဒင်းကုမ္ပဏီလီမိတက်

ကျေးဇူးတင်ရှိခြင်း

အောင်သမာဓိစိန်ရွှေရတနာဆိုင်
စွန့်ဦးတီထွင်(ဦးအောင်)

သင်တန်းဖွင့်လှစ်ပေးသော အောင်သမာဓိ စိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်း ပိုင်ရှင် ဦးအောင်၊ ဒေါ်မော်စီနှင့်မိသားစု၊ သင်တန်းဖွင့်လှစ်ရန်နေရာကို အခမဲ့ဖွင့်ပေးသော တော်ဝင်နှင်းဆီပိုင်ရှင် ဦးစိုးညွန့်နှင့်မိသားစု၊ စေတနာဖြင့်သင်ကြားပေးသော၊ အကြံဉာဏ်ပေးကြသော ဦးအောင်(ဘဝနေနည်းနှင့်ဘဝအတွေ့အကြုံများ)၊ ဦးမော်မော် (ရွှေအကြောင်းသိကောင်းစရာ)၊ ဦးအောင်သင်း(စာရေးဆရာ)၊ ဦးခင်မောင်ဟန် ဥက္ကဋ္ဌ (Future Engineering Group)၊ ဦးလှဝင်းရွှေ(ရွှေလုပ်ငန်းဆိုင်ရာဥပဒေများ)၊ ဦးကျော်ရင်မြင့်(စာရေးဆရာ)၊ ဦးတင်အောင်(ရွှေအရောင်းအဝယ်တွက်ချက်နည်း)၊ ဦးစိုးမြင့်သန်း (စားသုံးသူဝန်ဆောင်မှုအနုပညာနှင့် လူမှုစီးပွားရေးနယ်ပယ်တွင် ကျင့်သုံးလေ့ရှိသော ယဉ်ကျေးမှုဓလေ့ထုံးများ)၊ ဦးမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)၊ မဇင်မိမိအောင် (အောင်သမာဓိ)၊ ကိုဖွဲ့လေး-မဖြူဖြူအောင်(အောင်သမာဓိ)၊ ဦးတော်မီသိန်း(စိန်အကြောင်းသိကောင်းစရာ)၊ ဦးခင်မောင်မြင့် (စိန်အကြောင်းသိကောင်းစရာ)၊ သင်တန်းဖြစ်မြောက်အောင်ကူညီပေးကြသော အောင်သမာဓိဝန်ထမ်းများ၊ ရွှေပညာအခမဲ့သင်တန်း အမှတ်စဉ် (၃)၊ (၄)၊ (၇)၊(၉)၊(၁၀)၊(၁၁)မှ သင်တန်းဟောင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ရွှေပညာအခမဲ့အမှတ်စဉ်(၁၂)
ဦးရေ(၆၄၃)ဦး သင်တန်းသူ၊ သင်တန်းသားများ
ရန်ကုန်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နှင့် အုတ်ဖိုမြို့နယ်၊ အေးမြသာယာနေ
ဗိုလ်ကြီးထွန်းတင်(ငြိမ်း)-ဒေါ်လေးယဉ်တို့၏သားဦး
ဗိုလ်ကြီးဇေယျာထွန်းတင် M.B.,B.S, M.Med.Sc (Public Health)
နှင့်
မိုးကုတ်မြို့နေ
ဦးလား(လ်)ဗဟာဒူး(ခ)ဦးဆိုင်လား-ဒေါ်ဂီသား
(ရတနာဘူမိကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)တို့၏ တတိယသမီး
မအိန္ဒယ်နီ B.A (Eco)

တို့၏ ၁၄-၁-၂၀၁၃ ရက်တွင် မိုးကုတ်မြို့နေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော မိုးကုတ်မြို့နယ်တရားသူကြီး ဦးမိုးကြည်မောင်၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒေါက်တာ ဝင်းသိန်းနှင့်ဇနီးဒေါ်ဌေးမြင့်ကြည် တို့အားလည်းကောင်း၊ ၂၇-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် Chatrium Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သီရိပျံချီဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)နှင့်ဇနီးဒေါ်ခင်သန်းမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝဏ္ဏကျော်ထင် ဦးမောင်မြင့်နှင့်ဇနီးဒေါက်တာ ဒေါ်ခင်မြဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသောသီရိပျံချီ ဒုတိယ ဗိုလ်ချုပ်ကြီးအေးသောင်(ငြိမ်း)နှင့်မိသားစုအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက် နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်နှင့်ဇနီးဒေါ်ချယ်ရီ၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ရှိန်(ငြိမ်း)နှင့်ဇနီးဒေါ်ကျော့ကျော့စံ၊ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်း တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၂၀)မှ သူငယ်ချင်းမိသားစုများနှင့်တကွ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အနန္တဂိုဏ်းဝင် ဆရာသမားများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ဒေါ်ချိုပြုံးနှင့် The Acesအဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မယုဇန၊ မင်္ဂလာအောင်စံပယ်ပန်းကလပ်နှင့် လက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မလွင်ဖြူစင်နှင့် မကျိန်ရှန်းလျန်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးငြိမ်းချမ်းအောင်နှင့် ဗိုလ်ကြီးကျော်သူဟိန်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာအိပိတောက်နှင့်မဖြူဖြူသိမ့်၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော မိတ်ကပ် ခင်စန်းဝင်း၊ မင်္ဂလာဝတ်စုံစီစဉ်ပေးပါသော မမို့မို့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ဦးဆန်းလင်း (ဆန်းပွင့်ဗီဒီယိုရိုက်ကူးရေး)၊ Chatrium Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇေယျာထွန်းတင်-မအိန္ဒယ်နီ

ကားရောင်းမည် (ပွဲစားမလို)

CNG TAXI (စာအုပ်ကျပြီးအမည်ပေါက်) 2000 MDL, ၇ဃ/---Corolla Van ၂၁၅ သိန်း
ဝယ်မည့်သူသာဆက်သွယ်ပါ။

ဖုန်း-၀၉၅၅၀၁၃၄၉

Columbus Travels SAKURA ရုံးခွဲပြောင်းရွှေ့ခြင်း

အမှတ်(69/71)၊ ဆူးလေဘုရားလမ်း (AGD Bank အနီး)
Tel: 378535 (Hunt line), 378549
Email: columbus02@baganmail.net.mm
columbus01.sakura@gmail.com
လေယာဉ်ပျံလက်မှတ်ကိုယ်စားလှယ်(စ်)

တန်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ [illegible] (ရွာမ)အနောက်ရပ်ကွက် [illegible] အမှတ်(၆၈၉) [illegible] ၅ ' x ၃၀ ' [illegible] (၁) [illegible]

[illegible] (၁၂/အစန(နိုင်) [illegible]) [illegible] (၁၂/အစန(နိုင်) [illegible]) [illegible] (၁၂/အစန(နိုင်) [illegible]) [illegible] (၁၂/အစန(နိုင်) [illegible]) [illegible] (၇) [illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်မိမိဟိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - [illegible])
[illegible] (၀၂-၂၅) [illegible]
[illegible] ရန်ကုန်မြို့။ ၀၉-[illegible] ၀၉-[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၀၊ မြေကွက်အမှတ် ၂၄၁၊ မြေကွက်တည်နေရာ အမှတ်(၂၄၁)၊ ဝန်သိုလမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြောက် (ဦးကျော်သိန်း-CE-၁၀၇၅၆၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သိန်း ကွယ်လွန်သဖြင့် ဒေါ်မြဟန်[၁၂/ဥကမ(နိုင်) ၀၆၅၁၁၄] က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကားရောင်းမည်(သို့)
အရည်ကျိုကားနဲ့လဲမည်

AA/ လူနာမည်၊ CNG, 99 Model ကာတီးနား လေးတိုက်

ဖုန်း-၀၉-၄၃၀၉၇၃၇၀

အဓိက

- လက်ဖယ်ပါကွဲ
- မြေဖယ်ပါကွဲ
- မြေဖေနောင့်ကွဲ
- အသားမာတက်နှင့်
- ပါးမျက်စိမြစ်မြင်းများအတွက်

သုံးစွဲနိုင်ပါသည်။

Ph: 01 - 379385

ကန့်ကွက်နိုင်ကြောင်းကြေငြာ

ရန်ကုန်မြို့ သာယာနယ်ကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ မြေကွက်အမှတ် (၇၃၆/ခ)၊ ဧရိယာ (၂၀ပေ x ၆၀ပေ)ရှိ ဦးမြင့်စိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်တို့အား၊ ဦးမြင့်စိန်နှင့် ဇနီး ဒေါ်ခင်စန်းတို့ကွယ်လွန်ပြီးနောက် လက်ရှိတရားဝင်ဆိုင်သူ သားသမီးများဖြစ်ကြသည့် (၁) ဦးဝင်းမြင့် (၂) ဦးခင်ဇော် (၃) ဒေါ်မိမိဇော် (၄) ဒေါ်သီတာသက်အောင် (၅) ဒေါ်ခင်ခင်လေးနှင့် (၆) ဒေါ်မိုးမိုးအောင် တို့ထံမှ ကျွန်ုပ်တို့အမိတ်ရွေက အပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ကြိုတင်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများ အနေဖြင့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်စေ့ရောက်သည့်နေ့နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစိုးဝင်းစိုး (စဉ်-၇၀၈၂)	ဒေါ်နီနီမိုင် (စဉ်-၂၃၀၀၃)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
09-5080432	09-73051684

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်းဒေသကြီးချောက်မြို့နယ်နေ
(ဦးမောင်ဝင်း)+ဒေါ်တင်ညွန့်တို့၏သားကြီး
ဗိုလ်ကြီးမင်းဟိန်း B.E.(Marine) D.S.T.A.
M.E(Naval Architecture And Ocean Engineering) S.M.T.U.(Russia)
တပ်မတော်(ရေ)
နှင့်
ရန်ကုန်တိုင်းဒေသကြီးလှိုင်မြို့နယ်နေ
ဗိုလ်မှူးချုပ်ဇော်(ငြိမ်း)အုပ်ချုပ်ရေးအရာရှိချုပ်(N.D.C.G)+ဒေါ်ဌေးဌေးဝင်းတို့၏သမီးငယ်
မရွှေရီသက်ဇော် (စာရေးဆရာမ ပန်းရတု) B.A.(Eco.)

ကျွန်ုပ်တို့၏ ၂-၂-၂၀၁၃ ရက်(စနေနေ့)တွင် **Chatrium Hotel**၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်သွယ် ပန်းကုံးချီးမြှင့်ပေးပါသော ... ဗိုလ်ချုပ်မှူးကြီး ... မင်္ဂလာလက်ထပ်လက်မှတ်ရေးထိုးချီးမြှင့်ပေးပါသော ... မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဆောင်များ ချီးမြှင့်ပေးပါသော ... မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ... သူငယ်ချင်းမိတ်သဂ်ဟများ ... ဆွေမျိုးမိတ်သဂ်ဟများ၊ ငယ်သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပွဲကို ... ကိုကျော်သက်ဇော် (**Supply Chain Manager, Unilliver Co.,Ltd.**) နှင့် ... လည်းကောင်း၊ ... ပန်းချီဆရာ (**Artist**)နှင့်အဖွဲ့ ... **The Cupids**အဖွဲ့သားများလည်းကောင်း၊ ... **Forever Photo Studio** အဖွဲ့အားလည်းကောင်း၊ မင်္ဂလာလက်ဆောင်များ ... **Lovey Dovey , House Of Favours** မှ ... အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် အရသာရှိလှသော **Hi Tea** နှင့် ပြင်ဆင်တည်ခင်းဧည့်ခံ ပေးပါသော **Chatrium Hotel** မှ ... ဝန်ထမ်းများ အားလည်းကောင်း၊ ... တပ်မတော်(ရေ)မှ ... သူငယ်ချင်းများနှင့် ... ၃-၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တပ်မတော်(ရေ) ... မိတ်ဆွေများ အားလုံးတို့အားလည်းကောင်း၊ ကျေးဇူးအထူး လှိုက်လှဲစွာတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမင်းဟိန်း+မရွှေရီသက်ဇော်

ကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ သားရတနာလေး **"ဥမ်ဖေးလုံ"**ကို ၁-၂-၂၀၁၃ ရက် ပန်းလှိုင်ဆေးရုံကြီးတွင် အောင်မြင်စွာ မွေးဖွားသန့်စင်ပေးခဲ့ပါသော သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မေသူမျိုးညွန့်၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မေဦး၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်အေးအေးမြင့်၊ ပန်းလှိုင်ဆေးရုံမှ တာဝန်ကျ ဆရာ၊ ဆရာမများ၊ ကိုယ်ဝန်ရှိစဉ်မှ မမွေးဖွားခင်အထိ စောင့်ရှောက်ခဲ့ပါသော ဒေါ်ဒေါ်ကြီး ပါမောက္ခ ဒေါက်တာခင်မြင့်း (ဌာနမှူး-ငြိမ်း) ဓာတ်မှန်ဌာန၊ ချက်ကြိုးသွေးသိမ်းဆည်းပေးပါသော Thai Stem Life မှ တာဝန်ရှိသူများ၊ ဂရုတစိုက်မေးမြန်းခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ကုမ္ပဏီများမှ ဝန်ထမ်းမိသားစုအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ခင်မောင်မြတ်-ဆွေဇာလွင်(ဇာကြီး)

၂၅ နှစ်မြောက် ငွေရတုမင်္ဂလာ

စင်ကာပူနိုင်ငံ Taman Jurong နေ ချစ်ဖေဖေ **ဦးသီဟကြည်** (Chief Engineer-M.V Baltic Breeze, Wallenius Marine Singapore Co., Ltd)နှင့် ချစ်မေမေ **ဒေါ်စန္ဒာ**တို့၏ 6 th February, 2013 တွင် ကျရောက်သော မင်္ဂလာခရီး ၂၅ နှစ်မြောက် ငွေရတုမင်္ဂလာမှသည် နှစ်ပေါင်း ၁၂၀ ကျော်တိုင် ပျော်ရွှင်ချမ်းမြေ့စွာ လက်တွဲနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး- **နေဝန်းသီဟ**
(Maritine Junior Engineer)
ချစ်သားငယ်- **ခန့်ညားသီဟ**
(Coporal,Singapore Defence Army)
ချစ်သမီးလေး-ကြယ်စင်လင်းလက်
(Sec IV SHUQIN Secondary School)

BLK 333 KANCHIANG ROAD # 06-270
SINGAPORE 610333

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၈၊ မြေကွက်အမှတ်-၂၃၇၊ မြေကွက်တည်နေရာအမှတ်-၂၃၇၊ (၁၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)(ဒေါ်ခင်ဝင်း) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ဝင်းထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူသူ ဦးလှကြိုင်[၁၂/ဗဟန(နိုင်)၀၆၄ ၁၁၅]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာများတင်ပြပြီး မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

KING STAR ဖုန်း - ၃၉၁၀၀၃ ၀၉၅၀၁၄၅၉၀၀
ကွန်ပျူတာအတတ်သင် **20000Ks**
➡ Internet (6000Ks)
➡ i-Office 2010
➡ D.T.P ☎ : 391754
➡ Graphic Design
➡ A+ Hardware
➡ Video Editing
➡ AutoCAD 2D,3D
၁။ အမှတ်(၁၀၈)မြေညီ၊ (၃၈)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။
၂။ အမှတ်(၁၀၃)မြေညီ၊ (၃၉)လမ်း၊ ကျောက်တံတား၊ ရန်ကုန်။

M I E C
Children are our future! Teach them well!
Summer Course
Four skills, Chinese & Creative Art
Cambridge မှစစ်ဆေးသော
Starters, Movers, Flyers, KET, PET
စာမေးပွဲများဝင်ရောက်ဖြေဆိုနိုင်သည်အထိ သင်ကြားပေးသည်။
၂၁ ရာစုအတွက်အရေးအကြီးဆုံး
Thinking Skills & Creativity
အသစ်သင်မည်
20% discount in Feb
5 March 2013
တွင်စတင်ဖွင့်လှစ်မည်
#12-01, Olympic Tower, BoAungKyaw St, City of Kyauktada Tel: 01 256 602, 392 617

နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးဆိုင်ရာ Bachelor Degree ရယူလိုသူများအတွက်
MIC
Myanmar Imperial College
- Diploma in Business (HND)
- Diploma in Media Arts (HND)
- BA(Hons:)Business Administration
- **MBA** Master of Business Administration

edexcel
Approved Centre No. 93679
February Intake
အမှတ်(၆၂)(C) အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ☎ 0973210001/ 73153699/ 537562

- နိုင်ငံတကာအသိအမှတ်ပြု GIA, HRD, IGI Certificate များပါရှိသော D-K Colour ရတီ ကိုက်ဖြူသန့်နှင်းကပ်များကို ကမ္ဘာ့စိန်ပေါက်ဈေးစာရင်း (Rapaport) အတိုင်းအနည်းဆုံး 5% မှ အများဆုံး 20%အထိ Discount ပေး၍ ရောင်းချပေးနေပါပြီ။
- ဤဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးအတိုင်းမှ မနုတ်ဘဲပြန်ပေးပါမည်။

Tah Lee Gold
စိန်ရွှေရတနာဆိုင်
ဤဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏ ၉၅% ပြန်ပေးပါသည်။ လဲလျှင်ကာလတန်ဖိုး၏ ၉၀%၊ (အလျော့တွက်မနုတ်ပါ)
စိန်ရောင်းချင်လို့ပါ

တန်ရာတန်ကြေးပေးဖို့ဝန်မလေးဘူး။ စိန်ဖြူသန့်အမှန်အကန်ပဲလိုချင်တယ်။ ရှေးဖို့ရှာဖို့လဲ အချိန်မပေးနိုင်ဘူးဆိုသူများအတွက် ...
အောက်ပါအရည်အသွေးအတိုင်း တိတိကျကျရှိသောစိန်ဖြူသန့်အကြီးအသေးဆိုဒ်စုံများကို အာမခံပြီး ရောင်းချပေးနေပါပြီ

- Same Cutting စိန်အပွင့်တိုင်း Standard Brilliant Cut (ဘယ်လဂျီယမ် Cutting) ဖြစ်ရမည်။ Cutting ခိုသွေးထားတာမပါစေရ။
- Same Colour စိန်အပွင့်တိုင်း အဖြူစစ်စစ်ရည် (D,E,F Colour) ဖြစ်ရမည်။ အရည်မဖြူတာ၊ မညီတာ၊ နှံနှံလေးဝါ၊ ညိုတာမပါစေရ။
- Same Purity အပွင့်တိုင်းသန့်စင်မှု မကွာစေရ။ (IF, VVS$_1$, Quality ရှိရမည်။) VS Quality များဖြစ်သော အရှုသေး၊ Spotသေး၊ အပြစ်သေးများမပါစေရ။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ (၂၀)ကြိမ်မြောက် နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကို ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)မှ ၂၆-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)အထိ (၃၅)ရက်တိုင် ယခင်နှစ်များကဲ့သို့ ကျင်းပပြုလုပ်ပါမည်။ သင်တန်းတက်ရောက်လိုသော သင်တန်းသား/သူများသည် ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၁-၆၄၆၄၆၄၊ ၀၁-၆၄၆၈၆၅၊ ၀၁-၆၄၀၂၉၄ သို့ ဆက်သွယ်၍လည်းကောင်း စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းသားများသည် သာသနာ၀င်မှတ်တမ်း(သို့) ခိုင်လုံသောထောက်ခံစာ၊ သပိတ်လွယ်ပါသော သပိတ်၊ အိပ်ရာစသည့် မိမိတို့အသုံးအဆောင် ယူဆောင်၍ ၂၀-၄-၂၀၁၃ရက်(စနေနေ့)အရောက် ကြွရောက်ရမည်ဖြစ်ပါသည်။ စာချ၊ စာသင်ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့အား အထက်ဖော်ပြပါရက်များအတွင်း နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်အအေးများကို သင်တန်းဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၅၀၇၃၃၃၆၊ ၀၉-၅၅၀၄၇၃၈၊ ၀၉-၄၃၁၃၄၂၅၄၊ ၀၁-၆၄၆၄၆၄၊ ၀၁-၆၄၆၈၆၅၊ ၀၁-၆၄၀၂၉၄သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စံပြအ.မ.က(၁၃)ကောင်ဥက္ကလာပ ပဥ္စမအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲ

၁၉၆၂-(၂၀၁၂-၂၀၁၃)ရွှေရတုနှစ်ငါးဆယ်ပြည့် အခမ်းအနားနှင့်စံပြအ.မ.က(၁၃) ကောင်ဥက္ကလာပ၏ ပဥ္စမအကြိမ်မြောက်စုပေါင်း အာစရိယပူဇော်ပွဲကို တော်ဝင်နှင်းဆီ (Royal Rose) သီရိခန်းမ၌ (၁၆-၂-၂၀၁၃)(စနေနေ့)မွန်းလွဲ(၂း၀၀ မှ ၅း၀၀)နာရီထိ ကျင်းပမည် ဖြစ်ပါ၍ ဆရာကြီး/ဆရာမကြီးများနှင့်တကွ ကျောင်းသား/သူ ဟောင်းများ ဖိတ်တာ (ရသည်/မရသည်)ဖြစ်စေ မပျက်မကွက် တက်ရောက် ကြပါ ဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လိုပါက ဆရာမဒေါ်နီတာ 09420087297 ၊ ဦးကျော်တင်မောင် 095013984 ၊ ကိုမိုးကျော်အောင် 095196581 ၊ မခင်ခင်စိုး 09421120778၊ ကိုအောင်ကြည် ၀၉၄၄၈၀၁၄၈၇၃ သို့ ဆက်သွယ်လှူဒါန်း နိုင်ပါသည်။

Account No-0691220006710 (KBZ Bank)ကောင်ဥက္ကလာပ။

"ကုံးထက်"ကြက်ဆီထမင်းနှင့်ရေခဲမုန့်လုပ်ငန်းအမည်ကို အသုံးပြု၍ ရောင်းချနေသော အမှတ်-၁၉၄၊ ဈေးကွေ့မှတ်တိုင်အနီး၊ ဦးချစ်မောင်လမ်း၊ ရန်ကင်းစင်တာမီးပွိုင့်အနီး၊ ဆရာစံအရှေ့ရပ်ကွက်ရှိဆိုင်ကို မူလမှတ်ပုံတင်ထားရှိသူ ဦးစိုင်းထွန်းအောင်မှ ၁-၄-၂၀၁၃ရက် (သောကြာနေ့)အထိသာ ခွင့်ပြုတော့မည် ဖြစ်ပါကြောင်း ကြိုတင်အသိပေး အကြောင်းကြားအပ်ပါသည်။

ဦးစိုင်းထွန်းအောင်[၁၃/ကတန(နိုင်)၀၅၈၆၂၀]
ကုံးထက်ကြက်ဆီထမင်းနှင့် ရေခဲမုန့်လုပ်ငန်း

သင် ဖေဒင်သွားမေးရသည့်ဒုက္ခကင်းဝေးပြီ။



ဝင်းဇော် (သစ်တော)

ဘဝတစ်သက်တာ ဟောစာတမ်း

ဆရာကြီး မင်းသိင်္ခ

၏

ပညာရပ်မူရင်းအတိုင်း တွက်ချက် စီစဉ်ပေးထားသည်။

၁၅ မိနစ်နှင့် ဖေဒင်ဟောတတ်စေရမည်။

သင့်ကံကြမ္မာလမ်းပြမြေပုံအဖြစ်ဆောင်ထားသင့်သည်။ ကံကိုးကံဘုရားမှာ ကံမြှင့်ကံဆင့်နည်း၊ မနောမယရွှေအမိဋ္ဌာန်နှင့်အောင်တော်မူ ဆိတ်ကြီးလေးပါး ဆွမ်းတော်ကြီးတင်အစီအစဉ်များပါသည်။ ထူးခြားဆန်းပြားသော အဘယဇာတကအင်းအကြောင်းများပါသည်။

မရမ်းတာလင်းစာပေ — ဖုန်း—၀၁ ၅၄၃၂၉၇၊ ၀၉ ၇၃၀၀ ၂၉၆၅

MCEA

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း
လုပ်ငန်းခွင်လက်တွေ့အသုံးချမြေတိုင်းသင်တန်း (၅ / ၂၀၁၃)
(Applied Construction Survey)

သင်တန်းဖွင့်လှစ်မည့်ကာလ	(၁၆) ဖေဖော်ဝါရီလ၊ ၂၀၁၃ မှ (၃၁) မတ်လ၊ ၂၀၁၃ ထိ
သင်တန်းဖွင့်လှစ်မည့်နေရာ	မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း
သင်ကြားမည့်ဘာသာရပ်	ခေတ်မီ Total Station ကိုင်တွယ်ပုံအား စာတွေ့လက်တွေ့သင်ကြားခြင်း၊ Total Station, Digital Theodolite, Auto Level, DGPS (RTK) များနှင့် မြေတိုင်းတာခြင်း၊ (Surveying)၊ မြေတိုင်းကိရိယာများစစ်ဆေးခြင်း၊ (Instrumentation)၊ စက်ကိုင်တွယ်အသုံးပြုခြင်း၊ (Instrument Operation)၊ Computer အတွင်းသို့ တိုင်းတာပြီး Data များအား Download ပြုလုပ်၍ Auto CAD Software ဖြင့် မြေပုံရေးဆွဲခြင်း၊ Design Plan အားကြည့်၍ မြေပြင်ပေါ်တွင် Coordinate များအား Layout ချခြင်း၊
သင်တန်းဖွင့်လှစ်မည့်အချိန်	စနေ၊ တနင်္ဂနွေ (နံနက် ၉း၀၀ မှ ညနေ ၅း၀၀ အထိ)
မန္တလေးမြို့နေ စက်ရှင်မင်းကြီး (ဦးလှညွန့်-ဒေါ်သန်းစိန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် (၁၀/ခ)နေ နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး (ဦးခင်မောင်သော်)၏ဇနီး၊ မန္တလေးမြို့ ဗဟိုတရားရုံးရှေ့နေကြီး ဦးတင်မောင်၊ (ဒေါ်မြင့်မြင့်သိန်း)တို့၏ အစ်မကြီး၊ Dr. ခင်မောင်ဖြိုး၊ Dr. ခင်ဦးမေ၊ (ဦးကောင်းသော်)-ဒေါ်သန်းသန်းနွဲ့၊ Dr. ညွန့်သော်၊ Dr. ထွန်းတင်ထိုက်-ဒေါ်ခင်သူအေး၊ ဦးအောင်စိုးဝင်း(ကုဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံရုံး)-ဒေါ်ခင်မျိုးသွဲ့၊ ရာဇာ- ခင်နှောင်းအိတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၄-၁-၂၀၁၃ (တနင်္လာနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်စိန် (၈၁)နှစ်
(သန်လျင်)

ရန်ကုန်မြို့တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးထားမောင်-ဒေါ်သိန်းမြ) တို့၏သမီး၊ သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ ကောင်စီလမ်း၊ အမှတ်(၁၅)နေ (ဦးတင်နွယ်)၏ဇနီး၊ ဦးဟန်ထွန်း-(ဒေါ်သန်းသန်းနွယ်)၊ ဦးမင်းကျော်-ဒေါ်မိမိခိုင်တို့၏မိခင်၊ ဦးမင်းဇော်ဦး-ဒေါ်သီတာထွန်း၊ မလွင်မာမြင့်၊ မောင်မျိုးခိုင်-မနွယ်နီဇော်ဝင်း၊ မနီလာထွန်း၊ မအေးချမ်းမေတို့၏ အဘွား၊ မောင်ရန်နောင်ထွန်း၊ မောင်ဝေယံအောင်တို့၏ ဘွားဘွားသည် ၅-၂-၂၀၁၃(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘူဒီးမ(ခ)ဒေါ်လှရွှေ (၈၂)နှစ်
တိုက်ကြီး(ဝါးနက်ချောင်း)
ဗဟန်းအုတ်လမ်း
(ရွှေတိဂုံအရှေ့ဘက်မုခ်)

ကမာရွတ်မြို့နယ်၊ သံလမ်းနေ (ဦးမောင်ဘ-ဒေါ်ညွှန့်)တို့၏သမီးကြီး၊ (ဦးဘသိုက်)၏ ဇနီး၊ (ဦးသောင်းတန်-ဒေါ်ခင်သန်း)၊ (ဦးသန်းမြင့်)-ဒေါ်စိုးမြင့်၊ ဦးမြစိန်-ဒေါ်ခင်ထွေးတို့၏အစ်မ၊ ဦးဝင်းတင်-ဒေါ်အေးအေးမြင့်၊ ဦးတင့်ဆွေ-ဒေါ်အုန်းမြင့်၊ ဦးဝင်းသိန်း-ဒေါ်တင်ဆွေအေး၊ ဦးမင်းထွဋ်-ဒေါ်သက်သက်၊ ဦးမျိုးလွင်-ဒေါ်သင်းသင်းခိုင်၊ မမြမြထွေး-မောင်ရဲဝင်းနိုင်တို့၏မွေးသမိခင်၊ မြေး၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်လှရွှေသည် ၂-၂-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မာမာအေး(ခ)မကြီး
(စစ်ကိုင်း)
အလယ်တန်းပြ၊
အမက-၁၂၊ သာကေတ
အသက်(၅၂)နှစ်

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ ဦးသန်း-(ဒေါ်မြသန်း)တို့၏သမီး၊ အမှတ်(၂၉)၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးစိန်လင်း)- ဒေါ်သင်းသင်းချို (အလပြ၊ အထက-၃၊ ငြိမ်း၊ မ/တောင်) စစ်ကိုင်းမြို့နေ ဦးမြင့်သန်းဝင်း-ဒေါ်ခင်ဥ၊ ဦးအောင်ကျော်မိုး-ဒေါ်ကြူကြူမာ၊ (ဦးဗိုဗိုသိန်း)-ဒေါ်မူမူအေး၊ ဦးမောင်မောင်-ဒေါ်ဖြူဖြူ၊ ဦးမြင့်ဝေ-ဒေါ်မာမာထွေး၊ ဦးကျော်ဆွေဦး-ဒေါ်မွန်မွန်တို့၏ အစ်မ/ညီမ၊ ဒေါ်မာမာအေး (အလပြ၊ အမက-၁၂၊ သာကေတ)သည် ၄-၂-၂၀၁၃ (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် အမှတ်(၂၈)၊ မာန်ပြေ (၁၅)လမ်း၊ ၃/ရပ်ကွက်၊ သာကေတနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သာကေတနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ပြည်သူ့လွှတ်တော်အစည်းအဝေး

ရာဇသတ်ကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားဆောင်ရွက်ခဲ့ကြသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီက **သက်ကြီးစပါးစျေးကွက် မည်သို့ရှာဖွေဆောင်ရွက်ထားသည်၊ မည်သည့်အချိန်တွင် စပါးစျေးကောင်းမည်တို့ကိုသိရှိလိုကြောင်း** မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက သက်ကြီးစပါးမျိုးများကို ရေကြီးကွင်း၊ ရေနက်ကွင်းနှင့် ဆားငန်ရေဝင်ဒေသများ၌ အများဆုံး မိုးစပါးရာသီ၌သာ အဓိကစိုက်ပျိုးလျက်ရှိပါကြောင်း၊ သက်ကြီးစပါးမျိုးသည် ရာသီစပါးမျိုးဖြစ်ပါကြောင်း၊ သက်ကြီးစပါးမျိုးများအဖြစ် ပေါ်ဆန်း၊ ကမာကြည်၊ မီးဒုံး၊ ငကွဲ၊ ငစိန်၊ လက်ရုံးကြီး၊ အဏ္ဏဝါဗိုလ်၊ တစ်တောင်ပို စသည်ဖြင့် စိုက်ပျိုးခဲ့ပြီး ၂၀၁၁-၂၀၁၂ခုနှစ် စာရင်းအရ မိုးစပါးစိုက်ဧက(၂ ဒသမ ၁၇)သန်းကျော် စိုက်ပျိုးခဲ့ပြီး မိုးစပါးစိုက်ဧက(၁၆ ဒသမ ၁၃)သန်းကျော်တွင် (၁၃ ဒသမ ၄၅) ရာခိုင်နှုန်းရှိပါကြောင်း၊ ပျမ်းမျှအထွက်နှုန်း(၅၇ ဒသမ ၄၈)တင်းဖြင့် တင်းပေါင်း (၁၂၄ ဒသမ ၂၆)သန်းထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ စုစုပေါင်းထုတ်လုပ်မှုတင်းပေါင်း(၁၃၉၀ ဒသမ ၃၄)သန်း၏ (၈ ဒသမ ၉၄)ရာခိုင်နှုန်းရှိပါကြောင်းဖြင့် ထည့်သွင်းဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဆက်လက်ဖြေကြားရာတွင် ၂၀၁၂-၂၀၁၃မိုးစပါးရာသီတွင်လည်း သက်ကြီးစပါး စုစုပေါင်း(၂ ဒသမ ၄၁)သန်းကျော် စိုက်ပျိုးခဲ့ပြီး မိုးစပါးစုစုပေါင်းစိုက်ပျိုးမှု

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၄)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

သယံဇာတပစ္စည်းများကို လုပ်ကိုင်ခွင့်ချမှတ်မပေးမီ ဆန်းစစ်မှုများ ရှိ၊ မရှိ သိရှိလို သယံဇာတပစ္စည်းများကို ထုတ်လုပ် လုပ်ကိုင်ခွင့်ချမှတ်မပေးမီ စမ်းသပ်တိုင်းတာခြင်းများပြုလုပ်ပြီးမှ ခွင့်ပြု

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၅

ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၁)ခုဖြင့် ကျင်းပပြီး မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း(၂)ခု အသိပေးတင်ပြခြင်းနှင့် အဆို(၁)ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **သယံဇာတပစ္စည်းများကို လုပ်ကိုင်ခွင့်ချမှတ်မပေးမီ ဆန်းစစ်မှုများ ရှိ/မရှိ သိရှိလိုခြင်း** မေးမြန်းချက်နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က သယံဇာတပစ္စည်းများကို ထုတ်လုပ်လုပ်ကိုင်ခွင့်ချမှတ်မပေးမီ သတ္တုဒြပ်စင်(Element)များ ပါဝင်မှုကို ဥပဒေနှင့်အညီ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းများ ပြုလုပ်ဆန်းစစ်ပြီးမှ ဖြစ်မြောက်နိုင်စွမ်းပေါ်မူတည်၍ ဓာတ်သတ္တုထုတ်လုပ်ခွင့် ခွင့်ပြုမိန့်များအားစိစစ်ပြီး ဧက(၅၀)အောက်ကို ဝန်ကြီးဌာနမှခွင့်ပြု၍ ဧက(၅၀)နှင့်အထက်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စိစစ်သဘောတူညီချက်ဖြင့် အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပြီးခွင့်ပြုပေးပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကြမ်းနှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **မြန်မာနိုင်ငံ၏ အမျိုးသားမြစ်ကြီး ဧရာဝတီ ထာဝရရှင်သန်စေရေးအတွက် ဧရာဝတီမြစ်ကော်မရှင် (The Ayeyarwady River Commission-ARC)ဖွဲ့စည်းဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ဆွေးနွေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ❖

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် မေးမြန်းစဉ်။ (သတင်းစဉ်)

ယနေ့ **မာတိကာ**

ဒေလီဝနသဟာယ အားကစားပြိုင်ပွဲ တာဝန်ရှိသူများကို တရားစွဲပြီ
စာမျက်နှာ ✧ ၄

ဟောလိဝုဒ်မင်းသမီး ခရစ္စတင်းစတီးဝပ်၏ ချီးကျူးစကားဆိုခံရသည့် ဘောလိဝုဒ်မင်းသား
စာမျက်နှာ ✧ ၁၂

နိုင်ငံရေးအကြံပေးအဖြစ် ခန့်အပ်ခံရသည့် ဂျက်ကီချန်း
စာမျက်နှာ ✧ ၁၂

ဘရာဇီးအသင်းနှင့် အင်္ဂလန်အသင်းခြေစမ်းပွဲတွင် ရော်နယ်လ်ဒင်ဟို ပါဝင်လာမည်
စာမျက်နှာ ✧ ၁၃

လေးသောင်းတန် နားကပ် ဝယ်ယူပြီး သိန်း ၄၀ ကျော် ရွှေထည်များ ခိုးယူ
စာမျက်နှာ ✧ ၁၄

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာအပို လေးမျက်နှာ ပါရှိပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြော်ငြာအမှတ်(၁/၂၀၁၃)
လေယာဉ်မောင်/လေယာဉ်မယ်လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။ အိမ်ထောင်မရှိသူ လူပျို/အပျို ဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။
(ခ) ၃၁-၃-၂၀၁၃ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက်(၂၂)နှစ်ထက် ကျော်လွန်သူ မဖြစ်စေရ။
(ဂ) လေယာဉ်မောင်အရပ် ၅ပေ ၆ လက်မ၊ လေယာဉ်မယ်အရပ် ၅ပေ ၄ လက်မနှင့် အထက်ရှိသူဖြစ်ရမည်။
(ဃ) အရပ်နှင့်ကိုက်ညီသော ကိုယ်အလေးချိန်ရှိရမည်။
(င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။ မျက်မှန်နှင့် မျက်ကပ်မှန် တပ်ဆင်သူ မဖြစ်ရပါ။ (စစ်ဆေးမှုရှိမည်။)
(စ) အင်္ဂလိပ်စာအရေး/အပြော သင့်တင့်စွာတတ်ကျွမ်းနားလည်ရမည်။ (စစ်ဆေးမှုရှိမည်။)
(ဆ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း) ပူးတွဲတင်ပြရမည်။
(ဇ) မြန်မာနိုင်ငံအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပထမနှစ် အောင်မြင်ပြီးသူ ဖြစ်ရမည်။ သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၏ ပထမနှစ် အောင်မြင်ပြီးကြောင်း ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။
(ဈ) အကျင့်စာရိတ္တ ကောင်းမွန်ရမည်။
(သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။)
(ည) နိုင်ငံသားစိစစ်ရေးကတ်နှင့် အလုပ်သမား မှတ်ပုံတင်မိတ္တူ ပါရှိရမည်။
(ဋ) ရေကူးတတ်ကျွမ်းသူဖြစ်ရမည်။ (စစ်ဆေးမှုရှိမည်။)
(ဌ) မြန်မာ့လေကြောင်း၌ အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်ထားလိုသူများသည် မိမိလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲ၍ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်မှ မတ်လ ၂၈ ရက်အထိ မြန်မာ့လေကြောင်း (ရုံးချုပ်) အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့နှင့် နယ်မြန်မာ့လေကြောင်းဌာနခွဲရုံးများသို့ လူကိုယ်တိုင် လာရောက်ပေးပို့ရမည်။
(က) ရှေ့တည့်တည့်နှင့် ညာဘက်ဘေးမှ ရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ ပို့စကတ်ဆိုဒ်အရွယ် (၅"×၇") (၁) ပုံစီ (၂)ပုံ
(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း
(ဃ) (၁၀)တန်းအောင်လက်မှတ်မူရင်း

၃။ အရည်အချင်းပြည့်မီသူများအား ၁၁-၃-၂၀၁၃ ရက်မှစတင်၍ ရန်ကုန်မြန်မာ့လေကြောင်း (ရုံးချုပ်)နှင့် မန္တလေးမြန်မာ့လေကြောင်းဌာနခွဲတို့တွင် လူတွေ့စစ်ဆေးမည်ဖြစ်၍ မိမိတို့၏ လျှောက်လွှာများတွင် ဖြေဆိုလိုသည့် ဒေသကိုပါ ဖြည့်စွက်ပေးရမည်။

မြန်မာ့လေကြောင်း

တတိယအကြိမ်အမျိုးသားအဆင့်မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းသားများဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် တတိယအကြိမ် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များခေါင်းဆောင်မှု မြှင့်တင်ရေးသင်တန်းကို ၁၂-၃-၂၀၁၃ရက်မှစတင်၍ ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသဖြင့် အောက်ပါအချက်များနှင့် အကျုံးဝင်သူ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးမှ မသန်စွမ်းလူငယ်များ မည်သူမဆို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

- အသက် ၁၈နှစ်မှ ၃၅နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။
- ဘဝတူမသန်စွမ်းသူများအရေးကို အမှန်တကယ်စိတ်ဝင်စားပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ကူးစက်ရောဂါကင်းရှင်းသူဖြစ်ရမည်။ (ဥပမာ-တီဘီ)
- မိမိ၏ နိစ္စဓူဝကိစ္စများကို ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

သင်တန်းမှပံ့ပိုးပေးမည့်အစီအစဉ်များ

အသွားအပြန်အနည်းဆုံး ခရီးစရိတ်၊ စားစရိတ်၊ နေထိုင်စရိတ်နှင့် သင်တန်းစရိတ်များကို အဖွဲ့မှကုန်ကျခံပေးမည်။

လျှောက်လွှာပိတ်ရက်- ၂၂-၂-၂၀၁၃ရက်(သောကြာနေ့)

သင်တန်းလျှောက်လွှာရယူရန်နှင့် အသေးစိတ်အချက်အလက်များစုံစမ်းရန်
မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(ရုံးချုပ်)

အမှတ်(၁၆)ဘီ၊ ရေတွင်းကြီးလမ်းသွယ်၊ သာယာအေးလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၀၆၇၂၄၇၊ ၀၉-၅၁-၈၂၂၈၃၊ ၀၉-၅၁၀၂၁၁၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနအတွင်း ကြာအင်းဆိပ်ကြီးမြို့နယ်၊ တိုင်းရင်းဆေးကုဌာန၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် ရေလောင်းအိမ်သာ၊ ဘားအံတိုင်းရင်းဆေးရုံစကြံလမ်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူလုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့် ပတ်သက်၍ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာအသေးစိတ်အချက်အလက်များ ပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း ကရင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး၊ ကြာအင်းတောင်ပေါ်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိလိုသော အချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ၊ ဖုန်း-၀၅၈-၂၃၂၂၈ သို့လည်းကောင်း၊ ကရင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၅၈-၂၁၄၄၁ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)၁၆း၀၀နာရီဖြစ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါဖွင့်ပွဲအား ၁၄-၂-၂၀၁၃ရက်(ကြာသပတေးနေ့) ၁၁း၀၀နာရီတွင် ဆောင်ရွက်သွားပါမည်။ **တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**

ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ စီစဉ်မှုအရ ပင်လယ်ကူးသင်္ဘောသားများ အလုပ်အကိုင်ရရှိရေးအခွင့်အလမ်းများနှင့် ပတ်သက်သည့် ပညာပေးလက်ဖက်ရည်စကားဝိုင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာကြီး ကပ္ပတိန်ဒေါက်တာတင်လှိုင်မှ ကြီးကြပ်တင်ဆက်မည့်သူ MODERATOR အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး PANEL အဖွဲ့ဝင်များအဖြစ် ကပ္ပတိန်ငွေးဝင်း၊ ဦးမောင်မောင်လေး၊ ကပ္ပတိန်မင်းနိုင်၊ ဦးဇော်မြင့်သိန်း၊ ဦးဘုန်းမြင့်လူတို့မှ ဆောင်ရွက်မည်ဖြစ်ပါသည်။ တက်ရောက်လာသူများကို လက်ဖက်ရည်၊ မုန့်များဖြင့် တည်ခင်းဧည့်ခံပါမည်။

ကျင်းပမည့်အစီအစဉ်

ကျင်းပမည့်ရက်	- ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ
ကျင်းပမည့်နေရာ	- (၁၃၀)၊ ယုဇနဟိုတယ်(ဒုတိယထပ်)၊ Grand Ballroom၊ ရွှေဂုံတိုင်၊ အုတ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
လမ်းညွှန်	- လိုင်းကားနှင့်လာလျှင် (၄၈အထူး)၊ ၁၇၄၊ ၅၀၊ ၁၀၇၊ ၃၈၊ ၁၆၇၊ ၂၁၆၊ ၃၆ ရွှေဧည့်သည်ကားများစီး၍ အုတ်လမ်းမှတ်တိုင်ဆင်းပါ။

ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

နော်ဖောလဲပွယ်[၁၄/ငဆန(နိုင်)၀၀၆၄၂၆]၏ ဖခင်ဦးထွေးသိန်း[၁၄/ပသန(နိုင်)၁၂၃၇၉၉]နှင့် ဦးစံတုတ်[၁၄/ပသန(နိုင်)၁၂၃၇၉၉တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွေးသိန်း(ခ)ဦးစံတုတ်

တစ်ဦးတည်းဖြစ်ပါကြောင်း

အဖ ဦးစောအုန်းမောင်၏သား ဦးသြဂုတ်စတင်းနှင့် စောနိုင်တေးခရိုး[၁၂/တတန(နိုင်)၀၁၇၂၉၇]တို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

LCCI-EDI (UK)
စီးပွားပန်းခင်း
ပညာရေးဝန်ဆောင်မှုလုပ်ငန်း
LCCI
Level 1-2-3-4
AutoCount & MYOB
Computerised Accounting
February ... 10 % Discount ...
သင်တန်းကြေး (50000/-Ks) (၃) ...
09-5118647-73009869-73013432-73028433

Yellow Earth Travel & Tour

ကျိုက်ထီးရိုး ခရီးစဉ်	(၁ ညအိပ်/၂ ရက်)	၅၅၀၀၀/-ကျပ်
ပြင်ဦးလွင် ခရီးစဉ်	(၃ ညအိပ်/၄ ရက်)	၁၀၅၀၀၀/-ကျပ်
ပုဂံ-စွယ်တော်လေးဆူ ခရီးစဉ်	(၄ ညအိပ်/၅ ရက်)	၁၅၉၀၀၀/-ကျပ်
တောင်ကြီး-အင်းလေး ခရီးစဉ်	(၄ ညအိပ်/၅ ရက်)	၁၆၈၀၀၀/-ကျပ်
မန္တလေး-စစ်ကိုင်း-မင်းကွန်း	(၄ ညအိပ်/၅ ရက်)	၁၆၈၀၀၀/-ကျပ်
ချောင်းသာ ခရီးစဉ်	(၂ ညအိပ်/၃ ရက်)	၇၅၅၀၀/-ကျပ်
ငွေဆောင် ခရီးစဉ်	(၂ ညအိပ်/၃ ရက်)	၉၀၀၀၀/-ကျပ်
ငပလီ ခရီးစဉ်	(၂ ညအိပ်/၃ ရက်)	၂၂၅၀၀၀/-ကျပ်

ဖုန်း 01-511756, 09-73185574

ယာမင်းသူ
709255,0951 36421

Golden Hope
703220 , 09 73124222

"အာဆောင်ကောင်း"
ကျွန်ုပ်တွင် သားသမီးသုံးဦး ထွန်းကားခဲ့ရာ ရတနာအဆောင် တစ်မျိုးတည်းကိုသာ ဝတ်စေခဲ့သည်။ သုံးဦးလုံးမှာ ဆရာဝန် ဖြစ်သွားကြသည်။
[2001 တွင် ဤအဆောင်ကို ဆရာကြီးမင်းသိခ်ကိုယ်တိုင် မှာယူဝတ်ဆင်ခဲ့သည်။]
Ph- 09-513-0974, 09-73205028, 573600 Ext-115, 01-705070, www.mgktm.com.

မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ။
- ချည်သား T.Shirt M - 950 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-73045977, 09-73216251**
- **Website:www.facebook.com/moneda fashion and footwears.**
- **E-mail: kyonedoe@gmail.com**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ကျား (၃)ဦး
- BE/B.Tech/ A.G.T.I (Civil) (လုပ်သက် ၅နှစ်)
၂။ ဆိုက်အင်ဂျင်နီယာ(မြို့ပြ) ကျား/မ (၅)ဦး
-BE/B.Tech/ A.G.T.I (Civil) (လုပ်သက် ၃ နှစ်)
၃။ Cashier မ (၄)ဦး
-LCCI (Level III) အောင်မြင်ပြီးသူ (လုပ်သက် ၂ နှစ်)
၄။ Admin Manager ကျား(၅)ဦး
- ဘွဲ့ရ၊ အသက် (၄၅)နှစ်အောက် (လုပ်သက် ၃ နှစ်)
၅။ ဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ် ကျား (၁၀)ဦး
အခြေခံပညာအထက်တန်းအောင်၊ အသက်(၂၀) အထက် ကျန်းမာသန်စွမ်း၍ ရိုးသားသူ

အမှတ်စဉ် (၃)မှ လွဲ၍ နယ်ခရီးသွားနိုင်ရမည်။ အထက်ပါ ရာထူးစိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ (၆)လအတွင်း ဓာတ်ပုံ(၃)ပုံ၊ သန့်ခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ အောက်ပါလိပ်စာသို့ ၁၅-၂-၂၀၁၃ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

Regal Construction Co.,Ltd
No.116/D, Thirimangalar Road, 4 Quarter Myangone Township, Yangon, Myanmar
ဖုန်း -၀၁-၆၆၄၅၉၂၊ ၀၁-၆၅၆၄၃၆

သတင်းကောင်း

ယုဇနပလာဇာဈေးကြီး၏ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်နှင့် စတုတ္ထထပ်တို့အား ဈေးရောင်းဝယ်ဖောက်ကားမှုစဉ်ဆက်မပြတ်စည်ကားစေရန်နှင့် ဈေးဝယ်ယူသူများ ဈေးရောင်းဝယ်ရေးအဆင်ပြေစေရန်အတွက် **၁၆-၂-၂၀၁၃** နေ့မှ စ၍ ပိတ်ရက် မရှိရောင်းချဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ယုဇနပလာဇာအုပ်ချုပ်မှုကော်မတီ

ဖခင်အမည်မှန်

အထက(၂)၊ အင်းစိန် Grade 9(D)မှ မဖူးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးအယ်လ်ဘတ်တိုမာညို ဖြစ်ပါသည်။

ဦးအယ်လ်ဘတ်တိုမာညို
[၂/လကန(နိုင်)၀၄၁၀၆၉

အမည်ပြောင်း

ခရမ်းမြို့၊ အထက(၂)၊ မြို့မ၊ ဒုတိယတန်း (က)တွင် ပညာသင်ကြားနေသော အဖ ဦးခင်ဇော်၏သား မောင်ဇော်နိုင်ဦးအား မောင်အောင်ပြည့်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

အောင်ပြည့်ဟိန်း

အမည်ပြောင်းခြင်း

သန်လျင်မြို့၊ အထက(၄)၊ နဝမတန်း(A)တွင် ပညာသင်ကြားနေသော အဖ ဦးဝင်းသိန်း၏သား မောင်ဇွဲသီဟဝင်းအား ယနေ့မှစ၍ မောင်ဇွဲသီဟမင်းဟု ခေါ်ပါရန်။

IBTC ကုမ္ပဏီအုပ်စုမှ ထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့် အဖျော်ယမကာပုလင်းများပေါ်ရှိ IBTC ကုန်ပစ္စည်း လိုဂိုအမှတ်တံဆိပ်များကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်းတို့ လုံးဝ မပြုလုပ်ကြရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ပညာ့ဝတီရိပ်သာ၊ စစ်တောင်းလမ်း၊ အမှတ်- R-18/S-19 တွင်တည်ရှိသည့် IBTC ကုမ္ပဏီအုပ်စုတွင် ပါဝင်သော International Beverages Trading Co., Ltd. (IBTC) နှင့် Myanmar Winery & Distillery Co., Ltd. (MWDC) တို့သည် အောက်ဖော်ပြပါ ပုလင်းဒီဇိုင်းများပေါ်တွင် IBTC ကုန်ပစ္စည်းလိုဂိုအမှတ်တံဆိပ်များကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏ တစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

IBTC

(၄/၅၈၈၅-၂၀၀၀)

(၄/၈၀၆-၂၀၁၀)

အဆိုပါ ပုလင်းဒီဇိုင်းအမျိုးအစားများမှာ အထက်ဖော်ပြပါပုံများအတိုင်း လေးထောင့်ပုလင်း (700ml)၊ ပုလင်းပြားကြီး (350 ml)၊ ပုလင်းပြားသေး (175 ml) တို့ဖြစ်ပါသည်။ အဆိုပါ ပုလင်းအရွယ်အစား အမျိုးမျိုးတို့၏ လည်ပင်းဖောင်းရစ်များတွင် IBTC ဟူ၍လည်းကောင်း၊ ပုလင်းအောက်ခြေတို့တွင် IBTC လိုဂို အမှတ်တံဆိပ် များဖြင့်လည်းကောင်း ဖလ်သားဖောင်းကြွဖြင့် ထင်ရှားစွာ ခတ်နှိပ်ထားပါသည်။ ယင်း IBTC လိုဂို အမှတ်တံဆိပ်ပါ ဝီစကီပုလင်းများအား ဈေးကွက်အတွင်းရောင်းချမှုတွင် ပုလင်းပါဝင်ပြီးဖြစ်သော်လည်း အဆိုပါ ပုလင်းများပေါ်ရှိ IBTC & IBTC လိုဂို ဖလ်သားဖောင်းကြွ တံဆိပ်အမှတ်အသားများကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း တို့ "လုံးဝ" မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

ဤ သတိပေးတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ပြုလုပ်ဆောင်ရွက်သူများအပေါ် တည်ဆဲဥပဒေများနှင့် အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ဇော်မျိုး LL.B, D.L.P WIPO (Switzerland)

တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၃၃)

ဒေါ်ဆွေစင်ဦး (စဉ် - ၂၇၅၉၈) **ဒေါ်ဝင်းမမ** (စဉ်-၃၉၄၁၈) **ဦးကိုကိုအောင်** (စဉ် - ၃၉၉၃၈)

အထက်တန်းရှေ့နေများ။

U Aung Zaw Myo Law Firm

အမှတ်-၅၀(မြေညီထပ်)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၈၄၂၃၁၊ ၀၉ ၄၉၂၀၈၄၀၂၊ ၀၁ ၂၄၂၇၁၅

လိုနေသူကို ပေးမကျဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

ဆရာမိုး Follow Me Ph.D (USA)

တန်ခွဲသစ် လက်ခံပြီ

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်

ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်

ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ရက်ထက် (၂)လ အတွေး လက်ခံသင်ကြားပြီ။

Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝေါ်ဟာရများ ဖတ်နည်း၊ ဘာသာပြန်နည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကျွန်ုပ်ကြပြီ၊ တန်းခွဲသစ် Feb 9 မေည်။

4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။

SPEAKING သီးသန့် ❖ **WRITING** သီးသန့် ၊ ၄ ၊ လ အတတ် လက်ခံပြီ။

အလယ်တန်း / အထက်တန်း ၆ နှင့် ၀ ENGLISH 4 SKILLS Basic Level ကြိုတင် ကျောင်းအပ်နိုင်ပြီ။ Grammar,Letter,Essay ရေးတတ်ပြီး ဂုဏ်ထူးရှင် ဖြစ်ချင်သူတိုင်း တတ်ထားသင့်သည်။

ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။

အင်း၀ စာရေးဝိတိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းမြဲလမ်း၊ လှည်းတန်း ။ 0943125393

ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း (၅၅-လမ်းထိပ်) ။ 01 295798, 398118

Colour Star Co., Ltd.

2013 CHINESE NEW YEAR PROMOTION

NB757-L400 နှင့် NB757-M400 ဝယ်ယူသူတိုင်း Hank HDMI Cable လက်ဆောင်ရရှိပါမည်......

အရည်အသွေးမြင့် **NB** အမှတ်တံဆိပ်ပါ

Wall Mounts, Flat Panel Tilt Mounts, Ceiling Mounts, Desktop LCD TV Mounts, Projector Mounts များကို လက်လီလက်ကား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

Myo Thein Electronic (YNG, MDL), Citicom Elite (Shwe Gone Daing), emart Cool & Smart Living

Wai Yan Electronic Show Room များနှင့် အခြား Electronic ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်....

No. 97, Seikkanthar Street (Lower Block), Kyauktada Townshipp,Yangon. Ph : (95-1) 388538, 09 43053010

ဗုဒ္ဓ ဓမ္မ သံဃ ပူဇော်

သစ္စာ

အာမခံ စိန်၊ ရွှေ ရတနာဆိုင်

သစ္စာတရားကိုလက်ကိုင်ထား၍ (DENSITY 17.8) ၁၅ပဲ ရည်ပြည့်ဖြင့်ပြုလုပ်ထားသော ခေတ်မီလက်ဝတ်ရတနာ ဒီဇိုင်းမျိုးစုံကို -

- မှန်ကန်သော ရွှေဈေးနှုန်း
- အထူးချိုသာသော အလျော့တွက်
- တိကျသော အလေးချိန် (DIGITAL ချိန်စက်)

တို့ဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။ (ပိတ်ရက်မရှိ ဆိုင်ဖွင့်ပါသည်။)

အမှတ် (၄၉၆)၊ မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၃၈၄၈၆၆၊ ၂၅၂၃၁၁၊ ၀၉-၈၀ ၂၂၉၇၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၁၄)၊ မြေကွက်တည်နေရာအမှတ်(၁၁၄)၊ နွယ်သာကီလမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ (ဒုဗိုလ်မှူးကြီးတင်စိုး) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒုဗိုလ်မှူးကြီးတင်စိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးကြွယ် [၁၂/ဥကတ(နိုင်)၀၀၇၄၆၆]မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ဌာနဆိုင်ရာဝန်ခံချက်၊တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၁၈)၊ ဧရိယာပေ(၂၅×၅၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၇၀)ဟု ခေါ်တွင်သည့် မြေကွက်နှင့် နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်ကြင်အေး[၁၂/မဂဒ(နိုင်)၀၀၇၂၉၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(စဉ်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO(Switzerland)
ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)
B.Sc, Hon(IC),HGP,R.L,D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel:294866, 294766 HP:09-501 7044, 09 7310 7094

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ် (၆၁)၊ မြေကွက်တည်နေရာအမှတ်(၁၁၉)၊ (က)(ခ)၊ခိုင်ရွှေဝါလမ်း၊ (၃)ရပ်ကွက် (ဒေါ်ခင်ထားမေ၊ ဒေါ်စိန်မြင့်၊ ဒေါ်ခင်သိန်း) အမည်ပေါက် နှစ် (၆၀)မြေငှားဂရန် (စီမံချက်ဂရန်)မြေအား အမည်ပေါက် (၃)ဦးအနက် တစ်ဦးဖြစ်သူ ဒေါ်ခင်ထားမေ ကွယ်လွန်သဖြင့် ဦးမြင့်ဦး [၁၂/ကမရ(နိုင်)၀၃၁၁၁၇]က ခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကျန်အမည်ပေါက်နှစ်ဦးဖြစ်သူ ဒေါ်စိန်မြင့်[၁၂/ကမရ(နိုင်)၀၃၁၂၄၆]နှင့် ဒေါ်ခင်သိန်း[၁၂/ကမရ(နိုင်)၀၃၀၄၈၃]တို့၏ ကန့်ကွက်ရန်မရှိ သဘောတူညီကြောင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)၊ မြေကွက်အမှတ်(၁၇၃/ခ)၊ မြေကွက်တည်နေရာ အမှတ်(၁၇၃/ခ)၊ လားရှိုးလမ်း၊ ရွှေပြည်သာမြို့နယ် (ဦးအေးကြူ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအေးကြူ၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းအေး[၁၂/ရပသ(နိုင်)၀၀၂၅၇၇]မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဌာနဆိုင်ရာဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှား စာချုပ်ဂရန်သစ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပဥ္စမအကြိမ်မြောက် အာဆီယံ စီးပွားရေး အသိုက်အဝန်း (AEC) အလုပ်ရုံဆွေးနွေးပွဲ

SME တွေအဆင်သင့်ဖြစ်ပြီလား
ကြိုတင်ပြင်ဆင်မှုတွေ ဘယ်လောက် ခရီးရောက်ပြီလဲ
၂၀၁၅မှာ AEC ကို ပြည်တွင်း SME တွေ ဘယ်လိုရင်ဆိုင်ကြမလဲ
ဘယ်လို ပြင်ဆင်ရမလဲ၊ ဘယ်လောက် ပြင်ဆင်ရမလဲ ဆိုတာရော သိထားပြီးပြီလား

"Supporting Needs For SMEs" ခေါင်းစဉ်ဖြင့် **SMEs Development** ဆိုင်ရာကဏ္ဍများကို ဝါရင့်ကျွမ်းကျင်ပညာရှင်များက ဦးဆောင်ရှင်းလင်းပြီး တက်ရောက်လာသောလုပ်ငန်းရှင်များမှ (Brainstorming) ပုံစံဖြင့် ဝိုင်းဖွဲ့ဆွေးနွေးကြမည်ဖြစ်ပါသည်။

တက်ရောက်ခွင့်လျှောက်လွှာပုံစံများကို www.aec.com.mm တွင် download ပြုလုပ်ပြီး events@ptnmm.com (သို့) ဖက်(စ်) ၂၅၅၁၀၉ သို့ ဖေဖော်ဝါရီလ (၁၁)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။ တက်ရောက်ခွင့်ရသူများကို ဖေဖော်ဝါရီလ (၁၃)ရက်နေ့ နောက်ဆုံးထားပြီး Confirmation ပြန်လည်ပေးပို့သွားမည် ဖြစ်ပါသည်။

ကျင်းပမည့် နေ့ရက် ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅)ရက် (သောကြာနေ့)။
ကျင်းပမည့် အချိန် ။ ။ နံနက် (၈း၃၀)နာရီ မှ ညနေ (၅း၀၀)နာရီ။
ကျင်းပမည့် နေရာ ။ ။ Myanmar Ballroom, Traders Hotel

ဆက်သွယ်စုံစမ်းရန်။
PT & MM Event Ads Co., Ltd.
Phone: (01) 255906, 255907, 255450
Email: events@ptnmm.com

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်သူဝင်း မှတ်ပုံတင်အမှတ်[၁၃/အမရ(နိုင်) ၁၀၅၇၁၁] ၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉- ၄၂၁၁၂၈၉၂၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ဇွဲမောင်၏ ပတ်စပို့စာအုပ် MA- 008950 မှာ ပျောက်ဆုံးသွားပါသဖြင့်ရရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၇၃၀၆၉၀၄၄**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ နွယ်နီ (၈)လမ်း မြေကွက်အမှတ် (၅၉၂/ၣ) ဟု ခေါ်တွင်သော ပေ(အလျား ၂၀× အနံ ၆၀) အကျယ်ရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချပါမစ် အမည်ပေါက်ဖြစ်သူ ဒေါ်မြခက် (N/OKA-010536) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမူ (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၇)

(အိမ်)
အမှတ်(၅၄၉)၊ နွယ်နီ(၁၀)လမ်း
(၄) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။

(ရုံး)
မြို့နယ်တရားရုံးရှေ့၊ မရမ်းကုန်းတရားရုံး၊
(၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၃၀၆၉၃၈၊ ၀၉ ၇၃၀၈၈၄၀၄

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)မြေကွက်အမှတ်(၂၁၄၉)၊ အမည်ပေါက် ဦးတင်ဦး (KTN-000479)၏ မြေကွက်ကို လက်ရှိ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်အေးအေး [၁၂/ပဇတ(နိုင်) ၀၁၂၇၈၃]ကိုင်ဆောင်သူမှ မြေကွက်စလစ် (မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း) တင်ပြ၍ မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်(၄၈၀)၊ အမည်ပေါက် ဦးမြအောင် [၁၂/သလန(နိုင်) ၀၅၈၆၇၃]၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကြည်ဝင်း [၁၂/ကတန(နိုင်)၀၁၂၃၉၆] ကိုင်ဆောင်သူမှ မြေကွက်စလစ်(မူရင်း) တင်ပြ၍မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သက်ဆိုင်သူများနှင့်အများပြည်သူများ သိသာပါရန်

ပွဲကိုင်ဆိုသူ မောင်ဝင်းနိုင်၊ စန်းစန်း (ခ) မစန်းစန်းနွဲ့၊ Win & San ပိုင်ရှင်နှင့် သိုက်စိန်တိုက်ပိုင်ရှင်တို့ သိစေလိုသည်မှာ ကျွန်ုပ်၏မိခင်ကြီး မကွယ်လွန်မီကပင် သားကြီးဖြစ်သော ကျွန်ုပ်အား လွှဲပြောင်း၊ အပ်နှံထားသော စိန်ထည်ပစ္စည်းများကို ကျွန်ုပ်နှင့်ညီ၊ ညီမ (၈) ဦးစလုံးက အစစအရာရာ အလုံးစုံသိရှိထားသူများဖြစ်ကြပါသည်။ ၎င်းစိန်ထည်ပစ္စည်းများကို ကျွန်တော်ထောင်ကျနေစဉ် သား၊ သမီး(၃)ဦးတို့အား ကျွန်ုပ်မှ ယုံကြည်စွာဖြင့် ထပ်မံအပ်နှံခဲ့ပါသည်။ ထောင်မှလွတ်လာ၍ ၎င်းပစ္စည်းများကို ညီညီမများအား ခွဲဝေပေးရန်အတွက် အကြိမ်ကြိမ်အခါခါ တောင်းခံခဲ့သော်လည်း ပြန်လည်မပေးအပ်တော့ဘဲ ကျွန်တော် ထောင်ထွက်ရန်အတွက် ဒီထက်မကကုန်ကျသွားပြီးဖြစ်ကြောင်းကို ပွဲကိုင်ဆိုသူ၏ အစ်မ ဒေါ်မာမာနှင့် ယောက်ဖ ဦးထွန်းထွန်းဦးတို့မှ ကျွန်ုပ်၏အသိသက်သေများရှေ့တွင် အခါခါပြောဆိုနေပါ၍ ညီ၊ ညီမတို့အား သမီးကြီးမစန်းစန်းနွဲ့ထံ သွားရောက်တောင်းယူရန် စေလွှတ်လိုက်စဉ် ၎င်းတို့ရယူထားခြင်းမရှိကြောင်း ငြင်းပယ်၊ ဆဲဆို မောင်းထုတ်လိုက်ပါသည်။ သို့ပါ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံမှ ယုံကြည်မှုဖြင့်အပ်နှံ၊ လက်ခံရရှိထားသော စိန်ထည်များနှင့် လ/၉၄၁၅ နီဆန်းဆလွန်းကားကို လာရောက်ရှင်းလင်းအပ်နှံပါ။ လာရောက်မပေးအပ် ရှင်းလင်းခြင်းမပြုပါက အုပ်ချုပ်သော လူကြီးမင်းများ၏ လူမှုရေးအရလည်းကောင်း၊ တရားဥပဒေအကြောင်းအရလည်းကောင်း ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း သိစေလိုက်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၉ ၄၂၀၁၁၉၀၁၈
ဦးကျော်သိန်း(ထားဝယ်) BG036929[၁၂/ပဇတ(နိုင်)၀၂၅၈၈၅]
တိုက်(၁၉)၊ အခန်း(၈) ဦးဝိစာရရိပ်သာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၁၈-၁-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဒေါ်နန်းကွယ်ဖောင်းနှင့်ဦးစိုင်းရွက်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးခင်မောင်ဌေး (တရားလွှတ်တော်ရှေ့နေ)မှ "သုဝဏ္ဏမြေစည်ကုမ္ပဏီလီမိတက်" ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းညိုနှင့် ဒါရိုက်တာဦးမင်းဇော်တို့အား မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ အကြောင်းကြားခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဦးခင်မောင်ဌေး(တရားလွှတ်တော်ရှေ့နေ)။ ဒေါ်နန်းကွယ်ဖောင်းနှင့်ဦးစိုင်းရွက်တို့အား သိရှိစေရန် ပြန်လည်ရှင်းလင်းအကြောင်းပြန်ကြားခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၃)လမ်း၊ အမှတ်(၁၉)တွင် တည်ထောင်ဖွင့်လှစ်ထားသော သုဝဏ္ဏမြေစည် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းညိုနှင့် ဒါရိုက်တာဦးမင်းဇော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအကြောင်းပြန်ကြားအပ်ပါသည်-

ဒေါ်နန်းကွယ်ဖောင်းနှင့်ဦးစိုင်းရွက်တို့အဖွဲ့မှာ "သုဝဏ္ဏမြေစည်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်" နှင့် အကျိုးတူ ခနောက်စိမ်းသတ္တုများ တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်လိုကြောင်း သုဝဏ္ဏမြေစည်သတ္တုတူးဖော်ရေးကုမ္ပဏီအနေဖြင့် ခနောက်စိမ်းကျောက်များကို တူးဖော်ထုတ်လုပ်ပြီး ဘားအံမြို့သို့ အရောက်ပို့ပေးရန်နှင့် ဒေါ်နန်းကွယ်ဖောင်းနှင့်ဦးစိုင်းရွက်တို့အဖွဲ့မှ အဆိုပါကျောက်များကို ဘားအံမြို့မှ ခနောက်စိမ်းကျောက်ဝယ်ယူသည့်ဈေးကွက်သို့ အရောက်သယ်ဆောင်၍ ရောင်းချရန်၊ ရောင်းရငွေများကို ထက်ဝက်စီခွဲဝေယူရန်၊ ကုမ္ပဏီအနေဖြင့် သတ္တုတူးဖော်ရာတွင် လိုအပ်သည်များကို ဝယ်ယူလုပ်ကိုင်နိုင်ရန်အတွက် ငွေများစိုက်ထုတ်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဘောတူ၍ ခနောက်စိမ်းတူးဖော်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းကို အကျိုးတူလုပ်ကိုင်ခဲ့ကြောင်း၊

ထိုသို့လုပ်ကိုင်လာရာမှ လွန်ခဲ့သော ၂၅-၈-၂၀၁၁ ရက်တွင် ဒေါ်နန်းကွယ်ဖောင်းနှင့် ဦးစိုင်းရွက်တို့က ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံငွေကျပ်သိန်း(၄၅၀၀)ထည့်ဝင်ထားကြောင်း စာချုပ်ပြုလုပ်ပေးထားရန်နှင့် ယင်းစာချုပ်ကို အစ်မဖြစ်သူ ဒေါ်နန်းစံပွင့်မ်းထံ တင်ပြပြီးမှ ငွေထုတ်ယူမှုအဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း ယင်းစာချုပ်ကို နောက်ပိုင်းပယ်ဖျက်ပေးမည်ဖြစ်ကြောင်း မေတ္တာရပ်ခံပြောဆိုလာသဖြင့် သုဝဏ္ဏမြေစည်သတ္တုတူးဖော်ရေးကုမ္ပဏီမှ အမှန်တကယ် ငွေကျပ်သိန်း(၄၅၀၀) ရယူခဲ့ရခြင်းမရှိဘဲ ၂၅-၈-၂၀၁၁ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်အား ကြိုတင်ပြုလုပ်ပေးထားခဲ့ရခြင်းသာ ဖြစ်ကြောင်း ဒေါ်နန်းကွယ်ဖောင်းနှင့် ဦးစိုင်းရွက်တို့ အသိပင်ဖြစ်ပါသည်။

ထို့နောက် ၉-၁၀-၂၀၁၁ ရက်တွင် ဒေါ်နန်းကွယ်ဖောင်းနှင့် ဦးစိုင်းရွက်တို့မှာ ဦးမင်းဇော်နှင့် ဒေါ်သန်းညိုတို့ရှိရာ ဘားအံမြို့သို့ ရောက်ရှိလာပြီး ယခင် ၂၅-၈-၂၀၁၁ ရက်က ပြုလုပ်ထားသည့်စာချုပ်မှာ လိုအပ်ချက်များရှိနေ၍ ထပ်မံပြီး ပြုလုပ်ချုပ်ဆိုပေးရန် ပြောဆိုအကူအညီတောင်းလာသဖြင့် ဦးမင်းဇော်တို့မှ လုပ်ငန်းရေးရှုဉ်အဆင်ပြေစေရန်အတွက် ဒေါ်နန်းကွယ်ဖောင်းနှင့်ဦးစိုင်းရွက်တို့ အသင့်ရိုက်နှိပ်ယူဆောင်လာသည့် ၉-၁၀-၂၀၁၁ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်ပေါ်၌ ဦးမင်းဇော်နှင့် ဒေါ်သန်းညိုတို့က လက်မှတ်ရေးထိုးပေးခဲ့ရခြင်းဖြစ်၍ အကြောင်းကြားခြင်းကြော်ငြာ၌ ဖော်ပြထားသည့် ၉-၁၀-၂၀၁၁ ရက်စွဲပါ မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းညိုနှင့် ဒါရိုက်တာ ဦးမင်းဇော်တို့သည် "သုဝဏ္ဏမြေစည်ကုမ္ပဏီလီမိတက်"၏ အကျိုးအတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဒေါ်နန်းကွယ်ဖောင်းနှင့် ဦးစိုင်းရွက်တို့ထံမှ ၉-၁၀-၂၀၁၁ ရက်စွဲပါ စာချုပ်ဖြင့် ငွေကျပ်သိန်း ၄၅၀၀ကို ရရှိခဲ့ခြင်းမဟုတ်ကြောင်း ဒေါ်နန်းကွယ်ဖောင်းနှင့် ဦးစိုင်းရွက်တို့မှ သိရှိပြီးဖြစ်ပါသည်။

ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့အဖွဲ့အနေဖြင့် သုဝဏ္ဏမြေစည်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့် သဘောတူထားသည့်အတိုင်း ခနောက်စိမ်းကျောက်များဝယ်ယူသည့်ဈေးကွက်သို့ သွားရောက်ရောင်းချပြီးနောက် ရောင်းရငွေများကို ပုံမှန်စာရင်းရှင်းလင်းပေးခြင်းမရှိဘဲ သတ္တုတူးဖော်ရေးလုပ်ငန်းအတွက် လိုအပ်သလောက်ကိုသာ ထုတ်ပေးပြီး၊ ကျန်ငွေများအား ရှင်းလင်းမပေးသည့်အတွက် သုဝဏ္ဏမြေစည်ကုမ္ပဏီနှင့် ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့အကြား ရရန်၊ ပေးရန် ရှိသည်များ စာရင်းရှင်းလင်းရန် ကျန်ရှိနေပါသည်။

၁၁-၈-၂၀၁၂ ရက်တွင် ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်နှင့် ဦးမင်းဇော်၊ ဒေါ်သန်းညိုတို့ နှစ်ဦးနှစ်ဖက်မှ ယခင်ချုပ်ဆိုထားသည့် ၁၅-၈-၂၀၁၁ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်နှင့် ၉-၁၀-၂၀၁၁ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်တို့ကို ပြန်လည်ဖျက်သိမ်းကြောင်း ထပ်မံစာချုပ်ပြုလုပ်၍ ဒေါ်နန်းကွယ်ဖောင်းနှင့် ဦးစိုင်းရွက်တို့အား ဒေါ်သန်းညို၊ ဦးမင်းဇော်တို့က ငွေကျပ်သိန်း(၄၅၀၀)ကို ၁၁-၉-၂၀၁၂ ရက်တွင် ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း သဘောတူဖော်ပြခဲ့သည့်အပြင် နှစ်ဖက်ပေးရန် ရရန်ရှိသည်များကို စာရင်းရှင်းလင်းကြရန် နှုတ်ဖြင့်သဘောတူခဲ့ကြပြီးဖြစ်သည်ကိုလည်း ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့အနေဖြင့် သိရှိခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့အဖွဲ့နှင့် သုဝဏ္ဏမြေစည်ကုမ္ပဏီတို့ပေးရန်ရရန်ရှိသည်များ စာရင်းရှင်းမည့်ကိစ္စကို ဒေါ်နန်းကွယ်ဖောင်းနှင့် ဦးစိုင်းရွက်တို့၏အစ်မဖြစ်သူဒေါ်နန်းစံပွင့်မ်းမှသိရှိသွားပြီး ၎င်းမှဒေါ်နန်းကွယ်ဖောင်းနှင့်ဦးစိုင်းရွက်တို့ အနေဖြင့် ခနောက်စိမ်းဝယ်ယူရန်ဟုဆိုကာ ဒေါ်နန်းစံပွင့်မ်းထံမှ ထုတ်ယူထားပါသည်ဆိုသည့် ငွေကျပ်သိန်း(၂၇၀၀)ကိုဒေါ်နန်းစံပွင့်မ်းမှ စာရင်းနှင့်တကွ ဦးမင်းဇော်ထံပေးပို့လာပြီး ၎င်း၏ငွေများကို ၎င်း၏မိတ်ဆွေ မဘဲဥထံအပ်ပေးရန် အကူအညီတောင်းခံသည့်စာအား ပေးပို့ခဲ့ပါသည်။

ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့အနေဖြင့် စာချုပ်ပါသတ်မှတ်ရက်ဖြစ်သော ၁၁-၉-၂၀၁၂ ရက်တွင် စာရင်းရှင်းလင်းရန် ရောက်ရှိလာခြင်းမရှိဘဲ ၁၃-၉-၂၀၁၂ ရက်တွင်မှ ရောက်ရှိလာပြီး ဘားအံမြို့၊ ဘီအိုစီကုန်းရှိ ဦးကျော်လွှမ်းမိုး နေအိမ်၌ လာရောက်စာရင်းရှင်းပေးရန် ပြောဆိုခဲ့မှုအပေါ် ဦးမင်းဇော်မှ မိမိတို့အိမ်(သို့မဟုတ်) ရှေ့နေအိမ်တွင် စာရင်းရှင်းရန် ခေါ်ခဲ့သော်လည်း ဒေါ်နန်းကွယ်ဖောင်းနှင့်ဦးစိုင်းရွက်တို့မှ ဟိုတယ်ဇွဲကပင်သို့ လာရောက်ရန် ခေါ်ခဲ့သဖြင့် ဒေါ်သန်းညိုမှ သွားရောက်ခဲ့ပြီး ငွေကျပ်သိန်း(၄၅၀၀)အား နေအိမ်တွင် စုပုံထားပြီးဖြစ်ကြောင်း၊ စာရင်းရှင်းမည်ဖြစ်ကြောင်းနှင့် ဒေါ်နန်းကွယ်ဖောင်းတို့၏ အစ်မ ဒေါ်နန်းစံပွင့်မ်းမှ ၎င်းနှင့်ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့ စာရင်းရှင်းရန်ရှိသည့် ငွေကျပ် သိန်း ၂၇၀၀ ကိုလည်း မိမိတို့ထံတောင်းခံလာသည့်အတွက် ဘယ်လိုလုပ်မလဲ၊ဒေါ်နန်းစံပွင့်မ်းနှင့် အရင်ရှင်းအုံးဟုပြောရာ ဦးစိုင်းရွက်မှ ကျွန်တော့်အစ်မနှင့် ကျွန်တော်ဖုန်းဆက်သွယ်၍အရင်ရှင်းလင်းပြောဆိုပြီး ဒေါ်သန်းညိုတို့ အိမ်လိုက်လာမည်ဟု ပြောဆိုသဖြင့် ဒေါ်သန်းညိုတို့မှာ အိမ်တွင်စောင့်ဆိုင်းခဲ့သော်လည်း ဒေါ်နန်းကွယ်ဖောင်းနှင့် ဦးစိုင်းရွက်တို့မှ မလာရောက်ခဲ့ကြောင်းကို ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့ အသိပင်ဖြစ်ပါသည်။

ဒေါ်သန်းညို၊ ဦးမင်းဇော်တို့အနေဖြင့် ငွေကျပ်သိန်း ၄၅၀၀နှင့်စပ်လျဉ်း၍ မပေးနိုင်ကြောင်း၊ စာရင်းမရှင်းပေးနိုင်ကြောင်း တစ်ကြိမ်တစ်ခါမျှ ပြောဆိုခဲ့ခြင်းမရှိဘဲ စာရင်းရှင်းပြီးပါက ရရန်၊ ပေးရန်ရှိသည်များကို ရှင်းလင်းပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါလျက် ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့မှ ဒေါ်သန်းညို၊ ဦးမင်းဇော်တို့ထံ လာရောက်စာရင်းရှင်းလင်းမယူဆောင်ဘဲ အဖွဲ့အစည်းများသို့ မဟုတ်မမှန်လုပ်ကြံတိုင်ကြားခြင်း ရှေ့နေမှတစ်ဆင့် နို့တစ်စာပေးပို့ခြင်း၊ ကြေးမုံသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့ခြင်းတို့ကြောင့် သုဝဏ္ဏမြေစည်ကုမ္ပဏီအနေဖြင့်လည်းကောင်း၊ ဦးမင်းဇော်၊ ဒေါ်သန်းညိုတို့အနေဖြင့်လည်းကောင်း ဂုဏ်သိက္ခာများစွာ ထိခိုက်နစ်နာနေရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နန်းကွယ်ဖောင်း၊ ဦးစိုင်းရွက်တို့အနေဖြင့် သုဝဏ္ဏမြေစည်ကုမ္ပဏီနှင့် ပေးရန် ရရန်ရှိသည်များကို စာရင်းလာရောက်ရှင်းလင်းပြီး ငွေများယူဆောင်နိုင်ပါကြောင်းနှင့် နောက်နောင် သုဝဏ္ဏမြေစည်ကုမ္ပဏီ၏ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေမည့် မဟုတ်မမှန် ဖော်ပြကြော်ငြာခြင်း၊ စွပ်စွဲပြောဆိုခြင်း၊ လက်နက်ကိုင်အဖွဲ့များထံ မဟုတ်မမှန်ဖော်ပြတိုင်ကြားမှုများ ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းအကြောင်းကြား သိစေအပ်ပါသည်။

ဒေါ်သန်းညိုနှင့်ဦးမင်းဇော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်ပု(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၇၉၄)
အမှတ်(၄/၇၉၀)၊သာယာကုန်း(၂)လမ်း၊ အမှတ်(၄)ရပ်ကွက်
ဘားအံမြို့၊ ဖုန်း-၀၉၄၉၇၇၂၃၉၅

ဦးအောင်ထူး (တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၂၀၅)
အမှတ်(၁၀၉၆)၊ မန်းအေးမြိုင်လမ်းသွယ်
အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့၊ ဖုန်း-၀၉၅၆၆၀၄၅၂

လှူဒါန်းနိုင်ကြပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်အတွင်းရှိ ပညာဝတီဆရာတော်ကြီး ဘဒ္ဒန္တပညာသီရိ၏ အဓိဋ္ဌာန်ဖြင့် တည်ထားကိုးကွယ်တော်မူသော ဓာတ်တော်ပေါင်း (၈၄၀၀၀)ကိန်းဝပ်ရာ ကမ္ဘာ့သယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်ပြီး လုံးတော်ပြည့်ရွှေသက်န်း ကပ်လှူလျက်ရှိရာ ရွှေမျက်ပါး ရွက်ရေ(၁၀၀)ပါ (၁)ဆိုင်းလျှင် (၄၅၀၀ဝိ/-)နှုန်းထားဖြင့်ဖြစ်စေ၊ မိမိတို့၏ စေတနာသဒ္ဓါတရား ထက်သန်သလောက်ဖြစ်စေ၊ သဒ္ဓါကြည်လင် ပါရမီရှင် ဘုရားဒကာ၊ ဘုရားဒကာမအပေါင်း သူတော်ကောင်းတို့အား အမြတ်မ်းကုသိုလ်တရားတိုးပွားစေရန် ရည်သန်ပြီး ဆက်သွယ်လာရောက်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အကျိုးဆောင်အဖွဲ့
ပညာဝတီရိပ်သာကျောင်းတိုက်
အနောက်ရန်ကင်း၊ ဆီဒိုးနားဟိုတယ်အနီး၊ (၅)ရပ်ကွက်၊ ရန်ကင်း
ဖုန်း-၅၄၅၇၁၀၊ ၅၄၄၆၈၁၊ ၅၅၀၂၇၃၊ ၅၅၉၃၅၇၊ ၅၅၀၂၇၄

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း
(MMEA TRAINING CENTRE)

၁။ မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း(MMEA TRAINING CENTRE)တွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိအမှတ်ပြုသင်တန်းဖြစ်သော အောက်ဖော်ပြပါ သင်တန်းအား IMO ၏ စံချိန်စံညွှန်းများနှင့်အညီ Sea Service ရှိ ဝါရင့် Chief Engineer နည်းပြဆရာများဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည့်အတွက် သင်တန်းသားများကို ဦးရာလူစနစ်ဖြင့် လက်ခံနေပြီဖြစ်ပါကြောင်း။

- * သင်တန်းအမည် - Pre-sea Engine -room Rating Course
- * သင်တန်းကာလ - (၁)လ
- * ပညာအရည်အချင်း - အခြေခံပညာအထက်တန်းအောင်ပြီး (BST-4 Ticket)လက်မှတ်ရှိရမည်။
- * သင်တန်းဖွင့်မည့်ရက် - ၁၈-၂-၂၀၁၃(တနင်္လာနေ့)
- * သင်တန်းသားဦးရေ - (၄၀)ဦး

၂။ သင်တန်းတက်ရောက်လိုသော သင်တန်းသားများသည် မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း (MMEA TRAINING CENTRE) အမှတ်(၁၅၂/၁၅၄)၊ ၄-လွှာ၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်းနံပါတ်-၀၉-၇၃၂၃၈၀၁၇၊ ၀၉-၄၉၇၆၂၁၇၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း

ကျေးဇူးဆပ်ပါမည်
ကျွန်မ မဖြူဖြူဝင်း မှတ်ပုံတင်အမှတ်[၁၂/လမန(နိုင်)၁၅၄၆၁၇] ကိုင်ဆောင်ထားသော Pass Port A-457172 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၄၃၁၂၅၇၉၆

G L အဆင့်မြင့်ခရီးသွားလုပ်ငန်း

*တောင်ကြီး၊အင်းလေး၊ပင်းတယ	(150000)	Feb 8/22
*ကသဿပ၊မုံရွာ၊စစ်ကိုင်း၊မန္တလေး	(110000)	Feb 8/22
*ကျိုက်ထီးရိုး/ နေပြည်တော်/ ပဲခူး(နေ့ချင်းပြန်)		Feb 11/12
*မန်းရွှေစက်တော် (ဖွင့်ပွဲ)	(45000)	Feb 13/14
*ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊ပခုက္ကူ	(130000)	Feb 13/22
*ချင်းပြည်နယ်ဓနု(နတ်မတောင်)	(200000)	Feb 18
*ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်	(200000)	Feb 22
*ချောင်းသာ/ ငွေဆောင်(စရိတ်ငြိမ်း)	(80000)	နေ့စဉ်

0973040050, 0973040051, 0973040052, 095136466
098636466, 0973136466

တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်းညီအစ်ကိုများ၏ (၁၉)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

- နေရာ - တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)
- ရက်စွဲ - ၁၂-၂-၂၀၁၃ ရက်(ပြည်ထောင်စုနေ့)
- အချိန် - နံနက် ၆း၀၀ နာရီ

ပြိုင်ပွဲကျင်းပရေးအဖွဲ့

(၃) နှစ်ပြည့်မင်္ဂလာဆုတောင်း

မောင်ဖြိုးပြည့်အောင် နှင့် မနန်းမျိုးမျိုးအိတို့၏ ၆.၂.၂၀၁၃တွင် ကျရောက်သော "၃" နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် သာယာချမ်းမြေ့ပြီးလိုတရတဲ့ မိသားစုဘဝလေးကို ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်...

နှစ်ဖက်သောမိဘများ

NELC *Don't Worry, Just Speak!!!* *Nelson English Language Centre*

- Pre-School (Age/ 3-5)
- Intro, Level 1 , 2, 3
- Listening & Speaking – 1, 2
- IELTS (Foundation)

Opening In Feb:

★မြေနီကုန်း- 01 516681, 523680, 526311 ★စမ်းချောင်း- 01 501947, 09 8612639
★ဗိုလ်အောင်ကျော်- 01 256516 ★ရန်ကင်း- 01 8550 728 ★မန္တလေး- 02 65852

ဆောင်း နွေ မိုး .. ရွှေစက်တော်ဖွင့်ပွဲသို့
09 448004288 , 09 448004289

ဆုံသစ္စာ
Ph: 0973174066
095504667

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၂၄)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီလ ၁၀ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်လှူဒါန်းနိုင်ပါသည်။

CORNERSTONE School of English
The firmer the cornerstone, the brighter your future.

SUMMER ENGLISH!
Let's study at CORNERSTONE!
- English 4 skills
- Cambridge Exam
(Starters, Movers, Flyers, KET, PET)

Special Discount in February

Ph :503074,095025559,0973039543.

ဦးညက်လွင်
B.Sc (Phy), M.Sc (Thesis)
(၁၈၆)၊ဆိပ်ကမ်းသာလမ်း(အလယ်)၊ ☎ 253205 09-510-8309

RIVER VIEW HOTEL
20% Discount
28.2.2013 ထိ
No.374, Strand Road, Botahtaung Tsp,
Yangon, Myanmar.
Tel : 95-01-296731, 95-01-297355

တစ်ဦးတည်းဖြစ်ကြောင်း
ပုလောမြို့နယ်၊ အရှေ့ဘက်ကျေးရွာနေ မစုစုလှိုင်[၆/ပလတ(နိုင်)၀၀၀၅၂၈]၏ ဖခင် ဦးစံမြင့်(ခ)ဦးစံသင်း[၆/ပလန(နိုင်)၀၁၆၄၈၈]သည် တစ်ဦးတည်းသာဖြစ်ကြောင်း။
ဦးစံမြင့်(ခ)ဦးစံသင်း

သင့်သွေးဖြင့် အသက်ကယ်ပါ

အမည်အမှတ်တံဆိပ်နှင့် စာတမ်းကိုတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၃၂၆)၊ တတိယထပ်(ဝဲ)တွင် နေထိုင်သော ဒေါ်မေမျိုးသော်[၁၀/မလန(နိုင်)၁၅၂၇၆၇]သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်နှင့် စာတမ်းအမှတ်အသားကို တစ်ဦးတည်း မူပိုင်ရှင်အဖြစ် မှတ်ပုံတင်အမှတ်-၄/၁၃၈၃၃/၂၀၁၂ ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် -၄/၁၃၈၃၃/၂၀၁၂

အထက်ပါ "မင်းရာဇာ" အမည်နှင့် "ဥပဒေရေးရာဝန်ဆောင်မှုလုပ်ငန်း" စာတမ်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဥပဒေရေးရာနှင့် စီးပွားရေးရာ အကြံဉာဏ်များပေးခြင်း၊ အချက်အလက်များ စုဆောင်းပေးခြင်းနှင့် ပုဂ္ဂလိကကုမ္ပဏီ၊ အသင်းအဖွဲ့နှင့် အများပြည်သူတို့ဆိုင်ရာဥပဒေရေးရာနှင့် စပ်လျဉ်းသည့် ဝန်ဆောင်မှုမှန်သမျှကို လုပ်ကိုင်ဆောင်ရွက်ရာ၌ ဖော်ပြသုံးစွဲလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ အခြေချရုံးခန်းဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါ အမည်အမှတ်တံဆိပ်၊ စာတမ်းအမှတ်အသားဖြင့် လုပ်ငန်းနှင့်ဆက်နွှယ်ပတ်သက်သည့် စာရွက်စာတမ်းအမျိုးမျိုးကို မီဒီယာအမျိုးမျိုးတို့၌ ထည့်သွင်း၊ သုံးစွဲ၊ ဖြန့်ချိ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ၌ပါ လိုအပ်သလို သုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါအမှတ်တံဆိပ်နှင့် စာတမ်းအမှတ်အသားကို မူပိုင်ရှင်၏ ခွင့်ပြုသဘောတူခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက် တုပ၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲစသည့် သုံးစွဲမှုမျိုး မပြုလုပ်မိစေရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသောင်းငွေ	**ဒေါ်ယဉ်ယဉ်အေး**	**ဦးဝင်းမောင်သန်း**
B.A(Law),LL.B	**B.A(Law),LL.B,LL.M**	**B.A(Law),LL.B**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**

မင်းရာဇာဥပဒေရေးရာဝန်ဆောင်မှုလုပ်ငန်း
၃၂၆၊ တတိယထပ်(ဝဲ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၆၉၀၉

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃၊ တရားမအထွေထွေမှုအမှတ်-၉

[ကွယ်လွန်သူ(မတ်တော်စပ်သူ) ဦးအေးဝင်း၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း]

ဌေးဌေးမြင့် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(ခ/၄၁၄)နေ ကွယ်လွန်သူ ဦးအေးဝင်း၏ မရီးဖြစ်သူ ဒေါ်ဌေးဌေးမြင့်က ကွယ်လွန်သူ (မတ်တော်စပ်သူ) ဦးအေးဝင်း စုဆောင်းကျန်ရှိရစ်သည့် စုဆောင်းငွေများအပေါ် အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်စာရလိုကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်း အများသူငါတို့ သိစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဦးအေးဝင်း ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်) နံနက် ၁၀ နာရီတွင် လက်ရောက်ကြရမည်။ ၎င်းနေ့တွင် လျှောက်ထားသူ ဒေါ်ဌေးဌေးမြင့်၏လျှောက်ထားချက်ကို ကြားနာ၍ အမွေဆက်ခံခွင့် လက်မှတ်စာ ရသင့်၊ မရသင့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝိလ်မာထွန်းခင်
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမွေဆက်ခံခွင့် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-(၂၂)

ကွယ်လွန်သူ ဦးမြင့်စိုး[၁၂/ကတတ(နိုင်) ၀၀၈၀၆၈]၏
ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

မသင်းသင်းစိုး -------- **လျှောက်ထားသူ**
[၁၂/ကတတ(နိုင်)၀၂၉၆၆၃]

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၄-လမ်း၊ ပ-ထပ်(ယာ)၊ အမှတ်(၁၅၄)နေ မသင်းသင်းစိုးက ကွယ်လွန်သူ ဦးမြင့်စိုး၏ သမီးတော်စပ်သည်ဟူ၍ အထက်ပါ လိပ်စာနေ ကွယ်လွန်သူ ဦးမြင့်စိုးမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်ဆိုင်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမြင့်စိုးကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက် (၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ မသင်းသင်းစိုး၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေဆွေ)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး